The Mirror
Established in 1957
၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်၊ အင်္ဂါနေ့၊ (25-11-2014) (၈၀၃၅)

## နေ့ ည မကွာ မင်္ဂလာ

- ကလေးအရွယ် လိမ္မာနှင့်ပါမှ၊ ကြီးရင့်က လိမ္မာမည်။
- မလိမ္မာ ပြည်ထောင်စုကြွလျှင်၊ ကောင်းမှု မတည်။
- ကလေးတို့နေပြည်၊ တည်စေဖို့ စိတ်စော။
- နံနက်မင်္ဂလာနှင့်၊ နေ့မကွာ ညဥ့်ပါသုံးလို့ရယ်၊ ပြုံးကြစေသော။

မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ

# သိန်းနီမဟာမုနိဘုရားကြီး ရာပြည့်ပွဲတော်နှင့် ရှမ်းနှစ်သစ်ကူးကောက်သစ်စားပွဲတော်အခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၄

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် သိန်းနီမြို့(၃)ရပ်ကွက် ဟော်နန်းကုန်းမြေ၌ ကျင်းပသည့် သိန်းနီမဟာမုနိဘုရားကြီး ရာပြည့်ပွဲတော်နှင့် ၂၁၀၉ ခုနှစ် ရှမ်းနှစ်သစ်ကူးကောက်သစ်စားပွဲတော် အခမ်းအနားသို့ တက်ရောက်သည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း သိန်းနီမဟာမုနိဘုရားကြီး ရာပြည့်ပွဲတော်နှင့် ရှမ်းနှစ်သစ်ကူးကောက်သစ်စားပွဲတော်အထိမ်းအမှတ်ပြခန်းအား ကြည့်ရှုစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် ဦးစိုင်းအိုက်ပေါင်းတို့က သိန်းနီမဟာမုနိဘုရားကြီး ရာပြည့်ပွဲတော်နှင့် ၂၁၀၉ ခုနှစ် ရှမ်းနှစ်သစ်ကူးကောက်သစ်စားပွဲတော် အထိမ်းအမှတ်မုခ်ဦးအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အဆိုပါ ဟော်နန်းကုန်းမြေရှိ မင်္ဂလာမဏ္ဍပ်၌ ၂၁၀၉ ခုနှစ် ရှမ်းနှစ်သစ်ကူးအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက နှစ်သစ်ကူးမင်္ဂလာမိန့်ခွန်းပြောကြားသည်။ ထိုသို့ပြောကြားရာတွင် ပွဲတော်နှစ်ရပ်ကို တစ်ပြိုင်တည်း စုပေါင်းကျင်းပနိုင်ခြင်းသည် သိန်းနီမြို့ရှိ ပြည်သူများ၏ ကြိုးစားအားထုတ်မှုကြောင့် ကျင်းပနိုင်ခြင်း ဖြစ်သကဲ့သို့ ပြောင်းလဲလာသည့် ခေတ်သစ်စနစ်သစ်၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးအခြေအနေအရပ်ရပ်ကြောင့် စိတ်အေးချမ်းသာစွာဖြင့် ကျင်းပနိုင်ခြင်းဖြစ်ပါကြောင်း၊ ဥပဒေဘောင်အတွင်း၌ လွတ်လွတ်လပ်လပ်ဆောင်ရွက်လာနိုင်ခြင်း ဖြစ်ပါကြောင်း။

၂၀၁၁ ခုနှစ်မှစ၍ နိုင်ငံရေးစနစ်သစ် စတင်ပြောင်းလဲခဲ့ပြီး နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများကို ဆွေးနွေးပြောကြားသော်လည်း သိရှိသူ ရာခိုင်နှုန်းနည်းနေသေးသည်ကို တွေ့ရပါကြောင်း၊ နိုင်ငံရေးဟူသည် လူတစ်ဦး(သို့မဟုတ်) လူတစ်စုတို့က ပြည်သူများအတွင်း နေထိုင်ပြီး ပြည်သူကပေးသည့် လုပ်ပိုင်ခွင့်ကို ရအောင်ယူကာ အများနှင့်သက်ဆိုင်သည့်၊ နိုင်ငံတော်နှင့်သက်ဆိုင်သည့် မူဝါဒ၊ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုကြပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


# ရခိုင်ပြည်နယ် တစ်နံတစ်လျား ဒီဇင်ဘာတွင် မီးလင်းတော့မည်

သတင်းမှတ်စုနှင့်ဓာတ်ပုံ
ဇေယျာ(မိုင်ရာ)

မြန်မာနိုင်ငံ၏ အနောက်ဘက်တွင် တည်ရှိပြီး ပင်လယ်ကမ်းရိုးတန်းမြို့များ ပိုင်ဆိုင်သည့် ရခိုင်ပြည်နယ်တွင် အချိန်ကာလ မြောက်မြားစွာတိုင် မီးစက်ကြီးများမှဖြန့်ဖြူးသည့် လျှပ်စစ်ဓာတ်အားကို အသုံးပြုလျက်ရှိသည်။ များမကြာမီအချိန်တွင် လျှပ်စစ်စီမံကိန်းကြီးများမှ လျှပ်စစ်ဓာတ်အားများကို ရယူသုံးစွဲနိုင်တော့မည် ဖြစ်သည့်အတွက် ဝမ်းသာစရာပင် ဖြစ်သည်။

အဆိုပါမီးစက်ကြီးများမှ ဖြန့်ဖြူးသည့် လျှပ်စစ်ဓာတ်အားခမှာ ကြီးမြင့်သည့် စက်သုံးဆီဈေးနှင့်အတူ များစွာကုန်ကျလျက်ရှိသည်။ သို့ဖြစ်၍ မြို့ပေါ်တောရွာမကျန် နေထိုင်လျက်ရှိသည့် ပြည်သူများမှ မဖြစ်မနေ အသုံးလိုသူများသာ လျှပ်စစ်မီးကို သွယ်တန်းချိတ်ဆက်အသုံးပြုကြသည်။

စာမျက်နှာ ၈ ကော်လံ ၃ သို့ ❖



၂၃၀ ကေဗွီ ပုဏ္ဏားကျွန်းပင်မဓာတ်အားခွဲရုံအား တွေ့ရစဉ်။

## မာ တိ ကာ

နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ဆိုင်ရာ နည်းဥပဒေများ အမိန့်ကြော်ငြာစာထုတ်ပြန်
စာမျက်နှာ - ၂

မှတစ်ပါး အခြားမရှိတော့ပါပြီ
စာမျက်နှာ - ၆

အာဆီယံ-ဂျပန် လူငယ်အစီအစဉ် ချစ်ကြည်ရေး သင်္ဘောခရီးစဉ် ရန်ကုန်မြို့သို့ ရောက်ရှိမည်
စာမျက်နှာ - ၁၀



**ကြေးမုံစာတည်းရှေ့ထောင့် ၂၅-၁၁-၂၀၁၄၊ အင်္ဂါနေ့**

# ယုံကြည်မှုဖြင့် တည်ဆောက်

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားပေါင်းစုံ အေးအေးချမ်းချမ်း စုပေါင်းနေထိုင်လာခဲ့ကြသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံကို မြတ်နိုးဖွယ်ရာ သဘာဝအလှတရားများ၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုများဖြင့် ခြယ်မှုန်းထားသည်မှာလည်း ခင်တွယ် မြတ်နိုးဖွယ်အတိပင်ဖြစ်သည်။ ထိုသို့သော အေးချမ်းသာယာသည့် နှစ်လိုဖွယ်မြင်ကွင်းကို လူသားတို့၏ အာဃာတ အမုန်းတရားများကြောင့် အနိဋ္ဌာရုံမြင်ကွင်းများအဖြစ်သို့ မပြောင်းလဲသင့်ပေ။

တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ယုံကြည်ချက်၊ အတွေးအခေါ်၊ အယူအဆ သဘောထားမတိုက်ဆိုင်ကြသဖြင့် ပဋိပက္ခများ၊ စစ်ပွဲများဖြစ်ပွားခဲ့ရသည်။ ထိုအခါ ပြည်သူတချို့မြေစာပင်ဖြစ်ခဲ့ကြရသည်။ အိုးအိမ်စွန့်ခွာပြီး ဒုက္ခသည်များဘဝ ကျရောက်ခဲ့ရသည်။ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကိုပြန်ကြည့်လျှင် တစ်ဦးနှင့် တစ်ဦး သဘောထားအမြင်၊ ယုံကြည်မှု အားနည်းခြင်းကြောင့် ပဋိပက္ခများ၊ ဘေးဒုက္ခများနှင့် ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

ဤသည်ကို သာဓကယူ၍လည်းကောင်း၊ စစ်မက်ဖြစ်ပွားနေသည့် နိုင်ငံတချို့ကို ရှုမြင်၍လည်းကောင်း သင်ခန်းစာယူနိုင်ဖို့ဖြစ်သည်။ ယနေ့ ကမ္ဘာ့နိုင်ငံများတွင်လည်း ငြိမ်းချမ်း စွာအတူယှဉ်တွဲနေထိုင်ရေးမူကို ကျင့်သုံးပြီး အေးချမ်းတည်ငြိမ်သည့် ကမ္ဘာအဖြစ် ပုံဖော်လျက်ရှိသည်။ ယနေ့အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ အေးချမ်းတည်ငြိမ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ်သို့ ပုံဖော်ကြိုးပမ်းလျက်ရှိပါသည်။

ယနေ့အချိန်အထိ ကျန်ရှိနေသေးသော ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကို ဖြေရှင်းရန် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်များ ချုပ်ဆိုနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပနေသကဲ့သို့ ကျင်းပမှု၏ ရလဒ်ကောင်းများ ပေါ်ထွက်ခဲ့ပြီးဖြစ်ရာ တစ်ဖက်နှစ်တစ်ဖက် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ပြီး ကျန်ရှိနေသေးသည့် သံသယများကို ချေဖျက်ကြရမည်ဖြစ်ပါသည်။

တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုကို အရင်းခံတည်ဆောက်ရင်းဖြင့် နားလည်လက်ခံထားကြမှသာလျှင် မိမိတို့၏ တူညီသောပန်းတိုင်တစ်ခုသို့ အမှန်တကယ် ရောက်ရှိမည်ဖြစ်ပါသည်။ လူနှစ်ဦး ဘဝတစ်ခုတည်ဆောက်မည်ဆိုပါလျှင် တစ်ဦးအပေါ်တစ်ဦး အပြန်အလှန်ယုံကြည်မှု၊ နားလည်မှုများ တည် ဆောက်ထားမှသာလျှင် ခိုင်မြဲသည့်မိသားစုဘဝကို ပိုင်ဆိုင်နိုင် မည်ဖြစ်ပါသည်။ သို့သော် တစ်ဦးနှင့်တစ်ဦး သံသယအမြင်များဖြင့်သာ ကြည့်မည်ဆိုလျှင် သာယာချမ်းမြေ့သည့် မိသားစုဘဝလေးကို မပိုင်ဆိုင်ရသကဲ့သို့ နိုင်ငံတစ်နိုင်ငံအနေဖြင့်လည်း တည်ငြိမ်အေးချမ်း သည့်နိုင်ငံကို ရရှိလာနိုင်မည်မဟုတ်ပေ။

သို့ပါ၍ ကျွန်ုပ်တို့ရေ၊ ကျွန်ုပ်တို့မြေ၊ ကျွန်ုပ်တို့နိုင်ငံကြီး အစဉ်ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းတည်ငြိမ်နေစေရန် ပြည်တွင်းအဖျက်အမှောင့်လုပ်ရပ်များ၊သွေးထိုးလှုံ့ဆော်မှုများ၊ပဋိပက္ခများ မဖြစ်ပွားစေရန် သတိရှိရှိဖြင့် ဝိုင်းဝန်းကာကွယ်သွားကြရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ကာကွယ်ရန်မှာ တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှု၊နားလည်မှုများ၊ အပြန်အလှန် လေးစားမှုများဖြင့် တည်ဆောက်ရင်း ငြိမ်းချမ်းရေးတံခါးကြီးကိုဖွင့်ကြရမည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးကို အစဉ်ရှေးရှုလျက် ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းတိုင်ပင် အဖြေရှာကြရမည်။ တိုင်းရင်းသားအားလုံးက တူညီသောစိတ်ထားများဖြင့် လက်တွဲဆောင်ရွက်ကြရမည်ဟု ဆန္ဒပြုပါသည်။ ။

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌဦးကျော်သူသည် စင်ကာပူ သမ္မတနိုင်ငံ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်အရည်အသွေးပြည့်ဝသော ပြည်သူ့ဝန်ဆောင်မှုဖော်ဆောင်ရေး အပြည်ပြည်ဆိုင်ရာ ဗဟိုဌာန (UNDP-Global Centre for Public Service Excellence) ၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ စင်ကာပူနိုင်ငံ၌ ကျင်းပသည့် အရည်အသွေးပြည့်ဝသော ပြည်သူ့ဝန်ဆောင်မှုနှင့် ၂၀၁၅ ခုနှစ်အလွန် ရှေ့လုပ်ငန်းစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်ခဲ့ပြီး နိုဝင်ဘာ ၂၃ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် နိုဝင်ဘာ ၁၇ ရက်က စင်ကာပူနိုင်ငံ အရည်အသွေးပြည့်ဝသော ပြည်သူ့ဝန်ဆောင်မှု ဖော်ဆောင်ရေးဗဟိုဌာန ခန်းမဆောင်၌ ကျင်းပသည့် အရည်အသွေးပြည့်ဝသော ပြည်သူ့ဝန်ဆောင်မှုနှင့် ၂၀၁၅ ခုနှစ် အလွန်ရှေ့လုပ်ငန်းစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၌ စင်ကာပူနိုင်ငံ နိုင်ငံ့ဝန်ထမ်းများ၏ ဝန်ဆောင်မှုကဏ္ဍ ကောင်းမွန်မှုအပေါ် နမူနာပြု၍ ရေရှည်စီမံကိန်းအဖြစ် ဆောင်ရွက်နိုင်ရေး၊ ရှေ့လုပ်ငန်းစဉ်များတွင် ပြည်သူ့ဝန်ဆောင်မှုအဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ နိုင်ငံ့ဝန်ထမ်းကဏ္ဍ ပြုပြင်ပြောင်းလဲရာတွင် အောင်မြင်မှု၊ စိန်ခေါ်မှုများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နိုင်ငံ့ဝန်ထမ်းကဏ္ဍ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှု အခြေအနေများကို အမြင်ချင်းဖလှယ်၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုဝင်ဘာ ၁၈ ရက်တွင် ၂၀၃၀ ပြည့်နှစ်ကာလအထိ နိုင်ငံ့ဝန်ထမ်းများ၏ ဝန်ဆောင်မှုကဏ္ဍရှေ့လုပ်ငန်းစဉ်များအပေါ် ရှုထောင့်ခွဲ၍လေ့လာသုံးသပ်ခြင်းနှင့် စင်ကာပူနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းများကဏ္ဍပြုပြင်ပြောင်းလဲမှု ကူးပြောင်းကာလအခြေအနေဆောင်ရွက်နေမှုများကို စင်ကာပူနိုင်ငံ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများသို့ သွားရောက်လေ့လာခဲ့ကြသည်။

ဆက်လက်၍ နိုဝင်ဘာ ၁၉ ရက်တွင်ပြည်သူ့ဝန်ဆောင်မှုကဏ္ဍ အောင်မြင်စွာဆောင်ရွက်နိုင်ရေး လိုအပ်သော အချက်အလက်၊ အသိအမြင်၊ ဗဟုသုတနှင့်အခွင့်အလမ်းများ၊ ရှေ့လုပ်ငန်းစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၂၄**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၅၉၂၀၀ | - | ၆၆၀၁၀၀ |
| မန္တလေး | ရွှေဈေး | ၆၅၉၂၀၀ | - | ၆၆၀၁၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၃၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၈၁. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၈. ၉၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၁. ၅၉၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၉. ၈၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၇၅၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၇၉. ၈၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃. ၃၀၆ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၈၉၉. ၃၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၉၇. ၃၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

# နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာ နည်းဥပဒေများ အမိန့်ကြော်ငြာစာထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ (Permanent Residence System-PR) စနစ်အား အကောင်အထည်ဖော်နိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၄ ကို နိုဝင်ဘာလ ၁၈ ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

ယင်းအမိန့်ကြော်ငြာစာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ၁၉၄၇ ခုနှစ်၊ မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၁၆ ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်ဟူ၍ ဖော်ပြပါရှိသည်။

**(သတင်းစဉ်)**



**စာပေမြင့်မှ လူမျိုးတင့်မည်**



ပြည်တွင်းရေးရာ

☆ ရွှေဖုံးမှ

ယခုအခါ နိုင်ငံရေးပါတီများ အသီးသီးတည်ထောင်ကြပြီး ပြည်သူကပေးသည့် လုပ်ပိုင်ခွင့်ရရှိအောင် စည်းရုံးပြောဆိုလျက်ရှိကြပါကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံတွင် နိုင်ငံရေးပါတီပေါင်း ၆၀ ကျော်ရှိနေပြီဖြစ်ပါကြောင်း။

သိန်းနီမြို့တွင်လည်း နိုင်ငံရေးပါတီများရှိပါကြောင်း၊ နိုင်ငံရေးပါတီများက မိမိ၏ ပါတီအောင်နိုင်ရေးအတွက် ပြောဆိုစည်းရုံးကြမည်ဖြစ်သကဲ့သို့ ပြည်သူများဘက်ကလည်း မိမိနှစ်သက်ရာပါတီကို စိတ်ကြိုက်ရွေးချယ်ပိုင်ခွင့်ရှိနေပြီဖြစ်ပါကြောင်း၊ ဒီမိုကရေစီဆိုသည်မှာ ပြည်သူများ၏ ရွေးချယ်မှုသည် အဓိကဖြစ်သောကြောင့် ပြည်သူများဘက်က အရွေးမမှားရန် လိုအပ်ပါကြောင်း၊ မိမိရွေးချယ်သည့် ကိုယ်စားလှယ်သည် ဒေသအတွက် လုပ်ပေးနိုင်၊ ပြောဆိုပေးနိုင်မည့်သူမျိုး ဖြစ်၊ မဖြစ်၊ အရည်အချင်း ရှိ၊ မရှိ သေချာစိစစ်ပြီးမှသာ ရွေးချယ်ရမည်ဖြစ်ပါကြောင်း။

အရွေးခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအနေဖြင့်လည်း အရွေးမခံမီတွင် သေသေချာချာ စဉ်းစားသုံးသပ်ရန် လိုအပ်ပါကြောင်း၊ မိမိ၏ဆန္ဒ၊ မိမိ၏ဝါဒနှင့်မကိုက်ညီလျှင် အားလုံးနစ်နာမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးဆိုသည်မှာ ရယူခြင်းမဟုတ်၊ ပေးဆပ်ခြင်းသာဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင် အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဥပဒေပြုခြင်းမေးခွန်းများ မေးမြန်းခြင်းတို့ကို ဆောင်ရွက်ကြပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများကလည်း ပြန်လည်ဖြေကြားကြပါကြောင်း။

ဝန်ကြီးဌာနအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တစ်နိုင်ငံလုံး လုပ်ဆောင်နေသည်ကို မြင်တွေ့ရမည်ဖြစ်ပါကြောင်း၊ သို့သော် အစိုးရအနေဖြင့် လိုအပ်သည့် ငွေကြေးများ ရရှိရန်အတွက် စီမံကိန်းများရေးဆွဲပြီး ကုန်ကျမည့် ငွေကြေးပမာဏကို လွှတ်တော်သို့ တင်ပြရပါကြောင်း၊ လွှတ်တော်ကစိစစ်ပြီး တင်ပြသည့်စီမံကိန်း၊ လုပ်ငန်းများ သင့်သည်ဟုဆုံးဖြတ်မှ ရန်ပုံငွေကိုချပေးခြင်းဖြစ်ပါကြောင်း။

အစိုးရကအလုပ်လုပ်ပိုင်ခွင့်ရှိပြီး လွှတ်တော်က ငွေကြေးထိန်းချုပ်ပိုင်ခွင့်ရှိပါကြောင်း၊ ဤအဖွဲ့အစည်းနှစ်ရပ် တစ်ခုနှင့်တစ်ခု ညှိနှိုင်းထိန်းကျောင်းလုပ်ဆောင်ရသည်ကို သိစေချင်ပါကြောင်း၊ ဤသည်မှာ ဒီမိုကရေစီစနစ်တွင် ကျင့်သုံးရသည့်ပုံစံဖြစ်ပါကြောင်း၊ နိုင်ငံရေးသည် ဘာသာရပ်အားလုံးနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ပြီး အလွန်ကျယ်ပြန့်ပါကြောင်း၊ နိုင်ငံရေးဘာသာရပ်တွင် ပြည်သူများနှင့် အနီးစပ်ဆုံးသည် ရွေးကောက်ပွဲပင် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် လာမည့်ရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်များအား ရွေးချယ်ရာတွင် မိမိကိုယ်တိုင် နိုင်ငံရေးသဘောတရား နားလည်အောင်လေ့လာဆန်းစစ်ကြပြီး မိမိမြို့နယ်၊ ပြည်နယ်ကို အကျိုးပြုနိုင်မည့်သူနှင့် အကျိုးပြုနိုင်မည့်ပါတီ၊ အရည်အချင်းနှင့် ပြည့်စုံသည့်သူ၊ ပြည့်စုံသည့်ပါတီကို ရွေးချယ်နိုင်အောင် အဘက်ဘက်ကနီးနှော တိုင်ပင်ပြီး ရွေးချယ်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သိန်းနီမဟာမုနိဘုရားကြီးရာပြည့်ပွဲတော်နှင့် ၂၁၀၉ ခုနှစ်၊ ရှမ်းနှစ်သစ်ကူးကောက်သစ်စားပွဲတော်ဖြစ်မြောက်ရေးနာယက အဖွဲ့ဝင် ဦးစိုင်းထွန်းဖေက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး သိန်းနီမဟာမုနိဘုရားကြီး ရာပြည့်ပွဲတော်နှင့် ၂၁၀၉ ခုနှစ် ရှမ်းနှစ်သစ်ကူးကောက်သစ်စားပွဲတော် အထိမ်းအမှတ်ပြခန်း၊ သိန်းနီမြို့ ရွှေနန်းတော်ဟော်ကြီးသမိုင်းမော်ကွန်းနှင့် ရွှေနန်းတော်ကြီး ထိန်းသိမ်းပြုပြင်စောင့်ရှောက်ရေး သမိုင်းမော်ကွန်းတို့ကို လှည့်လည်ကြည့်ရှုပြီး နှစ်တစ်ရာပြည့်အထိမ်းအမှတ်အဖြစ် သခွတ်ပင်ကိုစိုက်ပျိုးပေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် မဟာမုနိဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တနာရိန္ဒ အမှူးပြုတော်မူသော ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ဒုတိယသမ္မတသည် သိန်းနီမြို့ ပြည်သူ့ဆေးရုံ၌ကျင်းပသည့် လူနာတင်ယာဉ်ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ပြီး လူနာတင်ယာဉ်များအား ကြည့်ရှုစစ်ဆေးသည်။

အခမ်းအနားတွင် နယူးစတားလိုက် ဆောက်လုပ်ရေးကုမ္ပဏီ ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက လူနာတင်ယာဉ်နှစ်စီးနှင့် သက်ဆိုင်သည့်စာရွက်စာတမ်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦးထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတအား ရှင်းလင်းဆောင်၌ ဦးကျော်ကျော်ဝင်းက လူနာတင်ယာဉ်များ လှူဒါန်းရခြင်းကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဝင်းမြင့်က သိန်းနီပြည်သူ့ဆေးရုံအား ခုတင်(၅၀)ဆံ့ ဆေးရုံအဆင့် တိုးမြှင့်ပေးသွားနိုင်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများနှင့် အရန်သားဖွားနှင့် သူနာပြုသင်တန်းသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် လားရှိုးမြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာလာရာ ညနေ ၃ နာရီတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း သိန်းနီမဟာမုနိဘုရားကြီး ရာပြည့်ပွဲတော်နှင့် ရှမ်းနှစ်သစ်ကူးကောက်သစ်စားပွဲတော် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)


## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်


ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် စာနယ်ဇင်းများ၏ ရေးသားချက်များအပေါ် တိုင်ကြားမှု၊ ဝေဖန်ထောက်ပြမှုများကို လက်ခံရရှိပါက မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ဖြေရှင်းပေးနိုင်ရန်အတွက် လွှဲပြောင်းပေးပို့ခဲ့ပါသည်။


သို့သော်လည်း မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)၏ အငြင်းပွားမှုနှင့်တိုင်ကြားမှုများ ညှိနှိုင်းဖြေရှင်းရေးကော်မတီက သတင်းမီဒီယာများတွင် ပုဂ္ဂိုလ်ရေး ဂုဏ်သိက္ခာထိခိုက်စေသော ကျင့်ဝတ်နှင့်မညီ ရေးသားဖော်ပြချက်များရှိလာပါက နစ်နာသူကာယကံရှင် လူပုဂ္ဂိုလ်(သို့မဟုတ်)အဖွဲ့အစည်းတို့က ကောင်စီသို့ တိုက်ရိုက်တိုင်ကြားမှုများကိုသာ လက်ခံဖြေရှင်းပေးပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနသို့ နစ်နာသူများ၏ တိုင်ကြားစာများရောက်ရှိလာပါက မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)ထံသို့ တိုက်ရိုက်တိုင်ကြားနိုင်ကြောင်း အကြံပြုပေးပါရန် မေတ္တာရပ်ခံလာပါသည်။

သို့ဖြစ်ပါ၍ ပုဂ္ဂလိကစာနယ်ဇင်းများ၏ ရေးသားချက်များ၊ စာနယ်ဇင်းသမားများ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဝေဖန်ထောက်ပြခြင်း၊ တိုင်ကြားခြင်းများကို မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)သို့ တိုက်ရိုက်တိုင်ကြားခြင်း(သို့မဟုတ်)ကာယကံရှင်က ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ သတင်းမီဒီယာဥပဒေနှင့် အခြားတည်ဆဲဥပဒေများနှင့်အညီ တရားဥပဒေ၏ အဆုံးအဖြတ်ရယူခြင်းတို့ကိုသာ ဆောင်ရွက်ပါရန် အသိပေးအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## နာဂါနိုငလျင် ပျက်စီးဆုံးရှုံးမှုများ ဂျပန်ဝန်ကြီးချုပ်အာဘေး သွားရောက်စစ်ဆေး

**နာဂါနို နိုဝင်ဘာ ၂၄**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် တနင်္လာနေ့က ပြင်းထန်သောငလျင်ဒဏ်ခံစားခဲ့ရသည့် ဂျပန်နိုင်ငံအလယ်ပိုင်း နာဂါနိုခရိုင်၏ မြောက်ပိုင်းဒေသသို့ သွားရောက်ပြီး ပျက်စီးဆုံးရှုံးမှုများကို စစ်ဆေးခဲ့သည်။ အဆိုပါ ငလျင်ကြောင့် လူ ၄၁ ဦးဒဏ်ရာရရှိခဲ့ပြီး အိမ် ၅၄ လုံး ပျက်စီးခဲ့သည်။

ဂျပန်ဝန်ကြီးချုပ်သည် အဆိုပါဒေသရှိ ဒေသခံပြည်သူများအားတွေ့ဆုံ၍ အစိုးရအနေဖြင့် နေအိမ်များပြန်လည်တည်ဆောက်ရေးအတွက် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ရာသီဥတုမှာ ပိုမို၍အေးလာသဖြင့် ၎င်းအချက်ကို ဂရုစိုက်၍လုပ်ဆောင်ပေးမည်ဟု သတင်းထောက်များအား ငလျင်အပျက်အစီးများကို စစ်ဆေးပြီးနောက် ဝန်ကြီးချုပ်က ပြောကြားလိုက်သည်။

တနင်္ဂနွေနေ့က ဂျပန်အစိုးရ ငလျင်သုတေသနကော်မတီ၏ ထုတ်ပြန်ချက်အရ နာဂါနိုငလျင်သည် ကာမိရှီရိုပြတ်ရွေ့ကြောင်း၏ လှုပ်ရှားမှုများကြောင့် ဖြစ်လာရကြောင်း ထုတ်ပြန်ခဲ့သည်။ **(ကျိုဒို)**



## ထိုင်းဝန်ကြီးချုပ်ဟောင်း ရင်လပ် နိုင်ငံရေးလောကသို့ ပြန်လာမည်

**ဘန်ကောက် နိုဝင်ဘာ ၂၄**

ထိုင်းဝန်ကြီးချုပ်ဟောင်း ရင်လပ်ရှင်နာဝပ်ထရာက ၂၀၁၆ ခုနှစ်တွင်ကျင်းပမည့် ပါတီစုံရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရမည်ဆိုလျှင် နိုင်ငံရေးလောကထဲသို့ ပြန်လည်ဝင်ရောက်လိမ့်မည်ဖြစ်ကြောင်း အင်တာဗျူးတစ်ခုတွင် ဖြေကြားခဲ့ကြောင်းသိရသည်။

အာဏာသိမ်းခံရပြီးနောက် ပထမအကြိမ်မြောက် အင်တာဗျူးတစ်ခုတွင် သူ့အနေဖြင့် အစ်ကို သက်ဆင်ရှင်နာဝပ်ထရာကဲ့သို့ စစ်တပ်၏အာဏာသိမ်းပိုက်ခြင်းကို ခံရလိမ့်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရာထူးဖြင့် စတင်တာဝန်ထမ်းဆောင်သည့်နေ့ကတည်းက သိရှိခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ရင်လပ်သည် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်နေစဉ်အတွင်း နိုင်ငံ့ဘဏ္ဍာငွေ ဘတ် ၆၀၀ ဘီလီယံကုန်ကျခဲ့သည်ဟု စွပ်စွဲခြင်းခံခဲ့ရသည့် ဆန်ထောက်ပံ့ကြေးပေးမည့် အစီအစဉ်တစ်ခုကို အကောင်အထည်ဖော်ရန် စီစဉ်ခဲ့သည်။ ရင်လပ်သည် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုဖြင့်တရားရုံးတွင် တရားရင်ဆိုင်နေရသည်။ **(ဆင်ဟွာ)**



## အီဘိုလာရောဂါတိုက်ဖျက်ရေးတွင် စက်ရုပ်များအသုံးပြုရန် အမေရိကန်စစ်ဘက်စီစဉ်

**ဝါရှင်တန် နိုဝင်ဘာ ၂၄**

အမေရိကန်စစ်ဘက်က အီဘိုလာရောဂါပိုးတိုက်ဖျက်ရာတွင် မိနစ်ပိုင်းအတွင်း ခရမ်းလွန်ရောင်ခြည်ဖြင့် ရောဂါပိုးသတ်နိုင်သော လေးဘီးတပ်စက်ရုပ်တစ်မျိုးကို ထည့်သွင်းအသုံးပြုသွားရန် စီစဉ်လျက်ရှိသည်။

စတားဝါးစ်ရုပ်ရှင်ကားထဲမှ R2D2 စက်ရုပ်များသည် အမေရိကန် စစ်ဘက်ဆိုင်ရာဆေးဌာနသုံးခုနှင့် အမေရိကန်ဆေးရုံ ၂၅၀ တွင် ရောဂါဖြစ်ပွားစေသော ပစ္စည်းများကို အမြစ်ပြတ်ချေမှုန်းဖျက်ဆီးရာတွင် အသုံးပြုထားပုံကို ရိုက်ကူးထားသည်။

“အခုကျွန်တော်တို့ရဲ့ အီဘိုလာရောဂါတိုက်ဖျက်ရေး မဟာဗျူဟာမှာ အဲဒီလိုစက်ရုပ်တွေရဲ့ အခန်းကဏ္ဍ ပါဝင်လာပါပြီ။ ဒါပေမယ့် ကူးစက်ရောဂါတိုက်ဖျက်ရေးနဲ့ ဆက်နွှယ်နေတဲ့ ဆေးရုံတွေမှာပဲ အသုံးပြုသွားမှာပါ” ဟု လန်ဂျလီ လေတပ်အခြေစိုက်စခန်း ပြောရေးဆိုခွင့်ရှိသူ အယ်လ်တန် ဒွန်ဟမ်က ပြောကြားသည်။

ရောဂါပိုးသတ်နိုင်စွမ်းရှိသော စက်ရုပ်များသည် အနောက်အာဖရိကတွင် ဖြစ်ပွားနေသော အီဘိုလာရောဂါတိုက်ဖျက်ရေးတွင် မည်မျှအရေးပါသည့် အလိုအလျောက်စက်ကိရိယာများဖြစ်သည်ကို နမူနာပြရုံသာဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ယခုလအတွင်း အမေရိကန်နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်များ၊ သိပ္ပံပညာရှင်များနှင့် အကူအညီပေးရေးလုပ်သားများ ပူးပေါင်းပြုလုပ်သော ဆွေးနွေးပွဲတစ်ခုတွင် ရောဂါပိုးကြောင့် သေဆုံးသွားသည့် ရုပ်အလောင်းများ၊ အညစ်အကြေးများကို ဖယ်ရှားပေးရာတွင် စက်ရုပ်များက အသုံးဝင်မည်ဟု ကောက်ချက်ချခဲ့ကြပြီး ကျန်းမာရေးလုပ်သားများအတွက် အထောက်အကူရရှိစေမည်ဟုဆိုသည်။ **(အေပီ)**

## အိုင်အက်စ်အဖွဲ့၏ ဖြားယောင်းမှုကြောင့် ဂျာမနီနိုင်ငံသား ၅၅၀ ခန့် တိုက်ခိုက်မှုတွင် ပါဝင်ခဲ့

**ဘာလင် နိုဝင်ဘာ ၂၄**

အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့(အိုင်အက်စ်)၏ သွေးဆောင်ဖြားယောင်းမှုကြောင့် ဂျာမနီနိုင်ငံသားဦးရေ ၅၅၀ ခန့်မှာ ၎င်းတို့နှင့်အတူ တိုက်ခိုက်မှုများ၌ ပူးပေါင်းပါဝင်ခဲ့ပြီး ဆီးရီးယားနှင့် အီရတ်နိုင်ငံများအတွင်း၌ တိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း၊ ၎င်းတို့အနက် ၁၈၀ ခန့်မှာ မူရင်းနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း ဂျာမနီပြည်တွင်းထောက်လှမ်းရေးအဖွဲ့က နိုဝင်ဘာ ၂၃ ရက်တွင် သတင်းစာတွေ့ဆုံမေးမြန်းခန်း၌ ပြောကြားခဲ့သည်။

အိုင်အက်စ်နှင့် ပူးပေါင်းတိုက်ခိုက်ရန် ဂျာမနီနိုင်ငံအတွင်းမှ ထွက်ခွာသွားသူဦးရေမှာ လွန်ခဲ့သည့်ခြောက်လအတွင်းက အမြင့်ဆုံးအရေအတွက်ရှိခဲ့ပြီး ၎င်းအတွက် မိမိတို့အနေဖြင့် စိုးရိမ်ပူပန်မှုများ မြင့်တက်ရကြောင်း ယင်းအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဂျာမနီနိုင်ငံတွင်းမှ ထွက်ခွာသွားသူဦးရေကို ရေတွက်နိုင်သော်လည်း ၎င်းအရေအတွက် ၅၅၀ ထဲမှ ဆီးရီးယားနှင့် အီရတ်နိုင်ငံများအတွင်းသို့ ဝင်ရောက်သွားသူအရေအတွက်ကိုမူ မသိရှိနိုင်ကြောင်း ၎င်းက ပြောကြားသည်။

ယခင်က စုဆောင်းရရှိသော အရေအတွက်အရ လူဦးရေ ၄၅၀ ခန့်ရှိသော ဂျာမနီနိုင်ငံသားများအနက် ၆၀ ဝန်းကျင်မှာ တိုက်ပွဲများအတွင်း သေဆုံးသွားပြီဟုသိရပြီး သေဆုံးသူများအနက် ကိုးဦးမှာ အသေခံဗုံးခွဲတိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း သိရသည်ဟု ၎င်းက ပြောဆိုသည်။

ဂျာမန် ထောက်လှမ်းရေးအဖွဲ့၏အဆိုအရ ခန့်မှန်းခြေဦးရေ ၁၈၀ ခန့်ရှိသော ဂျာမနီနိုင်ငံသားများသည် ဆီးရီးယားနှင့် အီရတ်နိုင်ငံများ၌ တိုက်ပွဲများ ဆင်နွှဲပြီးနောက် ဂျာမနီနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြသည်ဟု ဆိုသည်။ **(ဘီဘီစီ)**

## အာဖဂန်နစ္စတန်နိုင်ငံ ဘော်လီဘောပြိုင်ပွဲတွင် အသေခံဗုံးဖောက်ခွဲမှုဖြစ်၊ ၅၇ ဦးသေ၊ ၆၀ ဒဏ်ရာရ

**ကဘူး နိုဝင်ဘာ ၂၄**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူး၏အရှေ့ပိုင်း ပတ်တီကာစီရင်စုတွင် ယမန်နေ့က ကျင်းပခဲ့သော ဘော်လီဘောပြိုင်ပွဲတစ်ခု၌ အသေခံဗုံးဖောက်ခွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၅၇ဦးသေဆုံးခဲ့ပြီး လူအများအပြား ဒဏ်ရာရခဲ့ကြောင်း သတင်းများအရသိရသည်။

ပါလီမန်က အမေရိကန်နှင့်နေတိုးအဖွဲ့များအား ယခုနှစ်ကုန်ပိုင်းအလွန်ထိ နိုင်ငံအတွင်း ဆက်လက်ထားရှိမည်ကို သဘောတူလိုက်ပြီး မရှေးမနှောင်းအချိန်တွင် ယင်းဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအနက် အများအပြားသည် စိုးရိမ်ဖွယ်အခြေအနေတွင်ရှိကြောင်း ပတ်တီကာခရိုင် အုပ်ချုပ်ရေးမှူး၏ ပြောရေးဆိုခွင့်ရှိသူ မော်လစ်အာဖဂန်က ဆိုသည်။ ဗုံးမပေါက်ကွဲမီအချိန်တွင် ဘော်လီဘောပြိုင်ပွဲကို လာရောက်ကြည့်ရှုသောပရိသတ်များဖြင့်စည်ကားနေသည်ဟု ၎င်းကဆိုသည်။

ပတ်တီကာစီရင်စုရှိ ရှာရန်ဆေးရုံမှ ဒေါက်တာနာဆက်ပ်အာမက်က ဗုံးပေါက်ကွဲမှုကြောင့် ဆေးရုံသို့ရောက်ရှိလာသော ထိခိုက်ဒဏ်ရာရလူကြီး ၆၀ နှင့် ကလေး ၂၀ တို့ရှိကြောင်း ပြောသည်။

ဘော်လီဘောအားကစားသည် အာဖဂန်နစ္စတန်တွင် ကလေး၊လူကြီးကြိုက်နှစ်သက်သော ကစားနည်းတစ်ခုဖြစ်သောကြောင့် ဘော်လီဘောအားကစားပွဲများသည် ဗုံးဖောက်ခွဲသူတို့အတွက် အဓိကပစ်မှတ်ထားသော နေရာများလည်းဖြစ်သည်။ ထို့ပြင် ဖောက်ခွဲရေးသမားများအနေဖြင့် ယင်းသို့သောပွဲများတွင် လုံခြုံရေးရဲအရာရှိများလည်းပါဝင်သောကြောင့် ပိုပြီးပစ်မှတ်ထားနိုင်သော နေရာများဖြစ်သည်။ ပတ်တီကာဒေသသည် အာဖဂန်နစ္စတန်နိုင်ငံ၏ တာလီဘန်များနှင့် ဟာကာနီစစ်သွေးကြွများ ထကြွသောင်းကျန်းသောနေရာများအနက် တစ်ခုဖြစ်သည်။ ဟက်ကာနီစစ်သွေးကြွများသည် လူငယ်များအား အသေခံဗုံးခွဲတိုက်ခိုက်ရန် ပုံမှန်တိုက်တွန်းနှိုးဆော်ပေးသောကြောင့် ယခုဗုံးဖောက်ခွဲမှုသည် ဟက်ကာနီများ၏ လုပ်ဆောင်ချက်ဖြစ်ကြောင်း ခန့်မှန်းရသည်။ **(ရိုက်တာ)**



**အသေခံဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ကလေးငယ်။**

## အင်တာနက်ကွန်ရက်အပြန်အလှန် ချိတ်ဆက်မှုမြှင့်တင်ရေး နိုင်ငံတကာညီလာခံတွင် ကိုယ်စားလှယ်များတိုက်တွန်း

**ပေကျင်း နိုဝင်ဘာ ၂၄**

ကမ္ဘာ့နိုင်ငံများအတွင်း အင်တာနက်ကွန်ရက်အရ အပြန်အလှန် ချိတ်ဆက်နိုင်မှု မြှင့်တင်နိုင်ရေးအတွက် ကြိုးပမ်းကြရန် တရုတ်နိုင်ငံ ဝူရှန်းမြို့၌ကျင်းပသော ပထမအကြိမ် နိုင်ငံတကာအင်တာနက်ညီလာခံတွင် ကိုယ်စားလှယ်များက တိုက်တွန်းလိုက်ကြသည်။

တရုတ်နိုင်ငံသည် အင်တာနက်နည်းပညာနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရန် အသင့်ရှိကြောင်း၊ အင်တာနက်နည်းပညာကို အသုံးပြုရာတွင် တစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးမှုကို အခြားတစ်နိုင်ငံက အသိအမှတ်ပြုရန် လိုအပ်မည်ဖြစ်ကြောင်း အဆိုပါညီလာခံသို့ တရုတ်သမ္မတရှီကျင့်ဖျင်က ပေးပို့သောသဝဏ်လွှာတွင် ဖော်ပြသည်။ကမ္ဘာ့ကွန်ပျူတာကွန်ရက်လုံခြုံရေးနှင့် တည်ငြိမ်မှုရှိရေးတို့အတွက် နိုင်ငံများအတွင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ကြရန် တရုတ်နိုင်ငံက တိုက်တွန်းကြောင်း အဆိုပါသဝဏ်လွှာတွင် ဖော်ပြထားသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံနှင့်ဒေသကြီး ၄၀ ကျော်က ကမ္ဘာ့ကွန်ပျူတာကွန်ရက် လုံခြုံရေးဆိုင်ရာ မဟာဗျူဟာများကို ထုတ်ပြန်ကြေညာခဲ့ကြပြီးဖြစ်သည်။

ကမ္ဘာ့ကွန်ပျူတာကွန်ရက်ကို စစ်မျက်နှာပြင်အဖြစ်သို့ ပြောင်းလဲမှုမပြုကြရန် တရုတ်နိုင်ငံက လိုလားကြောင်း၊ ကုလသမဂ္ဂ၏မူဘောင်နှင့်အညီ နိုင်ငံတကာဥပဒေစည်းမျဉ်းများအရ အင်တာနက်နည်းပညာကို ငြိမ်းချမ်းသော ရည်ရွယ်ချက်များအတွက် အသုံးပြုကြရန် လိုအပ်မည်ဖြစ်ကြောင်း တရုတ်သမ္မတ၏ သဝဏ်လွှာတွင် ဆက်လက်ဖော်ပြထားသည်။ နိုင်ငံတကာအင်တာနက်ညီလာခံသို့ နိုင်ငံပေါင်း ၁၀၀ ကျော်မှ အင်တာနက်နည်းပညာရှင်များ၊ အစိုးရတာဝန်ရှိသူများနှင့် ကျွမ်းကျင်သူပညာရှင်များဖြစ်သည့် ကိုယ်စားလှယ် ၁၀၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ **(ဆင်ဟွာ)**



# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် (၁၅)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး 15th ASEAN Chiefs of Army Multilateral Meeting (ACAMM-15)နှင့် (၂၄) ကြိမ်မြောက် အာဆီယံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ 24th ASEAN Armies Rifle Meet (24th AARM) ပိတ်ပွဲအခမ်းအနား တက်ရောက်ရန်အတွက် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်နှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(ဓါတ်ပုံ)**

အဆိုပါခရီးစဉ်တွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူများ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# တပ်မတော်အတွင်းမှ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား ပြန်လည်နုတ်ထွက်ခွင့်ပြု၍ မိဘများထံ လွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) နှင့် မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးအစီရင်ခံစာတင်ပြရေးလုပ်ငန်းအဖွဲ့တို့၏ အစီအမံဖြင့် တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အလိုက် အသေးစိတ်စိစစ်နုတ်ထွက်ခွင့်ပြုလျက်ရှိရာ လူဦးရေ ၈၀ စိစစ်တွေ့ရှိခဲ့ပြီး စိစစ်ဖော်ထုတ်ရရှိသော အရွယ်မရောက်သေးသူ ကလေးသူငယ်များအား ၎င်းတို့၏ မိဘများထံ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ကျင်းပသည်။

ရှေးဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) တပ်အင်အားဖြည့်တင်းရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးဗိုလ်မှူးချုပ်တောက်ထွန်းနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Bertrand တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် တပ်မတော်မှ နုတ်ထွက်ခွင့်ပြုသည့် လက်မှတ်နှင့် (၁၀)နှစ်မှ (၁၈)နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တာဝန်ရှိသူတို့က ပေးအပ်ခဲ့ပြီး ကလေးများအား မိဘ(သို့မဟုတ်) အုပ်ထိန်းသူတို့ထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အခမ်းအနားပြီးနောက် ကလေးများနှင့် မိဘများကို မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံစာတင်ပြရေးလုပ်ငန်းအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ စီစဉ်သော ကြားကာလ ပြုစုစောင့်ရှောက်ရေးစခန်းသို့ တပ်မတော်မှ ပို့ဆောင်ပေးခဲ့ပြီး ထိုစခန်းတွင် မိဘများနှင့် အဆက်အသွယ်မရရှိသေးပါက ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးဆေးဝါးကုသရန် လိုအပ်မှုရှိ၊ မရှိစစ်ဆေး၍ လိုအပ်က ဆေးဝါးကုသမှုခံယူစေခြင်း၊ ကျောင်းပြန်တက်ရန်ဆန္ဒရှိပါက ကျောင်းပြန်တက်ရန်၊ ကျောင်းပြင်ပ ပညာသင်ကြားရန်၊ အလုပ်လုပ်ကိုင်ရန် ဆန္ဒရှိပါက မျှတသောအလုပ်အကိုင်ရရှိနိုင်ရန်၊ လိုအပ်သည့် ကျွမ်းကျင်မှုများသင်ယူရန် ဖြစ်နိုင်ခြေများ ဆန်းစစ်ခြင်းနှင့် လက်ငင်းအသုံးပြုရန် အခြေခံပစ္စည်းများ ဝေငှခြင်း၊ အိမ်အပြန်ခရီးစရိတ်နှင့် စားစရိတ်စီစဉ်ပေးခြင်းများ ဆောင်ရွက်ပေးမည် ဖြစ်သည်။

အလားတူ မိဘများထံလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အဆိုပါ အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ရန်ကုန်)၌ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် ၄၂ ဦးအား ပထမအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ၂၄ ဦးအား ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဇူလိုင် ၇ ရက်တွင် ၄၂ ဦးအား တတိယအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ၉၆ ဦးအား ပဉ္စမအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ် ဩဂုတ် ၁ ရက်တွင် ၉၁ ဦးအား ဆဋ္ဌမအကြိမ်အဖြစ်လည်းကောင်း၊ ရန်ကုန်မြို့ မြဝတီစာပေတိုက်ခန်းမ၌ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် ၁၀၉ ဦးအား သတ္တမအကြိမ်အဖြစ်လည်းကောင်း လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအကြိမ်သည် အဋ္ဌမအကြိမ်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်တွင် ၁၈ လတာ လုပ်ငန်းစီမံချက်ကို (UNCTFNR) နှင့် လက်မှတ်ရေးထိုးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းစီမံချက် သက်တမ်းအား ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပထမအကြိမ်ခြောက်လ၊ ၂၀၁၄ ခုနှစ် ဇွန် ၂၈ ရက်တွင် ဒုတိယအကြိမ် ခြောက်လ သက်တမ်းတိုးမြှင့်လုပ်ဆောင်ခဲ့သည်။

တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်စစ်သည်များ တပ်မတော်အတွင်း၌ လုံးဝမကျန်ရှိစေရန် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်သည်။ တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား လုံးဝစုဆောင်းခြင်း မပြုရန်နှင့် အကြောင်းအမျိုးမျိုးဖြင့် မှားယွင်းစုဆောင်းခဲ့သူများ ရှိပါကလည်း အမြန်ဆုံးထွက်ခွင့်ပြုရန် စိစစ်ဆောင်ရွက်လျက် ရှိသည့်အပြင် တာဝန်ရှိသူများကိုလည်း စစ်စည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိရာ တာဝန်ရှိသူအရာရှိ ၄၈ ဦးနှင့် စစ်သည် ၂၇၁ ဦး စုစုပေါင်း ၃၁၉ ဦးအား စစ်စည်းကမ်းနှင့်အညီ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



## ❍ ကျောဖုံးမှ

မြန်မာအသင်းပါဝင်နေသော အုပ်စု(ခ)တွင် ထိုင်းအသင်းက သုံးမှတ်၊ မြန်မာနှင့်မလေးရှားအသင်းတို့က တစ်မှတ်စီရရှိထားကာ လက်ရှိချန်ပီယံစင်ကာပူအသင်းမှာ အမှတ်မရသေးပေ။ မြန်မာအသင်းနှင့် စင်ကာပူအသင်းတို့ပွဲမှာ နောက်တစ်ဆင့်တက်ရေး လွန်စွာအရေးပါသည့်ပွဲဖြစ်လာနိုင်ပြီး ပွဲဦးထွက် ရှုံးနိမ့်ထားသည့် လက်ရှိချန်ပီယံစင်ကာပူအသင်းမှာ ယခုပွဲအနိုင်ရမှ မျှော်လင့်ချက်ရှိမည်ဖြစ်သည်။ မလေးရှားအသင်းကို သရေသာကစားနိုင်ခဲ့သည့် မြန်မာအသင်းမှာ ယခုပွဲတွင် အမှတ်ရယူရန်လိုအပ်နေပြီး အနိမ့်ဆုံးသရေတစ်မှတ်ရရှိမှသာ မျှော်လင့်ချက်ဆက်ရှင်သန်မည်ဖြစ်ကာ နိုင်ပွဲရယူနိုင်ခဲ့ပါက အုပ်စုတက်ရန် အခြေအနေကောင်းသွားမည်ဖြစ်သည်။ မြန်မာအသင်းအနေဖြင့် နိုင်ပွဲရယူနိုင်ရန် ကစားသမားများ၏ ကြိုးစားအားထုတ်မှု၊ ကစားပုံတို့ ပိုကောင်းရန်လိုသလို နည်းပြ၏နည်းဗျူဟာမှန်ကန်ရန်မှာလည်း လိုအပ်နေပေသည်။ ကိုင်တီဆတ်၏ ထိုင်းအသင်းမှာမူ မလေးရှားကိုအနိုင်ရခဲ့ပါက နောက်တစ်ဆင့်တက်ရန်သေချာသလောက်ရှိသွားမည်ဖြစ်သောကြောင့် အားကုန်ထုတ်ကစားလိမ့်မည်ဖြစ်သည်။

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၄-၁၁-၂၀၁၄)ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၅)တွင် ဖော်ပြထားသော မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲမှစကားသံများ သတင်းဆောင်းပါး ပထမကော်လံတွင်ပါရှိသည့် ၁၉၈၀ မှ စတင်ကန်တော့ခဲ့ရာ "၄၄ နှစ်တိုင်ခဲ့ပြီ" အစား "၄၄ ကြိမ်တိုင်ခဲ့ပြီ"ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာတည်း)**





# မှတစ်ပါး အခြားမရှိတော့ပါပြီ

**အောင်ကျော်ညို (ဆင်ချဆိပ်)**

ကျွန်တော့်ကိုယ်ပေါ်တွင် အနီကွက်များပေါ်လာ၍ ဆရာဝန်ဆီသွားပြသည်။ အပူကြောင့် အထူးသဖြင့် နေရောင်ခြည်ကြောင့်ဟု မှတ်ချက်ပေးသည်။ ထွေထွေထူးထူး ဘာမှမပြော။ ထုံးစံအတိုင်း သောက်ဆေး သုံးခွက်ပေးသည်။ သက်သာသွားသည်။ ဆရာကား ဆေးမထိုးဘဲ သောက်ဆေးသက်သက်နှင့် ရောဂါကုသပေးနေသူ။

ယခုရက်ပိုင်း ရန်ကုန်၏ နေအပူချိန် ပုံမှန်ထက် သိသိသာသာမြင့်တက်နေသည်။ ဆောင်းဝင်ပြီဆိုလည်း အပူချိန်မြင့်တက်နေဆဲ။ နေ့ပူသလို ညဆိုလည်း ချွေးတစိုစိုနှင့် ပူအိုက်နေဆဲ။ ဖောက်ပြန်ရာသီဉတု၏ ပြောင်းလဲမှုလက္ခဏာဟု ဆိုချင်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က နေ့အပူချိန် ၁၀၅ ဒီဂရီဖာရင်ဟိုက်မှ ၁၃၀ ဒီဂရီဖာရင်ဟိုက်ကြားကို အန္တရာယ်ရှိအဆင့် သတ်မှတ်ပေးထားပြီး လက်ရှိ မိမိတို့နိုင်ငံ၏ အဓိကသုံးနေရာဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင် ၁၂၅ ဒီဂရီဖာရင်ဟိုက်အထိ မြင့်တက်နေကြောင်း သိရသည်။ နေ့အပူချိန် ၁၀၅ ဒီဂရီဖာရင်ဟိုက်အထက်ရှိပါက မျက်စိနှင့် အရေပြားဆိုင်ရာ ရောဂါများ ခံစားရတတ်သည့်အပြင် ပိုပြင်းထန်ပါက Heat Stroke (အပူလျှပ်ခြင်း)ကဲ့သို့ အပူဒဏ်ကြောင့် ရုတ်တရက်သေဆုံးမှုမျိုးထိဖြစ်တတ်ကြောင်း အရေပြားရောဂါ အထူးကုဆရာဝန်တစ်ဦး၏ ပြောစကားအရ သိရသည်။

ရန်ကုန်လို စီးပွားရေးမြို့တော်မှာဆိုလျှင် လက်ရှိ မြင့်မားအပူချိန်အပြင် ပတ်ဝန်းကျင်မှ ပေါင်းစပ်အားဖြည့်အပူချိန်များကြောင့် ပိုဆိုးလာနေသည်။ ကားအိတ်ဇောများမှ ထွက်သည့် ကာဗွန်များ၊ စက်ရုံ အလုပ်ရုံများမှ ထုတ်လွှတ်သည့် ကာဗွန်အပူများကြောင့် သာမန်ထက် ပိုပူလာနေရသည်။ ယခု ကျွန်တော်ခံစားနေရသည့် အရေပြားပေါ်မှ အနီကွက်က သက်သေပြနေသလားဟုပင် ထင်ရသည်။

ရုံးမှာ ကျွန်တော်ထိုင်နေရသည့်နေရာက ညနေဘက် ကျနေသက်ရောက်မှု ပြင်းထန်လွန်းသည်။ ၁ နာရီနောက်ပိုင်းဆို ရုံးတွင်းသို့ နေရောင်ခြည်က အတားအဆီးမဲ့ တိုက်ရိုက်ဝင်လာသည်။ ဤဖြစ်စဉ် မကြာသေးပါ။ ယခင်က နေရောင်ကို အစဉ်အကာကွယ်ပေးထားသည့် ရေတမာပင်ကြီးတစ်ပင် ထီးထီးမားမားရှိနေခဲ့သည်။ မဟာရန်ကုန်အတွင်း ရေမြောင်းချဲ့၊ လမ်းချဲ့လုပ်ဆောင်ရာတွင် ရေတမာပင်ကြီး ပျောက်သွားရသည်။

ကျွန်တော်တို့ရုံးကို ထီးပမာ အစဉ်ကာကွယ်မှုပေးနေခဲ့သော ရေတမာပင်ကြီး မရှိတော့သည့်နေ့မှစ၍ အပူဒဏ်ကို နေ့စဉ်ရက်ဆက် ခံစားခဲ့ရသည်။ ယခုဆို ပိုဆိုးလာသည်။ ယခင်က အမှတ်တမဲ့ရှိနေခဲ့သော ကျွန်တော်တို့ ယခုမှ ရေတမာပင်ကြီး၏ အရိပ်အာဝါသ တန်ဖိုးကို ပိုသိလာရသည်။

သတင်းစာတွင် သစ်တောကဏ္ဍဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်မည့် သုတေသနစာတမ်းဖတ်ပွဲ ကျင်းပသည့် သတင်းတစ်ပုဒ် ဖတ်လိုက်ရသည်။ အဆိုပါ သုတေသနစာတမ်းဖတ်ပွဲတွင် သစ်တောဖွံ့ဖြိုးရေးဆိုင်ရာ စာတမ်း ခြောက်စောင်၊ သစ်အသုံးချရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စာတမ်း ခြောက်စောင်၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းဆိုင်ရာ စာတမ်းတစ်စောင်၊ သစ်တောဖုံးလွှမ်းမှု ပြောင်းလဲခြင်းဆိုင်ရာစာတမ်းတစ်စောင်၊ သစ်ဆွေးမြေ၏ ကာဗွန်သိုလှောင်မှုဆိုင်ရာစာတမ်းတစ်စောင်နှင့် ဒေသခံအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ စာတမ်း တစ်စောင် စုစုပေါင်း စာတမ်း ၁၆ စောင်ကို ဘာသာရပ်နယ်ပယ်အလိုက် ဖတ်ကြားတင်သွင်းကြကြောင်း သိရသည်။

မိမိတို့နိုင်ငံတွင် ၁၉၁၄ ခုနှစ်က အစပြုခဲ့သော သစ်တောသုတေသနလုပ်ငန်း၊ ၁၉၇၈ ခုနှစ်မှာ တစ်ဖန် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် ပူးပေါင်းပြီး ပျဉ်းမနားမြို့နယ် ရေဆင်းမှာ သစ်တောသုတေသနဌာန ကိုတည်ထောင်ပြီး ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်လာခဲ့သော ဤလုပ်ငန်း။ သုတေသနစာတမ်းဖတ်ပွဲကိုလည်း နှစ်စဉ်မပျက်ပြုလုပ်လာခဲ့ရာ ယခုဆိုလျှင် ၂၅ နှစ်တိုင်ခဲ့ပြီး စာတမ်းပေါင်း ၂၈၂ စောင်ကို ပြုစုထုတ်ဝေ အသိပညာဖြန့်ဖြူးပေးလျက် တာဝန်ကျေခဲ့ကြပြီဆိုငြားလည်း လက်တွေ့နယ်ပယ်မှာ ဤလုပ်ဆောင်ချက်၏သက်ရောက်မှုကို ထိတွေ့ကြည့်လျှင် တစ်နိုင်ငံလုံးရှိ သစ်တောများ ပေါက်ရောက်ရာအရပ်များမှာကား ဤစာတမ်းများ မတိုးနိုင်သေး။ တစ်နှစ်ထက်တစ်နှစ် သစ်တောများပြုန်းတီးလာနေမှုက ဤလုပ်ငန်း မအောင်မြင်ဖြစ်နေကြောင်းကို သက်သေပြနေသည်။

"စာတမ်းဖတ်ပွဲတွေ လုပ်တာကောင်းပါတယ်။ တကယ်တော့ လူတွေကိုကျန်းမာရေးစစ်ဆေးနေသလိုပါပဲလေ။ အဲဒီလိုလုပ်တဲ့အခါ အားနည်းချက်ပေါ်လာရင် လက်ခံနိုင်ရမယ်။ အားနည်းချက် အားသာချက်တွေကို လက်ခံပြီးပြုပြင်ဖော်ဆောင်ဖို့လိုတယ်"ဟူ၍ သစ်တောတက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးက စာတွေ့လက်တွေ့ ပေါင်းစပ်အကောင်အထည်ဖော်သွားနိုင်ရန် လိုအပ်ချက်ကို မီးမောင်းထိုးပြသွားသည်။

စာတွေ့နှင့်လက်တွေ့တစ်နည်းအားဖြင့် သဘောတရားနှင့် လက်တွေ့ဟူသည့် ဤနှစ်ချက်ဟန်ချက်ညီပါမှ ဆက်နွယ်ရာ အဝိုင်းအဝန်းဖွံ့ဖြိုးမှုကို ဆောင်ကြဉ်းပေးသွားနိုင်ပါလိမ့်မည်။ ထိုသို့ဟန်ချက်မညီပါလျှင် "သဘောတရားမပါသော လက်တွေ့သည် အကန်းနှင့်တူပြီး လက်တွေ့မပါသော သဘောတရားသည် အမြုံနှင့်တူသည်" ဟူသည့် ခိုင်းနှိုင်းဆိုစကားအတိုင်း လက်ရှိ သစ်တောများ ပြုန်းတီးလာနေမှုက ဟန်ချက်မညီဖြစ်နေသော ဤအားနည်းချက်ကို ထောက်ပြနေသည်။

လက်တွေ့ဘဝတွင် သစ်တောများပြုန်းတီးလာနေမှု အကျိုးဆက်၊ ကာဗွန်လွန်ကဲအပူဒဏ်ကို ကျွန်တော်တို့နိုင်ငံအပါအဝင် ကမ္ဘာနှင့်အနှံ့မှာ ခံနေကြရသည်။ စက်မှုတော်လှန်ရေးမှ အစပြုလာခဲ့သော ရုပ်ကြွင်းလောင်စာမီးရှို့ရာမှ ဖြစ်တည်လာသော ကာဗွန်များကြောင့် ဖန်လုံအိမ် အာနိသင်ဆိုးကျိုး တစ်စတစ်စ တိုး၍လာခဲ့သည်။ ကာဗွန်ကို စုပ်ယူချေဖျက်ပေးနိုင်စွမ်းသော မိုးသစ်တောကြီးများ ပြုန်းတီးလာနေမှုက ဘူးလေးရာဖရုံဆင့်ဆိုသလို တစ်ပူပေါ်နှစ်ပူဆင့် မြေကမ္ဘာဒဏ်သင့်လာခဲ့ရသည်။

ကမ္ဘာ့မိုးသစ်တောကြီးများအထူးသဖြင့် ဘရာဇီးနှင့် အင်ဒိုနီးရှားမိုးသစ်တောကြီးများ မပြုန်းတီးရေးအတွက် သက်ဆိုင်ရာနိုင်ငံများနှင့် ကမ္ဘာ့အဖွဲ့ကြီးများ ပူးပေါင်းကြိုးပမ်းစီမံချက်များသည်လည်း လက်တွေ့နယ်ပယ်တွင် အရာမထင်နိုင်ဖြစ်နေဆဲ။ လက်ရှိ သစ်တောပြုန်းတီးလာနေမှုက ငြင်းမရသည့်အချက်ပင် ဖြစ်သည်။

တစ်ဖက်တွင် လွန်ကဲကာဗွန်ကို လျှော့ချနိုင်ရေး ကြိုးပမ်းချက်မှာလည်း ရေပြင်မှာအရုပ်ရေးသလို ရုပ်လုံးမပေါ်နိုင်ဖြစ်နေရဆဲပါ။ အဓိက စက်မှုနိုင်ငံကြီးများ၏ ကာဗွန်ထုတ်လုပ်မှုလျှော့ချရေးတွင် နေ့ရွှေ့ညရွှေ့နှင့် မအောင်မမြင်ဖြစ်နေရဆဲ။ ကမ္ဘာသားသက်ရှိများအတွက် ကျားသနားမှ နွားချမ်းသာရမည့်ကိန်းဆိုက်လာနေသည်။ ဤအရေးကို နိုင်ငံတကာအဖွဲ့အစည်းများမှ ကြိုးစားပမ်းစား မနားမနေဆောင်ရွက်တာဝန်ကျေနေကြသည်။ အခြားတစ်ဖက်တွင်လည်း ကမ္ဘာသားတစ်ဦးချင်းစီမှသည် မိသားစုအလိုက်၊ ရပ်ရွာအလိုက်၊ မြို့နယ်အလိုက် မိမိတို့ဝန်းကျင်ကို အပူဒဏ်မှ ကာကွယ်နိုင်ဖို့ သဘာဝဒိုင်းများကို တစ်နိုင်တစ်ပိုင်တည်ဆောက်ကြရပါတော့မည်။ အပူဒဏ်ကာ သဘာဝဒိုင်းများဆိုသည်မှာ သက်ရှိများ ရှင်သန်ရေးတွင် မရှိမဖြစ်လိုအပ်သည့် သစ်တော၊ သစ်ပင်များပင်ဖြစ်သည်။ လူတိုင်း သစ်ပင်စိုက်ပျိုးခြင်း၊ စိုက်ပြီးသစ်ပင်များ ရှင်သန်စေခြင်းသည် လက်ရှိတွင် သက်ရှိများအားလုံးရှင်သန်ရေးအတွက် တစ်ခုတည်းသော ထွက်ရပ်လမ်းပင်ဖြစ်သည်။ အထူးသဖြင့် ကာဗွန်အများဆုံးထုတ်လုပ်ရာ ရန်ကုန်လို စက်မှုရပ်ဝန်းဒေသများတွင် သစ်ပင်၊ သစ်တောများဖြင့် အမြဲစိမ်းစိုနေမှ တော်ကာကျပါမည်။ ပစ္စက္ခသက်ရှိများအားလုံးကျန်းမာစွာရှင်သန်ခွင့်ရရှိရေးတွင် အားကိုးစရာဆို၍ သစ်တောသစ်ပင်များမှတစ်ပါး အခြားမရှိနိုင်တော့ပါပြီ။

လူတစ်ယောက် သစ်တစ်ပင်ရှင်သန်စေလျက် အပူဒဏ်ကို ကာကွယ်သွားကြပါစို့။ ။

**ကာဗွန်အများဆုံး ထုတ်လုပ်ရာ ရန်ကုန်လို စက်မှုရပ်ဝန်းဒေသများတွင် သစ်ပင်၊ သစ်တောများဖြင့် အမြဲစိမ်းစိုနေမှ တော်ကာကျပါမည်။ ပစ္စက္ခသက်ရှိများအားလုံး ကျန်းမာစွာရှင်သန်ခွင့်ရရှိရေးတွင် အားကိုးစရာဆို၍ သစ်တောသစ်ပင်များမှတစ်ပါး အခြားမရှိနိုင်။**

## သရက်မြို့၌ ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်း

**သရက် နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး ဥပဒေအရာရှိနှင့် ခရိုင်/မြို့နယ် ဥပဒေအရာရှိများလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၂ ရက်က သရက်မြို့ ခရိုင်ဥပဒေရုံး၌ကျင်းပရာ ခရိုင်ဥပဒေအရာရှိ ဦးလှမြင့်နှင့် ခရိုင်အတွင်းရှိ မြို့နယ်ဥပဒေအရာရှိများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး ဥပဒေအရာရှိ ဦးကျော်ကျော်အောင်က တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ပြီး ခရိုင်ဥပဒေအရာရှိ ဦးလှမြင့်က လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် သရက်ခရိုင်အတွင်းရှိ မြို့နယ်ဥပဒေအရာရှိများက မိမိတို့ရုံးတွင် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ရုံးတွင် လိုအပ်လျက်ရှိသည့် အသုံးအဆောင်များ တင်ပြတောင်းခံခဲ့ကြရာ တိုင်းဥပဒေအရာရှိက တင်ပြဆွေးနွေးမှုများအပေါ် သုံးသပ်၍ လိုအပ်ချက်များအား ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## ပျို့ရွယ်သူကျန်းမာရေး အသိပညာပေးဆင့်ပွားသင်တန်းဖွင့်

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော ပျို့ရွယ်သူကျန်းမာရေး အသိပညာပေးဆင့်ပွားသင်တန်းကို ယနေ့ နံနက် ၉ နာရီခွဲက ဗဟန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေလတ်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြကြောင်း သိရသည်။


**သန္တာမေ(IPRD)**


## မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြော

**နေပြည်တော် နိုဝင်ဘာ ၂၄**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၃ရက် ညနေ ၆ နာရီက တပ်ကုန်းမြို့ ဗုဒ္ဓသာသနာပြု ဗိမာန်တော်ကြီး၌ ပြုလုပ်ရာ တပ်ကုန်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်လွင်က မီးဘေးအန္တရာယ်နှင့် ပတ်သက်သည့်ကိစ္စရပ်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသကြောင်း သိရသည်။

**(၅၆၄)**







ပြည်ထောင်စုလွှတ်တော်

# အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်တွင် မြန်မာနိုင်ငံမှ မူလအဖွဲ့ဝင်အဖြစ်ပါဝင်ရန်နှင့်စပ်လျဉ်း၍ လွှတ်တော်ကအတည်ပြု

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် **နိုင်ငံတော်သမ္မတထံမှပေးပို့သော အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်တွင် မြန်မာနိုင်ငံမှ မူလအဖွဲ့ဝင်အဖြစ်** ပါဝင်ရန်နှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုခဲ့သည်။

ထို့ပြင် **ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးအကောင်အထည်ဖော်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်**ဆွေးနွေးခဲ့ကြသည်။

**လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း**က လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးဖြစ်ထွန်းစေရန်ရည်ရွယ်ပြီး ရေးဆွဲခဲ့ကြခြင်းဖြစ်ပါကြောင်း၊ သို့သော်လည်း လက်ရှိဖြတ်သန်းနေရသည့် ခေတ်ကာလနှင့် ကိုက်ညီမှုမရှိတော့သည့် ပြင်ဆင်သင့်၊ ဖြည့်စွက်သင့်သည့် ပုဒ်မများကို နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးအတွက် ပြင်ဆင်ဖြည့်စွက်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

**ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်**က ယနေ့အချိန်သည် တိုင်းရင်းသားအချင်းချင်း ယုံကြည်မှုတည်ဆောက်နေချိန်၊ အမျိုးသားညီညွတ်မှုတည်ဆောက်နေချိန်နှင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေချိန်ဖြစ်ပါကြောင်း။

အခြေအနေအရ အချိန်အခါကောင်းနှင့်ကြုံကြိုက်ချိန်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အမျိုးသားရေးတာဝန်ဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊



လပွတ္တာမဲဆန္ဒနယ်မှ
ဦးဇော်ထွန်း။



ငပုတောမဲဆန္ဒနယ်မှ
ဒေါ်ခင်သန်းမြင့်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက်လည်းကောင်း၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်းကောင်း အားလုံးက ညီညွတ်စွာဆောင်ရွက်ကြရန်လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

**ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ**က မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီနိုင်ငံကို အမှန်တကယ်သွားရန်ဆန္ဒရှိပါက အခြေခံကောင်းများပါသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမျိုးဖြစ်ရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ ပြင်ဆင်သင့်၊ အစားထိုးသင့်သည့် ဥပဒေများကို ပြုပြင်ပြောင်းလဲရန်လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

**ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၄)မှ ဦးစိုင်းသန့်ဇင်**က နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းရေးနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးရရှိရေးတို့ကို ရှေးရှုပြီး တိုင်းရင်းသား၏အကျိုးကို ရေရှည်မျှော်မှန်းကာ ပြင်ဆင်သင့်သည့် ပုဒ်မများ၊ ပြောင်းလဲသင့်သည့်ပုဒ်မများကို ပြင်ဆင်ပြောင်းလဲသင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

**တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းထွန်း**က နိုင်ငံတော် တည်ငြိမ်စွာနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှုပြုလုပ်ရာတွင် မြန်မာနိုင်ငံ၏ လက်ရှိ ပကတိအခြေအနေ၊ နိုင်ငံရေးပါတီများ၏ နိုင်ငံရေးစေတနာ၊ ရေရှည်မျှော်မှန်းချက်တို့ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ ပြည်သူအတွက် ရေရှည်အာမခံချက်ရှိသည့် စေတနာထားရှိမည်ဆိုပါက မိမိတို့၏ လိုလားချက်များကို ကိုင်စွဲမထားဘဲ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် အသင့်တော်ဆုံး၊ အဖြစ်သင့်ဆုံးကို အဖြေထုတ်ရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်တည်ငြိမ်မှုကိုပျက်ပြားစေမည့် ဆန္ဒလွန်ဆွဲမှုများကိုလျှော့ချပြီး ပြည်သူအတွက် အမှန်တကယ်ဖြစ်သင့်သည်များကို တစ်ဆင့်ချင်း ဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ယခုအစီအရင်ခံစာကို နိုဝင်ဘာ ၁၆ ရက်မှ စတင်ဆွေးနွေးခဲ့ရာ ယနေ့အထိ လွှတ်တော်ကိုယ်စားလှယ်(၁၃၀) ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး ဥပဒေကြမ်းကို လွှတ်တော်သို့တင်ပြသွားရန် စီမံထားရှိ



ချောင်းဦးမဲဆန္ဒနယ်မှ
ဦးစောလှထွန်း။



ပုလဲမဲဆန္ဒနယ်မှ
ဒေါ်ခင်စန်းလှိုင်။

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၃) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၏ **"အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းပေးရန် အစီအစဉ်ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က နိုင်ငံတော်အနေဖြင့် အမျိုးသမီးများ၏ မူလအခွင့်အရေးများနှင့် ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ မဖြစ်ပွားစေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများဖြင့် အကာအကွယ်ပေးဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသမီးရေးရာကိစ္စရပ်များကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ကို ၁၉၉၇ ခုနှစ်တွင် လက်မှတ်ရေးထိုးပြီးဖြစ်ပါကြောင်း။

ထို့ပြင် လူမှုစီးပွားအခြေအနေများ၊ ယဉ်ကျေးမှုဆိုင်ရာ ရှေးရိုးစွဲအယူအဆများ သို့မဟုတ် ပဋိပက္ခများကြောင့် မတရားစော်ကားခံရမှုများမှ ကာကွယ်စောင့်ရှောက်နိုင်ရန်၊ လိင်မှုဆိုင်ရာနှင့် ကျား/မရေးရာ အခြေခံအကြမ်းဖက်မှုများကို တားဆီးကာကွယ်နိုင်ရန် စသည့်ရည်ရွယ်ချက်များနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သည့် ကျား/မတန်းတူညီမျှမှုကွန်ရက်မှ ကိုယ်စားလှယ်များ၊ United Nations Gender Theme Group(UNGTG) မှ ကိုယ်စားလှယ်များ ပါဝင်သည့် ဦးဆောင်ကော်မတီ၊ ဥပဒေကြမ်းရေးဆွဲရေးဆိုင်ရာ လုပ်ငန်းကော်မတီနှင့် နည်းပညာဆိုင်ရာ အကြံပေးကော်မတီစသည့် ကော်မတီ (၃) ရပ်ကို ဖွဲ့စည်းကာ "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေကြမ်း" ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှ ယနေ့အထိ အစည်းအဝေး (၆) ကြိမ် ကျင်းပ၍ အခန်း (၉)အထိ ရေးဆွဲဆောင်ရွက်ခဲ့ပြီး ဖြစ်သည်ဟု သိရှိရပါကြောင်း။

သို့ဖြစ်၍"အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး ဥပဒေကြမ်း"ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကော်မတီများ ဖွဲ့စည်းရေးဆွဲဆောင်ရွက်ကာ လွှတ်တော်သို့ တင်ပြသွားရန် စီမံထားရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်း၏ **"မိမိနိုင်ငံ၏ လမ်းစနစ်နှင့် ကိုက်ညီသော (Brand New) ဘယ်မောင်းကားအသစ်များကို သက်သာသော အခွန်နှုန်းထားဖြင့် သုံးစွဲခွင့်ပြုရန်နှင့် အခြားနိုင်ငံမှ တင်သွင်းမည့်ကားများကို မတင်သွင်းမီ နိုင်ငံတကာစံချိန်မီ အရည်အသွေးစစ်ဆေးရေးအဖွဲ့မှ အရည်အသွေးစစ်ဆေးခြင်းလက်မှတ်( Inspection Certificate) ပါရှိမှ တင်သွင်းခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က လက်ရှိကာလတွင် လူစီးမော်တော်ယာဉ်များကို ၂၀၀၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ဘယ်မောင်းညာမောင်း မခွဲခြားဘဲ ခွင့်ပြုပေးလျက်ရှိပြီး ရောက်ရှိခုနှစ်နှင့် တစ်နှစ်နိမ့် မော်ဒယ်(ဘယ်မောင်း) တင်သွင်းခြင်းကို ၂၀၁၅ ခုနှစ်တွင် စတင်ကျင့်သုံး နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ ▼

အမျိုးသားလွှတ်တော်

# ယှဉ်ပြိုင်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်သွားမည်



အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကျင်းပစဉ်။ (သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၂၄**

အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **ယှဉ်ပြိုင်မှုဥပဒေကြမ်း**နှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်သွင်းသည်။

ထို့နောက် ယင်းဥပဒေကြမ်းအား အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်၏အဆုံးအဖြတ်ရယူအတည်ပြုပြီး အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် သဘောထားကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော **စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာဥပဒေကြမ်း**နှင့်စပ်လျဉ်းသည့် အစီရင်ခံစာနှင့် **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့် စပ်လျဉ်းသည့် အစီရင်ခံစာတို့ကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်သွင်းပြီး ယင်းဥပဒေကြမ်းများအား လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ်(PR) ကျင့်သုံးရေးဆိုင်ရာ အဆို အကောင်အထည်ဖော်ရေးကော်မရှင်က အစီရင်ခံစာတင်သွင်းရာ လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

ကော်မရှင်၏အစီရင်ခံစာ၌ "မဲအများဆုံးရသူ အနိုင်ယူစနစ်(FPTP)နှင့် အချိုးကျကိုယ်စားပြုစနစ်(PR)၌ အားသာချက်များနှင့်အတူ အားနည်းချက်များ ဒွန်တွဲလျက်ရှိကြောင်း၊ ရွေးကောက်ပွဲ၌ ပြည်သူ့ဆန္ဒများကို အသိအမှတ်ပြုနိုင်ရေးနှင့် ဒီမိုကရေစီကျင့်စဉ်ကို ပိုမိုအထောက်အကူပြုနိုင်ရေးအတွက် အချိုးကျကိုယ်စားပြုစနစ်(PR)သည် ပိုမိုသင့်မြတ်ကြောင်း၊ မဲဆန္ဒရှင် ပြည်သူများကို ကျယ်ကျယ်ပြန့်ပြန့်ကိုယ်စားပြုနိုင်ပြီး ယှဉ်ပြိုင်ဘက်ပါတီများအနေဖြင့်လည်း မျှတသောကိုယ်စားလှယ်ခွဲဝေမှု ရရှိစေနိုင်ကြောင်း။

အချိုးကျကိုယ်စားပြု (PR)စနစ်တွင် အားနည်းချက်များရှိသော်လည်း မဲဆန္ဒနယ်အရွယ်အစားနှင့် ရွေးကောက်ရမည့် ကိုယ်စားလှယ်ဦးရေကို မျှတစွာသတ်မှတ်ပေးနိုင်ပါက ပြည်သူ့ကိုယ်စားပြုမှုနှင့် ပြည်သူ့သဘောထားတို့ကို လွှတ်တော်အတွင်း၌ ပိုမိုထင်သာမြင်သာလာမည့် အားသာချက်ရှိကြောင်း၊ အမျိုးသားလွှတ်တော်တွင် အချိုးကျကိုယ်စားပြု (PR)စနစ်ကို ပြောင်းလဲကျင့်သုံးမည်ဆိုပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ကန့်သတ်ချက်များ မရှိနိုင်ဟု ယေဘုယျအားဖြင့် စိစစ်တွေ့ရှိရကြောင်း" စသည်ဖြင့် ဖော်ပြပါရှိသည်။

ရွေးကောက်ပွဲဒီဇိုင်းပုံစံ ရွေးချယ်နိုင်ရန်နှင့် လိုအပ်ချက်များကို ဆက်လက်ဆောင်ရွက်နိုင်ရန် ကော်မရှင်၏ လေ့လာတွေ့ရှိချက်နှင့် သုံးသပ်အကြံပြုချက်အစီရင်ခံစာကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများ၌ PR စနစ်ကို တိုင်းဒေသကြီး၊ ပြည်နယ်အားလုံး တစ်ပြေးညီကျင့်သုံးရန် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုကြိုဆို



**နေပြည်တော် နိုဝင်ဘာ ၂၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိလာသော ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen.Worapong Sanganetra အား ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။**(အပေါ်ပုံ)**

အဆိုပါ ဂုဏ်ပြုကြိုဆိုပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Worapong Sanganetra နှင့်အတူ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ(ကြည်း၊ ရေ၊ လေ)စစ်သံမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုကြိုဆိုပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် အလေးပြုခုံစင်မြင့်သို့သွားရောက်၍ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူကြပြီး ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Worapong Sanganetra သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။

ယင်းနောက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen.Worapong Sanganetra က တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ၎င်းနှင့်အတူအခမ်းအနားတက်ရောက်လာကြသူများနှင့်မိတ်ဆက်ပေးပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား ၎င်းနှင့်အတူ အခမ်းအနားတက်ရောက်လာကြသူများကို ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဇေယျာသီရိဗိမာန် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen.Worapong Sanganetra အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့နှစ်နိုင်ငံသည် နှစ်ပေါင်း ၆၀ ကြာ အိမ်နီးချင်းဆက်ဆံရေး၊ သံတမန်ဆက်ဆံရေး၊ စစ်သံဆက်ဆံရေးတို့ ရှိခဲ့သည့်အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများလည်းဖြစ်၍ ထူးခြားလေးနက်သည့် ချစ်ကြည်ရင်းနှီးမှုရှိပါကြောင်း၊ မိမိတို့နိုင်ငံသွားနေသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းတွင် တည်ငြိမ်အေးချမ်းမှုအတွက် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများ၌ ထိုင်းနိုင်ငံမှ ကူညီမှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ထာဝရငြိမ်းချမ်းရေးဆက်လက်ဖော်ဆောင်ရာတွင်လည်း အားလုံးငြိမ်းချမ်းရေးလမ်းကြောင်းပေါ်တွင် ပါဝင်လာစေရေး ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ ထိုင်းနိုင်ငံအတွက်လည်း တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် စိတ်ချလက်ချ လျှောက်လှမ်းနိုင်ရေးသည် အဓိကဖြစ်ပါကြောင်း၊ မည်သည့်အခါမျှ မပြောင်းလဲဘဲ အမြဲတည်ရှိနေမည့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုအား လက်ဆင့်ကမ်းထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဧည့်သည်တော်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် လက်ခံရယူပြီးချိန်မှစ၍ ယခုမြန်မာနိုင်ငံချစ်ကြည်ရေးခရီးသည် မိမိ၏ပထမဆုံးပြည်ပခရီးစဉ်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေးနှင့် မိမိတာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ပူးပေါင်းဆောင်ရွက်မှု အကောင်းဆုံးဖြစ်အောင်၊ ပိုမိုတိုးတက်အောင် ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ပြောကြားသည်။

ထို့နောက် နယ်စပ်ဒေသဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါး ထိရောက်စွာ တားဆီးနှိမ်နင်းရေးကိစ္စရပ်များ၊ အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာများတွင် နှစ်ဦးနှစ်ဖက်အပြန်အလှန်သတင်းဖလှယ်၍ အဆင့်တိုင်းတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် Gen.Worapong Sanganetra တို့သည် အဖွဲ့ဝင်များနှင့်အတူ အမှတ်တရစုပေါင်း ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် Gen.Worapong Sanganetra နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ည ၇ နာရီတွင် Aureum Palace ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ညစာသုံးဆောင်နေစဉ်အတွင်း မြဝတီတေးဂီတအဖွဲ့မှ နှစ်နိုင်ငံတေးသီချင်းများ၊ အကပဒေသာများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ညစာသုံးဆောင်အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး သီဆိုကပြဖျော်ဖြေကြသော မြဝတီတေးဂီတအဖွဲ့မှ စစ်သည်၊ စစ်သမီးများအား ဂုဏ်ပြုပန်းခြင်းများ အသီးသီးပေးအပ်ကြကာ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

---

**▼ ပြည်သူ့လွှတ်တော်မှ**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မော်တော်ယာဉ်တင်သွင်းခြင်းအတွက် သွင်းကုန်လိုင်စင်/ပါမစ်ထုတ်ပေးခြင်းသာ ဆောင်ရွက်ပေးလျက်ရှိပြီး မော်တော်ယာဉ် ဆိပ်ကမ်းသို့ ရောက်ရှိခြင်းအတွက် အကောက်ခွန်နှင့် ကုန်သွယ်ခွန်များအား အကောက်ခွန်ဦးစီးဌာနမှ လည်းကောင်း၊ ကနဦးမှတ်ပုံတင်ခြင်းအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံသားများ ကားကောင်းကားသစ်များ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် ဆိပ်ကမ်းသို့ ရောက်ရှိလာသည့် မော်တော်ယာဉ်များကို ထိခိုက်တိုက်ကြေမှု ရှိ/မရှိကို ဦးစွာစစ်ဆေး၍ကောင်းမွန်သည့် မော်တော်ယာဉ်များကို အကောက်ခွန်ဦးစီးဌာနမှ Import Declaration(ID) ဖွင့်လှစ်၍ မော်တော်ယာဉ် ထုတ်ယူခွင့်ပြုပါကြောင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်များကို ကနဦးမှတ်ပုံတင်ခွင့်ပြုရာတွင် မော်တော်ယာဉ်အမျိုးအစား၊ အမျိုးအမည်၊ အတိုင်းအတာ၊ ယာဉ်ထုတ်လုပ်သည့် ခုနှစ်များကို သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ၊ အကောက်ခွန်ဦးစီးဌာန၏ တင်ပြချက်၊ သက်ဆိုင်ရာနိုင်ငံများမှ ဖျက်သိမ်းပြီးကြောင်း အထောက်အထားဖြင့် တိုက်ဆိုင်စစ်ဆေးပါကြောင်း။

ထို့ပြင် မော်တော်ယာဉ်ဆိပ်ကမ်းသို့ ရောက်ရှိစဉ် အကောက်ခွန်ဦးစီးဌာနမှ ပေးပို့သည့် ဓာတ်ပုံ အထောက်အထားများနှင့် စစ်ဆေးခြင်း၊ Car Catalouge ဖြင့် စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပါကြောင်း၊ မော်တော်ယာဉ်၏ သတ်မှတ်ခုနှစ်ပုံစံ (၁)နှစ် ကွာခြားပါက ဒဏ်ကြေး (၁)သိန်း ကောက်ခံဆောင်ရွက်ပါကြောင်း၊ ယာဉ်၏ တင်အား (၁)တန်မှ (၃)တန်ထိ ကွဲလွဲခြင်းကို ကျပ် (၁)သိန်း ကောက်ခံ၍ (၃)တန်အထက် ကွဲလွဲခြင်းကို ကျပ် (၂)သိန်း ကောက်ခံပါကြောင်း၊ အခြားနိုင်ငံများနည်းတူ တင်သွင်းမည့်ကားများကို မတင်သွင်းမီ နိုင်ငံတကာစံချိန်မီ အရည်အသွေး စစ်ဆေးရေးအဖွဲ့တစ်ခုခုမှ အရည်အသွေး စစ်ဆေးခြင်းလက်မှတ်ပါရှိမှ တင်သွင်းခွင့်ပြုရန် လောလောဆယ်တွင် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။ **(သတင်းစဉ်)**

---

## ကေအိုင်အေ(ကချင်)အဖွဲ့မှ တပ်မတော်စခန်းများအား နှောင့်ယှက်ပစ်ခတ်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ကေအိုင်အေ(ကချင်)အဖွဲ့သည် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် လွယ်ရင်းကျေးရွာအနီး၌ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်မတော်စခန်းအား နိုဝင်ဘာ ၂၂ ရက် ညနေ ၅ နာရီ ၅ မိနစ်ခန့်တွင် လက်နက်ကြီးဖြင့် လာရောက်ပစ်ခတ်ခဲ့ရာ ပြန်လည်ပစ်ခတ်မှုများပြုလုပ်ခဲ့သည်။

အလားတူ နိုဝင်ဘာ ၂၃ ရက် နံနက် ၄ နာရီခန့်တွင်လည်း ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့နယ်ခွဲ ကွန်ပါယန်ဒေသအတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စခန်းအား ကေအိုင်အေ(ကချင်)အဖွဲ့က လက်နက်ကြီးဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့ရာ သတိပေးပြန်လည်တုံ့ပြန်ပစ်ခတ်မှုများ မလွှဲမရှောင်သာ ထပ်မံပြုလုပ်ခဲ့ရသည်။

တပ်မတော်အနေဖြင့် နှစ်ဖက်ထိပ်တိုက်တွေ့ဆုံမှုများကို ရှောင်ရှားနိုင်ရေးအောက်ခြေအဆင့်ဆင့်အား ထိန်းသိမ်းကြပ်မတ်လျက်ရှိပြီး ကေအိုင်အေ(ကချင်)အဖွဲ့အနေဖြင့် ၎င်းတို့၏ တပ်ဖွဲ့များကို ထိန်းသိမ်းသွားရန် ပြည်နယ်အစိုးရမှတစ်ဆင့် ကေအိုင်အို ပဋိပက္ခညှိနှိုင်းဖြေရှင်းရေးအဖွဲ့သို့ အကြောင်းကြားစာ ထပ်မံပေးပို့ထားကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

---

## ကေအိုင်အေ(ကချင်)အဖွဲ့မှ လက်နက်မဲ့ဝင်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ကေအိုင်အေ(ကချင်)အဖွဲ့ တပ်ရင်း(၄)မှ တပ်သားအဆင့်ရှိ ခင်မောင်ဝင်း(၂၆)နှစ်သည် နိုဝင်ဘာ ၂၂ ရက် ညနေ ၃ နာရီ မိနစ် ၄၀ တွင် တပ်မတော်စစ်ကြောင်းသို့လက်နက်မဲ့ဝင်ရောက်ခဲ့သည်။

ခင်မောင်ဝင်းသည် ၂၀၁၄ ခုနှစ် ဧပြီလတွင် မြစ်ကြီးနားမြို့နယ် မရှိယန်ရွှေမှော်မှ အလုပ်ထွက်ခဲ့ပြီး မြစ်ကြီးနားမြို့သို့ ဝေ့ထော်လမ်းအတိုင်း ပြန်လာစဉ် ကေအိုင်အေ(ကချင်)အဖွဲ့မှ အဓမ္မဖမ်းဆီးစုဆောင်းခြင်းခံရကာ မေလတွင် ကေအိုင်အေ(ကချင်)အဖွဲ့တပ်ရင်း(၄)သို့ ရောက်ရှိပြီး စစ်သင်တန်း နှစ်လခန့် တက်ရောက်ခဲ့ရကြောင်း၊ သင်တန်းဆင်းပြီးနောက် ၎င်းတပ်ရင်းတွင် ပြည်သူ့စစ် တာဝန်ထမ်းဆောင်ရကြောင်း၊ ကေအိုင်အေ(ကချင်)အဖွဲ့တွင် နေလိုစိတ်မရှိသဖြင့် ထွက်ပြေးရန် အကြိမ်ကြိမ် ကြိုးစားခဲ့ပြီး ကေအိုင်အေ(ကချင်)အဖွဲ့ တပ်ရင်း(၄)လက်အောက်ခံ (၁၇) မိုင်စခန်းသို့ရောက်ရှိစဉ် ထွက်ပြေး၍ တပ်မတော် စစ်ကြောင်းသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(မြဝတီ)**

---

**❖ ရခိုင်ပြည်နယ်မှ**

ယခုအခါ သက်သာသောနှုန်းဖြင့် လျှပ်စစ်မီးကို အသုံးပြုနိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာလတွင် ရခိုင်ပြည်နယ် စစ်တွေမြို့၌ မီးလင်းပွဲကို ကျင်းပတော့မည်ဖြစ်သည်။

မကြာမီ ရာနှုန်းပြည့် ပြီးစီးတော့မည့် ၂၃၀ ကေဗွီ ပုဏ္ဏားကျွန်းပင်မဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီ ကျောက်ဖြူပင်မဓာတ်အားခွဲရုံတို့မှ ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-စစ်တွေ အမှတ်(၁) ဓာတ်အားလိုင်း၊ ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ကျောက်တော်ဓာတ်အားလိုင်း၊ ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-မြောက်ဦး ဓာတ်အားလိုင်းတို့ဖြင့် စစ်တွေ၊ ပုဏ္ဏားကျွန်း၊ မြောက်ဦး၊ ကျောက်တော် စသည့်မြို့များသို့ လည်းကောင်း၊ ၆၆ ကေဗွီ ကျောက်ဖြူ-ရမ်းဗြဲ ဓာတ်အားလိုင်း၊ ၆၆ ကေဗွီ ကျောက်ဖြူ-မဒဲ ဓာတ်အားလိုင်း အမှတ်(၁)၊ ၆၆ ကေဗွီ ကျောက်ဖြူ-မဒဲ ဓာတ်အားလိုင်း အမှတ်(၂) တို့ဖြင့် ရမ်းဗြဲ၊ ကျောက်ဖြူ၊ မဒဲ စသည့်မြို့များသို့ လည်းကောင်း လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးတော့မည်ဖြစ်သည်။

ရခိုင်ပြည်နယ်ရှိ တောင်ကုတ်၊ သံတွဲ၊ အမ်း စသည့်မြို့များမှာ လျှပ်စစ်မီးကို ရရှိနေပြီဖြစ်ပြီး ပြည်နယ်အတွင်း မြို့ပေါ် တောရွာမကျန် လျှပ်စစ်မီးရရှိ သုံးစွဲနိုင်ရေးအတွက် အဆင့်အလိုက် ဆက်လက်ပြုလုပ်သွားမည်ဟု သိရသည်။

---

**မူးယစ်ဆန့်ကျင် အောင်ပွဲဆင်**

# ဖျာပုံခရိုင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအတွက် ထောက်ပံ့

**နေပြည်တော် နိုဝင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက ဖျာပုံမြို့ လိပ်ဥကုန်းဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများအား အထောက်အကူဖြစ်စေရန် ဝန်ကြီးဌာနအနေဖြင့် ဘိုကလေးမြို့နယ် ချောင်းရဲကြီးကျေးရွာအုပ်စု ဇီးဖြူရွာမကျေးရွာတွင် မုန်တိုင်းဒဏ်ခံအဆောက်အအုံ (Cyclone Shelter)တည်ဆောက်ရန် ငွေကျပ်သိန်း၇၅၀၊ ဖျာပုံမြို့နယ် မီးဘေးဒဏ်သင့် အိမ်ထောင်စုသုံးစုအတွက် ငွေကျပ်ခြောက်သိန်း၊ ဘိုကလေးမြို့နယ် မီးဘေးသင့် အိမ်ထောင်စုနှစ်စုအတွက် ငွေကျပ်လေးသိန်း၊ (၁၈) ရပ်ကွက် လိပ်ဥကုန်းဘုရား ဆွမ်းလောင်းမဏ္ဍပ်ရုံ တည်ဆောက်ရန် သွပ်အချပ် ၅၀၊ ရွှေနတ်ကူဘုရား မဏ္ဍပ်ရုံ ပြန်လည်တည်ဆောက်ရန် သွပ်အချပ် ၅၀၀ တို့ကို ထောက်ပံ့ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီး မိသားစုက လိပ်ဥကုန်းဘုရား ဆွမ်းလောင်းမဏ္ဍပ်ရုံတည်ဆောက်ရန် ငါးသိန်းနှင့် ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာ အဘိုးဆောင် ဆောက်လုပ်ရန်အတွက် ငါးသိန်းတို့ကို သက်ဆိုင်သူများထံ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒေးဒရဲမြို့သို့ ရောက်ရှိပြီး ချောင်းဖျားကျေးရွာ ဘုရားတန်ဆောင်း၌ ကျေးရွာလူထုနှင့် တွေ့ဆုံ၍ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ရွာလုံးကျွတ်မီးလင်းရေးအတွက် ဆိုလာပါဝါ ၁၁၅ စုံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း(အရေးပေါ်ပြဋ္ဌာန်းချက်များ)အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေပြဋ္ဌာန်း

**၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း(အရေးပေါ် ပြဋ္ဌာန်းချက်များ)အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ**

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၅၀။)

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

(၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း(အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း(အရေးပေါ်ပြဋ္ဌာန်းချက်များ)အက်ဥပဒေ[The Requisitioning (Emergency Provisions) Act, 1947]ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အာဆီယံ-ဂျပန် လူငယ်အစီအစဉ် ချစ်ကြည်ရေးသင်္ဘောခရီးစဉ် ရန်ကုန်မြို့သို့ ရောက်ရှိမည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

အာဆီယံနှင့် ဂျပန်လူငယ် အစီအစဉ် ချစ်ကြည်ရေးသင်္ဘောခရီးစဉ်သည် ရန်ကုန်မြို့သို့ နိုဝင်ဘာ ၂၈ ရက်တွင် ဆိုက်ကပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်အစီအစဉ် Southeast Asian and Japanese Youth Program (SSEAYP) သည် အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့ ပူးပေါင်းစီစဉ်မှု တစ်ခုဖြစ်ပြီး ၁၉၇၄ ခုနှစ် ဇန်နဝါရီမှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ ယခုနှစ် အစီအစဉ်မှာ (၄၁) ကြိမ်မြောက် ဖြစ်ကြောင်း သိရသည်။

အာဆီယံနိုင်ငံများနှင့် ဂျပန်လူငယ်များပါဝင်သော အဆိုပါသင်္ဘောခရီးစဉ်ကို ဂျပန်နိုင်ငံမှ စတင်ထွက်ခွာလာခဲ့ခြင်းဖြစ်ပြီး အာဆီယံနိုင်ငံများမှ လူငယ်များ အောက်တိုဘာ ၂၉ ရက်တွင် ဂျပန်နိုင်ငံသို့ ရောက်ရှိခဲ့ကြကာ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ ဂျပန်နိုင်ငံတွင် လူငယ်အစီအစဉ်များ ကျင်းပခဲ့ကြသည်။ နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၁၇ ရက်အထိ သင်္ဘောခရီးစဉ်အဖြစ် အာဆီယံနိုင်ငံများသို့ လည်ပတ်ရောက်ရှိမည်ဖြစ်သည်။ ဂျပန်နိုင်ငံမှ နိုဝင်ဘာ ၇ ရက်တွင် စတင်ထွက်ခွာလာကာ နိုဝင်ဘာ ၁၃ ရက်တွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံသို့ ရောက်ရှိခဲ့သည်။ နိုဝင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၊ နိုဝင်ဘာ ၂၈ ရက်တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်ပြီး နိုဝင်ဘာ ၃၀ ရက်အထိ လူငယ်အစီအစဉ်များ ကျင်းပမည်ဖြစ်သည်။ ဒီဇင်ဘာ ၅ ရက်မှ ၈ ရက် အထိ အင်ဒိုနီးရှားနိုင်ငံနှင့် ဒီဇင်ဘာ ၁၇ ရက်တွင် ဂျပန်နိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**(၀၀၁)**

# မိကရင်-ကော့ဖျံ-ရွှေလူလမ်းကျောက်ချောလမ်းခင်း

**ဘားအံ နိုဝင်ဘာ ၂၄**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ၉၇ ဒသမ ၇၄၈ သန်းဖြင့် ဘားအံမြို့နယ် မိကရင်-ကော့ဖျံ-ရွှေလူလမ်းကျောက်ချောလမ်းခင်းရန် ကျောက်စုဆောင်း ထားရှိမှုနှင့် အောက်ခံမြေသား လမ်းပြုပြင်နေမှုတို့ကို နိုဝင်ဘာ ၂၂ ရက်တွင် ဘားအံမြို့နယ် ကျေးလက်ဦးစီးမှူးနှင့်အဖွဲ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ ၁၅ ရွာ၊ အိမ်ခြေ ၁၅၅၀၊ လူဦးရေ ၈၀၈၈ ဦးအား အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

**(ကျေးလက်ဦးစီး)**










## ပညာရေးဝန်ကြီးဌာန
## ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ သိပ္ပံပစ္စည်းနှင့် ဓာတ်ဆေးများ၊ စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ အားကစား၊ အိမ်တွင်းမှု၊ ပန်းချီ၊ ဂီတပစ္စည်းများကို ဌာနအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၄-၁၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၁-၁၂-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ

တင်ဒါတင်သွင်းရန်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
ရုံးအမှတ်(၁၃)၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၇၃၀၇/၀၆၇-၄၀၇၀၄၃

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (၂၀၁၄-၂၀၁၅)ခု ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်၊ တောင်ကြီးနှင့် ကလောမြို့ တိုးချဲ့မြို့ရေပေးရေးစီမံကိန်းတွင် ဆောင်ရွက်မည့် Civil Work လုပ်ငန်းများအား တင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်နှံလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းနိုင်ပါသည်။

(က) တောင်ကြီးမြို့ တိုးချဲ့ရေပေးရေးစီမံကိန်း Civil Work လုပ်ငန်းများ (1Lot)

(ခ) ကလောမြို့ တိုးချဲ့ရေပေးရေးစီမံကိန်း Civil Work လုပ်ငန်းများ (1Lot)

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) များကို ၂၅-၁၂-၂၀၁၄ရက် ၁၂း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား ၂၅-၁၂-၂၀၁၄ ရက် မွန်းလွဲ ၁း၀၀နာရီ တိတိတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၅-၁၁-၂၀၁၄ရက်မှစ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်-၀၆၇-၄၀၉၄၀၇၊ ၄၀၉၂၁၅)တွင် ဆက်သွယ်ရယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

ပြည်တွင်းရေးရာ

# မြစ်ဝှမ်းဒေသများ ပြုပြင်ထိန်းသိမ်းရေး အဆင့်မြင့်နည်းပညာများဖြင့် စီမံခန့်ခွဲရန် လိုအပ်နေ

သတင်းနှင့် ဓာတ်ပုံ - အောင်မ်းစိုး(ကြေးမုံ)၊ နိုင်လင်းကြည်(ကြေးမုံ)

**နေပြည်တော် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံ၏ မြစ်ဝှမ်းဒေသများအား အဆင့်မြင့်သိပ္ပံနှင့် နည်းပညာအသုံးချ၍ စီမံခန့်ခွဲနိုင်ရေးအတွက် အရေးကြီးသော နည်းပညာများ၊ အတွေ့အကြုံများအား ဌာနဆိုင်ရာများ၊ တက္ကသိုလ်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား ဖြန့်ဝေပေးနိုင်ရေး၊ မြန်မာနိုင်ငံရှိမြစ်ဝှမ်းဒေသများအား ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ လက်ရှိအချိန်တွင် သစ်တောပြုန်းတီးမှု၊ သယံဇာတများ အလွန်အကျွံထုတ်ယူမှုများကြောင့် မြေဆီလွှာတိုက်စားမှုနှင့် အတူသဲသောင်ဖြစ်ထွန်းခြင်း၊ ကမ်းပြိုကမ်းစားခြင်း၊ ရေကြောင်းသွားလာမှုအခက်အခဲဖြစ်ခြင်းနှင့် ရေအရည်အသွေးကိုပါ ထိခိုက်နေပြီဖြစ်သောကြောင့် မြစ်ချောင်းများ၏ ရေဝေရေလဲဒေသများကို ပြုပြင်ထိန်းသိမ်းရေးအတွက် မြစ်ဝှမ်းဒေသများတွင် အဆင့်မြင့်နည်းပညာများအသုံးပြုကာ စီမံခန့်ခွဲရန် လိုအပ်နေပြီဖြစ်ကြောင်း နိုဝင်ဘာ ၂၄ ရက်က နေပြည်တော်ရှိ Royal ACE Hotel ၌ ကျင်းပသည့် "သိပ္ပံနှင့် နည်းပညာအသုံးချ မြစ်ဝှမ်းလွင်ပြင်ဒေသစီမံခန့်ခွဲမှု"အလုပ်ရုံဆွေးနွေးပွဲတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ပြောကြားခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ မြေယာ၊ အဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဂျပန်ရေအသုံးချအေဂျင်စီ၊ တိုကျိုတက္ကသိုလ်၊ ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ အာရှမြစ်ဝှမ်းလွင်ပြင်ဒေသအဖွဲ့အစည်းကွန်ရက်နှင့် ဂျပန်နိုင်ငံဆိုင်ရာမြန်မာသံရုံးတို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

"ကမ္ဘာပေါ်မှာ နိုင်ငံအတော်များများက ရေသယံဇာတတွေကို စီမံခန့်ခွဲတဲ့နေရာမှာ ဘက်စုံရေသယံဇာတစီမံခန့်ခွဲမှုနည်းပညာတွေကို စတင်အသုံးပြုနေပြီဖြစ်ပါတယ်၊ မြစ်ဝှမ်းတွေကို စီမံခန့်ခွဲတဲ့နေရာမှာလည်း ဘယ်လိုဆောင်ရွက်နေကြတယ်ဆိုတာကို ဂျပန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်တွေရဲ့ ဆွေးနွေးတင်ပြချက်တွေကတစ်ဆင့် အတွေ့အကြုံနဲ့ ဗဟုသုတတွေ ရရှိနိုင်မှာဖြစ်သလို ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့လည်း မြစ်ဝှမ်းဒေသစီမံခန့်ခွဲမှုနဲ့ ပတ်သက်လို့ ကနဦးဆောင်ရွက်နေပြီဖြစ်ပေမယ့် လက်ရှိဆောင်ရွက်နေတာတွေနဲ့ ပတ်သက်လို့ ဆွေးနွေးခဲ့ပါတယ်၊ ဆည်မြောင်းဦးစီးဌာနက ဦးဆောင်ပြီး မြန်မာနိုင်ငံ ရေသယံဇာတမိတ်ဖက်အဖွဲ့အစည်းဆိုပြီး နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တာရှိသလို အင်ဒိုနီးရှားနဲ့ ထိုင်းနိုင်ငံတွေမှာ ကျင်းပခဲ့တဲ့ ရေသယံဇာတဆွေးနွေးပွဲတွေ သွားတက်ခဲ့တာတွေရှိခဲ့ပေမယ့် မြစ်ဝှမ်းဒေသစီမံခန့်ခွဲမှုတွေကိုတော့ ကျွန်တော်တို့က အခုမှ စလုပ်တာပါ"ဟု ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်လွင်ထွန်းက ရှင်းပြသည်။

"ဧရာဝတီမြစ်ဝှမ်းဒေသမှာရှိတဲ့ လူ့အဖွဲ့အစည်းတွေကို အခြေခံပြီး သုတေသနအတွေ့အကြုံတွေကို ရှင်းပြခဲ့တာဖြစ်ပါတယ်။ ဧရာဝတီမြစ်ဝှမ်းဒေသတစ်လျှောက်လုံးမှာ နေထိုင်ကြတဲ့ လူ့အဖွဲ့အစည်းအားလုံးနဲ့ ပတ်ဝန်းကျင်ဒေသထိန်းသိမ်းရေး ရေရှည်တည်တံ့နိုင်ရေးအတွက် သုတေသနကို သိပ္ပံနည်းပညာတွေနဲ့ ကျွန်မတို့ ဆောင်ရွက်နေပါတယ်" ဟု ရန်ကုန်နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (ငြိမ်း)၊ ဧရာဝတီမြစ်ဝှမ်းဒေသအဖွဲ့အစည်း(ARBRO) ဥက္ကဋ္ဌ ဒေါက်တာဆွေဆွေအေးက ပြောကြားသည်။



"မြစ်ဝှမ်းဒေသများရဲ့ အနာဂတ်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်း၊ လက်ရှိကြုံတွေ့နေရတဲ့ဘေးအန္တရာယ်တွေကို လျှော့ချခြင်း စတဲ့ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်တယ်ဆိုတာ သိမြင်လာဖို့လိုပါတယ်၊ ဂျပန်နိုင်ငံအနေနဲ့တက္ကသိုလ်များနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးမှာဖြစ်သလို သဘာဝဘေးအန္တရာယ်များ လျော့ပါးသွားအောင် ပညာပေးဆောင်ရွက်သွားမှာပါ။ ပြီးတော့ မြစ်ဝှမ်းဒေသတွေမှာရှိတဲ့ မြန်မာ့လူထုအဖွဲ့အစည်းတွေကိုဂျပန်နိုင်ငံမှာကြုံတွေ့ခဲ့ရတဲ့သဘာဝဘေးအန္တရာယ် အခက်အခဲတွေပေါ် အခြေခံပြီး အကူအညီပေးချင်တာပါ၊ ဂျပန်နိုင်ငံအနေနဲ့ အခုလိုမျိုးဆွေးနွေးပွဲတွေကို အာရှမှာတင် မဟုတ်ဘဲ အာဖရိကနိုင်ငံတွေမှာပါ ဆောင်ရွက်နေပါတယ်၊ တိုကျိုတက္ကသိုလ်အနေနဲ့ မြန်မာနိုင်ငံရဲ့သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံက တက္ကသိုလ်တွေနဲ့ အချင်းချင်းချိတ်ဆက်ဆောင်ရွက်နေရုံတင်မကဘဲ သက်ဆိုင်ရာဌာနတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်သွားဖို့ရှိပါတယ်"ဟု ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာဌာန ပါမောက္ခ၊ နိုင်ငံတကာရေဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန ညွှန်ကြားရေးမှူး တိုရှီယိုကိုအီကီက ပြောကြားခဲ့သည်။

မြစ်ချောင်းအင်းအိုင်များ၏ အသက်သွေးကြောသည် ရေဝေရေလဲဧရိယာဖြစ်သလို ရေဝေရေလဲဧရိယာ၏ အသက်သွေးကြောသည် သစ်တောသစ်ပင်များဖြစ်သည်။ ယခုအခါဧရာဝတီမြစ်၏ ရေဝေရေလဲဧရိယာမှာ သိသိသာသာလျော့နည်းသွားသလို သောင်ထွန်းခြင်း၊ မြစ်ရေတိမ်ကောခြင်းနှင့် မြစ်ရေနောက်ကျိခြင်းများ ဖြစ်ပေါ်နေကြောင်း သဘော်မောင်းသူများထံမှ သိရသည်။ ဧရာဝတီမြစ်ဝှမ်းဒေသကို ပိုမိုထိန်းသိမ်းသင့်ကြောင်း ဘူမိဗေဒပညာရှင်များကလည်း ထောက်ပြထားသည်။

"မြစ်ဝှမ်းလွင်ပြင်စီမံခန့်ခွဲမှုမှာ ရေစတင်စီးဆင်းရာကနေ ပင်လယ်ထဲအထိ အကျုံးဝင်ပါတယ်၊ မြစ်ဝှမ်းလွင်ပြင်ဒေသမှာ ဂေဟစနစ်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာထုတ်ပြန်ချက်တွေ၊ အင်းတွေကို စီမံခန့်ခွဲမှု၊ မြစ်ကမ်းပြိုကျမှုတွေ၊ ရေကြီးရေလျှံမှုတွေ၊ ရေအရည်အသွေးနိမ့်ကျတာတွေ မဖြစ်ပွားအောင်၊ လူထုအတွက် ကောင်းကောင်း အသုံးချနိုင်အောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်၊ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ သိပ္ပံနဲ့နည်းပညာရပ်တွေ လိုအပ်ပါတယ်၊ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေကို ဒီနေရာကတော့ဖြင့် ဘာလုပ်သင့်တယ်၊ ဒီနေရာကတော့ သစ်ပင်တွေ ပြန်စိုက်သင့်တယ် စတဲ့အကြံဉာဏ်တွေကို ပေးရမှာဖြစ်ပါတယ်၊ အဲဒီလိုနည်းနဲ့ မြေဆီလွှာမပျက်စီးအောင်၊ ရေအရည်အသွေးနိမ့်ကျမှုမဖြစ်ပွားအောင်၊ ကမ်းပြိုကျမှုမဖြစ်ပွားအောင်နဲ့ ရေကြောင်းပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးအောင် စီမံခန့်ခွဲမှုတွေ လုပ်ဆောင်သွားရမှာပါ"ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးခိုင်က ရှင်းပြသည်။

"ဒီနေ့ကျင်းပတဲ့ ဆွေးနွေးပွဲကနေ ဂျပန်နိုင်ငံအနေနဲ့ မြစ်ဝှမ်းဒေသစီမံခန့်ခွဲမှုဆိုင်ရာ သိပ္ပံနဲ့ နည်းပညာရပ်တွေကို ကူညီပေးနိုင်မယ့်အခွင့်အရေးတွေ ရရှိမှာပါ၊ မြန်မာနိုင်ငံအနေနဲ့လည်း လိုအပ်နေတဲ့မြစ်ဝှမ်းဒေသစီမံခန့်ခွဲမှုဆိုင်ရာနည်းပညာရပ်တွေကို ပူးပေါင်းဆောင်ရွက်နိုင်မယ့် အခွင့်အရေးတွေ ရရှိစေနိုင်တဲ့အပြင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတွေလည်း တိုးမြှင့်လုပ်ဆောင်လာနိုင်မှာ ဖြစ်ပါတယ်၊ ကျွန်တော်တို့အနေနဲ့ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား စတဲ့နိုင်ငံတွေနဲ့လည်း မြစ်ဝှမ်းဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေလုပ်ဆောင်နေပါတယ်"ဟု တိုကျိုတက္ကသိုလ်မှ စီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပါမောက္ခ ဒေါက်တာ အာကီယူကီအာဆာဝါကီက ပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ တိုကျိုတက္ကသိုလ်မှ ပါမောက္ခများ၊ ဂျပန်ရေအသုံးချရေးအေဂျင်စီ၊ အာရှမြစ်ဝှမ်းလွင်ပြင်ဒေသအဖွဲ့အစည်းကွန်ရက်၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်များမှ ပါမောက္ခများ၊ ဆည်မြောင်းဦးစီးဌာန၊ ဧရာဝတီမြစ်ဝှမ်းဒေသအဖွဲ့အစည်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန စသည်တို့အပြင်ရေနှင့် ဆက်စပ်သောအစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။ ။



# အစိုးရသစ်ကာလအတွင်း ဘဏ္ဍာရေးဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များ

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ချက် |
|---|---|---|
| ၁။ | ဘဏ်အတိုးနှုန်းများ ပြင်ဆင်သတ်မှတ်ခြင်း | ➢ ဘဏ်များအနေဖြင့် ၁-၁-၂၀၁၂ ရက်နေ့မှစ၍ အပ်ငွေအပေါ် အတိုးနှုန်း တစ်နှစ်လျှင် ၈ ရာခိုင်နှုန်းထက်မနည်းစေရန်နှင့် ချေးငွေအပေါ် အတိုးနှုန်းတစ်နှစ်လျှင် ၁၃ ရာခိုင်နှုန်းထက်မကျော်လွန်စေရန် ပြင်ဆင်သတ်မှတ်ခဲ့ပါသည်။ |
| ၂။ | နိုင်ငံခြားငွေ ဝယ်ယူရောင်းချ လဲလှယ်ခွင့်လုပ်ငန်း (Money Changer) များ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း | ➢ ၂၉-၉-၂၀၁၁ ရက်နေ့တွင် ပုဂ္ဂလိကဘဏ်(၆)ဘဏ်သို့ အမေရိကန်ဒေါ်လာ၊ ယူရိုနှင့် စင်ကာပူဒေါ်လာတို့အား ပြည်တွင်းသုံးကျပ်ငွေဖြင့် ဝယ်ယူခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းအား စတင်ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။<br>➢ နိုင်ငံခြားငွေများဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လုပ်ငန်းလိုင်စင် (Money Changer Licence) ရ ဘဏ်များအနေဖြင့် နိုင်ငံခြားငွေများ ဝယ်ယူရောင်းချခြင်းတို့နှင့် ပတ်သက်၍ အမေရိကန်ဒေါ်လာ ၁၀၀၀၀ အထိနှင့် ယင်းပမာဏနှင့်ညီမျှသော ယူရိုနှင့် စင်ကာပူဒေါ်လာများကို မည်သူ့ထံမှမဆို အထောက်အထားစာရွက်စာတမ်းတင်ပြရန်မလိုဘဲ လွတ်လပ်စွာရောင်းဝယ်ခွင့်ပြုခဲ့သည်။ |
| ၃။ | နိုင်ငံခြားငွေ လဲလှယ်နှုန်း တစ်မျိုးတည်း ဖြစ်စေရေး ဆောင်ရွက်ခြင်း (Exchange Rate Unification) | ➢ ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ နှုန်းအမျိုးမျိုးဖြစ်နေသည့် နိုင်ငံခြားငွေလဲလှယ်နှုန်းအား နှုန်းတစ်မျိုးတည်းဖြစ်စေရန် Exchange Rate Unification အား စတင်ဆောင်ရွက်ခဲ့သည်။ |
| ၄။ | မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက် ပေါ်ထွန်းလာစေရေးဆောင်ရွက်ခြင်း | ➢ မြန်မာနိုင်ငံ၌ အရင်းအနှီးဈေးကွက် ပေါ်ထွန်းလာစေရေးအတွက် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေကို ၃၁-၇-၂၀၁၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။<br>➢ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ကို အဖွဲ့ဝင်ခုနစ်ဦးဖြင့် ၁၉-၈-၂၀၁၄ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။<br>➢ မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက်ဖြစ်ပေါ်ရေးအတွက် ရန်ကုန်စတော့အိတ်ချိန်း (Yangon Stock Exchange)အား ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် စတင်ဖွင့်လှစ်နိုင်ရေး ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ |
| ၅။ | အငြိမ်းစားလစာ ထုတ်ယူမှု မြန်ဆန်စေရေး E-Pension စနစ်ဆောင်ရွက်ခြင်း | ➢ မြန်မာ့စီးပွားရေးဘဏ်မှ အငြိမ်းစားလစာများထုတ်ပေးရာတွင် ယခင်က အငြိမ်းစားပင်စင်စာအုပ်ဖြင့် ထုတ်ပေးနေရာမှ ပိုမိုလွယ်ကူလျင်မြန်စေရန်၊ E-Pension စနစ် (Smart Card)ဖြင့် ၂၀၁၂ ခုနှစ် ဩဂုတ်လမှ စတင်ကျင့်သုံးဆောင်ရွက်ခဲ့သည်။<br>➢ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၀ ရက်နေ့အထိ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ ၂၉၈ ခု၌ E-Pension ကတ် ၅၁၀ ၃၈၇ ကတ်အား ထုတ်ပေးပြီးဖြစ်ပါသည်။ |
| ၆ | ပုဂ္ဂလိကအာမခံကုမ္ပဏီများအား လုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်း | ➢ မြန်မာနိုင်ငံတွင် ယခင်က မြန်မာ့အာမခံလုပ်ငန်း တစ်ခုတည်းကသာ အာမခံလုပ်ငန်းအား လုပ်ကိုင်ဆောင်ရွက်ခဲ့ရာမှ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ(၁၉၉၆)အရ အာမခံကုမ္ပဏီများကို ၂၀၁၂ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ ပုဂ္ဂလိကပိုင်၊ အများပိုင်ကုမ္ပဏီများအဖြစ် တည်ထောင်ခွင့်ပြုခဲ့ပါသည်။<br>➢ မြန်မာ့အာမခံလုပ်ငန်းသည် ပုဂ္ဂလိကအာမခံကုမ္ပဏီ(၁၂)ခုကို ဖွင့်လှစ်တည်ထောင်ခွင့်ပြုခဲ့ပြီး ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလကုန်အထိ အာမခံကုမ္ပဏီ (၁၁)ခုအား လုပ်ငန်းလိုင်စင် ခွင့်ပြုထုတ်ပေးခဲ့ပါသည်။ |
| ၇။ | အသေးစားငွေရေးကြေးရေး လုပ်ငန်း (Microfinance)များ လုပ်ကိုင် ဆောင်ရွက်ခွင့်ပြုခြင်း | ➢ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးရုံး၏ ၁၁-၁၁-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၁၈/၂၀၁၁ ဖြင့် 'မြန်မာ့အသေးစားချေးငွေလုပ်ငန်း'အား 'မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း'အဖြစ်သို့ ပြင်ဆင်ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။<br>➢ ၃၀-၁၁-၂၀၁၁ ရက်နေ့တွင် ၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃ ဖြင့် 'အသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေ'ကို ပြဋ္ဌာန်းခဲ့ပါသည်။<br>➢ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၂-၁၂-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၈/၂၀၁၁ အရ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။<br>➢ မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းအား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနအဖြစ် ၁-၉-၂၀၁၄ ရက်နေ့မှစတင်၍ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့သည်။<br>➢ အသေးစား ငွေရေးကြေးရေးလုပ်ငန်း (Microfinance) လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားတင်ပြလာသည့် အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ လုပ်ကိုင်ခွင့်လိုင်စင်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၄ ခုနှစ် အောက်တိုဘာလကုန်အထိ လိုင်စင်ခွင့်ပြုပြီးအရေအတွက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-<br>(က) INGO (၇) ဖွဲ့<br>(ခ) NGO (၂၁) ဖွဲ့<br>(ဂ) သမဝါယမ (၇၇) ဖွဲ့<br>(ဃ) ပြည်တွင်းကုမ္ပဏီ (၉၅) ခု<br>(င) ပြည်ပကုမ္ပဏီ (၁၄) ခု<br>(စ) အစုစပ်ကုမ္ပဏီ (၁) ခု<br>စုစုပေါင်း ၂၁၅ ဖွဲ့ |
| ၈။ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့်တိုင်းဒေသကြီး/ ပြည်နယ်ဘဏ္ဍာရန်ပုံငွေစာရင်းများ သီးခြားဆောင်ရွက်ခြင်း | ➢ ယခင်က နိုင်ငံတော်ဘတ်ဂျက်တစ်ခုတည်း နိုင်ငံတော်တစ်ရပ်လုံး၏ရငွေ၊ သုံးငွေဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ခဲ့ရာမှ ၂၀၁၁-၂၀၁၂ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ်မှစ၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေဟူ၍ သီးခြားစီဆောင်ရွက်ခဲ့ပါသည်။<br>➢ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုနှင့်တိုင်းဒေသကြီး/ပြည်နယ်ဘဏ္ဍာရန်ပုံငွေဆိုင်ရာစာရင်းများ ခွဲခြားဆောင်ရွက်နိုင်ရန်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ ဖွဲ့စည်းပုံအား တိုင်းဒေသကြီး/ပြည်နယ်ရုံးများပါဝင်သည့် ဖွဲ့စည်းပုံသို့ ၂၅-၈-၂၀၁၁ ရက်နေ့မှစ၍တိုးချဲ့ပြင်ဆင်ဆောင်ရွက်ခဲ့သည်။ |
| ၉။ | နိုင်ငံ့ဝန်ထမ်းများ စားဝတ်နေရေးကို အထောက်အကူဖြစ်စေရန် လစာနှင့် အပိုထောက်ပံ့ကြေးခံစားခွင့်ပြုခြင်း | ➢ နိုင်ငံ့ဝန်ထမ်းများ၏ စားဝတ်နေရေးကို အထောက်အကူဖြစ်စေရန်အတွက် လက်ရှိလစာအပြင် အပိုထောက်ပံ့ကြေး ၃၀၀၀၀/-(ကျပ်သုံးသောင်း)အား ၂၀၁၂ ခုနှစ်၊ ဧပြီလမှစ၍ လစဉ်ခံစားခွင့်ပြုခဲ့သည်။<br>➢ နိုင်ငံ့ဝန်ထမ်းများ၏ စားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်းကို အထိုက်အလျောက် မြှင့်တင်ပေးနိုင်ရန်ရည်ရွယ်၍ နိုင်ငံ့ဝန်ထမ်းများ၏လစာနှုန်းကို ၂၀၁၃ ခုနှစ်၊ ဧပြီလမှစ၍ ကျပ် ၂၀၀၀၀/-(ကျပ်နှစ်သောင်း)ကိုလည်းကောင်း၊ ဆက်လက်ပြီး ၂၀၁၄ ခုနှစ်၊ ဧပြီလမှစ၍ ကျပ် ၂၀၀၀၀/-(ကျပ်နှစ်သောင်း)ကိုလည်းကောင်း တိုးမြှင့်ခံစားခွင့်ပြုခဲ့သည်။ |
| ၁၀။ | ပြည်ပကြွေးမြီများ ရှင်းလင်းရေး ဆောင်ရွက်ခြင်း | ➢ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် နှစ်နိုင်ငံအစိုးရတို့ထံမှ ၁၉၈၈ ခုနှစ်မတိုင်မီက ရယူခဲ့သောချေးငွေများအား အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ပေးဆပ်နိုင်ခြင်း မရှိခဲ့ပါသဖြင့် အစိုးရသစ်လက်ထက်တွင် ပြည်ပကြွေးမြီရှင်းလင်းခြင်းကို ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ၂၀၁၁ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ပါသည်။<br>➢ အာရှဖွံ့ဖြိုးရေးဘဏ်သို့ပေးရန်ရှိ ကြွေးမြီအား ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဘဏ် (JBIC) မှ ပေါင်းကူးချေးငွေရယူ၍ ရှင်းလင်းခြင်းကို ၁၇-၁-၂၀၁၃ ရက်နေ့၌လည်းကောင်း၊ ကမ္ဘာ့ဘဏ်သို့ပေးရန်ရှိ ကြွေးမြီအား JBIC မှ ပေါင်းကူးချေးငွေရယူ၍ ရှင်းလင်းခြင်းကို ၂၅-၁-၂၀၁၃ ရက်နေ့တွင်လည်းကောင်း ကြွေးဟောင်းမှ ကြွေးသစ်ပုံစံပြောင်းလဲဆောင်ရွက်ခဲ့ပါသည်။ ပဲရစ်ကလပ်အဖွဲ့ဝင် နိုင်ငံတစ်ခုဖြစ်သော ဂျပန်နိုင်ငံအနေဖြင့် ကြွေးမြီ စုစုပေါင်း၏ ၆၀%အား ကြွေးလျှော်ပေးခဲ့ပြီး ကျန် ၄၀%အား ဂျပန်နိုင်ငံကူးသန်းရောင်းဝယ်ရေးဘဏ်(၃)ဘဏ်ထံမှ ပေါင်းကူးချေးငွေရယူ၍ ကြွေးဟောင်းမှ ကြွေးသစ်ပုံစံပြောင်းခြင်း၊ ကျန်ပဲရစ်ကလပ်အဖွဲ့ဝင်(၁၀)နိုင်ငံအနက် နော်ဝေနိုင်ငံ၊ ဒိန်းမတ်နိုင်ငံ၊ ကနေဒါနိုင်ငံတို့မှ ကြွေးမြီ ၁၀၀%လျှော်ပေးခဲ့ပြီး ကျန်(၇)နိုင်ငံက ကြွေးမြီ ၅၀%အား ကြွေးလျှော်ပေးပြီး ကျန် ၅၀%အား ကြွေးဟောင်းမှကြွေးသစ်ပုံစံပြောင်းလဲခြင်းတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံမှ တင်ရှိနေသော ပြည်ပကြွေးမြီစုစုပေါင်း၏ ၅၈ ရာခိုင်နှုန်းခန့်ကို ကြွေးလျှော်ပေးခြင်းကို ရရှိခံစားခဲ့ရပါသည်။<br>➢ မြန်မာနိုင်ငံအနေဖြင့် ပဲရစ်ကလပ်အဖွဲ့ဝင်(၁၁)နိုင်ငံနှင့် ကြွေးမြီရှင်းလင်းရာတွင် ကြွေးမြီပမာဏ အမေရိကန်ဒေါ်လာ ၅၉၅၅ သန်းကို ကြွေးလျှော်နိုင်ခဲ့ပါသည်။ |
| ၁၁။ | လူမှုရေးခက်ခဲသော မြို့နယ်များတွင် တာဝန်ထမ်းဆောင်သော ရုံးဝန်ထမ်းများအား ဒေသစရိတ်ခံစားခွင့်ပြုခြင်း | ➢ လူမှုရေးခက်ခဲသော မြို့နယ် (၈၇)မြို့နယ်တွင် တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများကို ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ဒေသစရိတ်ခံစားခွင့်ပြုခဲ့ပါသည်။<br>➢ ၂၀၁၄ ခုနှစ် အောက်တိုဘာလအထိ ဒေသစရိတ်ခံစားခွင့်ရှိသော မြို့နယ်စုစုပေါင်း ၁၁၀ ရှိပြီဖြစ်ပါသည်။ |
| ၁၂။ | ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် (Public Finance Management) ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခြင်း | ➢ IMF နှင့် ပူးပေါင်းကာ မြန်မာနိုင်ငံ၏ မေခရိုစီးပွားရေးအခြေအနေတို့ကို တစ်နှစ်တာ စောင့်ကြပ်ကြည့်ရှုသည့် Staff Monitored Program (SMP) အစီအစဉ်ကို ၁-၁-၂၀၁၃ ရက်နေ့မှ ၃၁-၁၂-၂၀၁၃ ရက်နေ့အထိ ဆောင်ရွက်ခဲ့ရာ သတ်မှတ် ချက်ကို ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ကြွေးမြီခံနိုင်ရည်ရှိမှုကို ဆန်းစစ်သည့် ကမ္ဘာ့ဘဏ်နှင့် IMF တို့၏ ပူးတွဲလေ့လာချက် (Debt Sustainability Analysis) ကိုလည်း ဆောင်ရွက်ခဲ့ ပါသည်။<br>➢ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် လေ့လာသုံးသပ်ချက်အစီရင်ခံစာများအရ အားသာချက်နှင့် အားနည်းချက်များ၊ ကြုံတွေ့ရသော အခက်အခဲများအပေါ် အခြေပြု၍ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် ပြည်တွင်းမှ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့အပါအဝင် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့ အစည်းများနှင့် ပူးပေါင်းလက်တွဲပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲရေးဆိုင်ရာ မဟာဗျူဟာ (Public Finance Management Reform Strategy)တစ်ရပ်ကို ရေးဆွဲချမှတ်နိုင်ခဲ့ပါသည်။<br>➢ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်မှစတင်၍ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲရေးစနစ်အတွက် ကာလလတ်ဘဏ္ဍာရေးမူဘောင် (Medium Term Fiscal Framework) ရေးဆွဲခြင်းအား စတင်ကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |
| ၁၃။ | ငွေတိုက်ဦးစီးဌာန အသစ်ဖွင့်လှစ်ခြင်းနှင့်ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ | ➢ ၁၉-၆-၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၁၄)၏ သဘောတူခွင့်ပြုချက်အရ ဘဏ္ဍာရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်တွင် ငွေတိုက်ဦးစီးဌာနအား ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှစ၍ အသစ်ဖွဲ့စည်းခဲ့ပါသည်။<br>➢ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ အကူအညီဖြင့် ငွေကြေးစီမံခန့်ခွဲမှု၏ အဓိကလုပ်ဆောင်ချက်ဖြစ်သည့် ငွေသားလိုအပ်ချက်အား အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန်အတွက် အပတ်စဉ်စာရင်းရှင်းလင်းရေးကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှစတင်အကောင်အထည်ဖော်မည်ဖြစ်ပါသည်။ ယင်းမှတစ်ဆင့် ငွေသားစီးဆင်းမှုအား ကြိုတင်ခန့်မှန်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။<br>➢ မြန်မာနိုင်ငံ၏ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုစနစ်ကို အားဖြည့်ဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ နည်းပညာအကူအညီဖြင့် ကြွေးမြီမှတ်တမ်းတင်မှုနှင့် စီမံခန့်ခွဲမှုစနစ်အား Software အသုံးပြု၍နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ရန်၊ ပြည်သူ့ကြွေးမြီဆိုင်ရာဥပဒေနှင့် ဖွဲ့စည်းမှုမူဘောင်ခိုင်မာတောင့်တင်းစေရန်အတွက် လိုအပ်သည့်ဥပဒေများပြင်ဆင်ပြဋ္ဌာန်းရန်၊ ကြွေးမြီခံနိုင်ရည်ရှိမှု လေ့လာဆန်းစစ်ခြင်း (Debt Sustainability Analysis)စွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာစေရေးဆောင်ရွက်ရန်နှင့် ၂၀၁၅ ခု၊ ဇန်နဝါရီလတွင် အစိုးရငွေတိုက်လက်မှတ်များ လေလံတင်ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ |

(ဆက်လက်ဖော်ပြပါမည်)

## ချန်ပီယံလိဂ်ပြိုင်ပွဲဝင် ဘွန်ဒက်လီဂါအသင်းများကို ချဉ်းကပ်ကြည့်ခြင်း

၂၀၁၄-၂၀၁၅ ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်များတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရသော ဂျာမန်ဘွန်ဒက်လီဂါအသင်း လေးသင်းစလုံး အုပ်စုပွဲစဉ်-၄ ပွဲကစားအပြီးတွင် ရလဒ်ကောင်းများရယူပိုင်ဆိုင်ထားသည်ကို တွေ့ရသည်။ ပွဲစဉ်-၄ အပြီးမှာ ဒေါ့မွန်၊ ဘိုင်ယန်မြူးနစ်တို့ နောက်တစ်ဆင့်တက်ခွင့်ရခဲ့ပြီး လေဗာကူဆင်နှင့် ရှော်လ်ကေးတို့မှာလည်း နောက်တစ်ဆင့်တက်ရောက်ခွင့်ရရန် အလားအလာကောင်းနေသည်။ နိုဝင်ဘာ ၂၆၊ ၂၇ ရက် နံနက်ပိုင်းတွင်ကစားမည့် အုပ်စုပွဲစဉ်-၅ မှာ လေဗာကူဆင်၊ ရှော်လ်ကေးတို့နှစ်သင်းထဲက ဘယ်အသင်း ဒေါ့မွန်၊ ဘိုင်ယန်မြူးနစ်တို့လမ်းစဉ်အတိုင်း အောင်ပွဲခံပြီး နောက်တစ်ဆင့်တက်ရောက်နိုင်မလဲဆိုတာ စိတ်ဝင်စားစရာဖြစ်နေသည်။

**မန်စီးတီး-ဘိုင်ယန် နံနက် ၂း၁၅ (၂၆-၁၁-၂၀၁၄)**

ဘိုင်ယန်မြူးနစ်အသင်း အုပ်စုပထမနေရာကနေ နောက်တစ်ဆင့်တက်ခွင့်ရရှိပြီးဖြစ်၍ မန်စီးတီးအိမ်ကွင်းပွဲမှာ အားကုန်ထုတ်ကစားတော့မည်မဟုတ်ဟု သုံးသပ်မိသည်။ သို့သော် အင်္ဂလန်မြေတွင် နောက်ဆုံးသွားကစားခဲ့သည့် ငါးကြိမ်ဆက်ရှုံးပွဲမရှိ၊ လေးပွဲအနိုင်ရခဲ့သည့် မှတ်တမ်းကောင်းကို ဆက်ထိန်းသွားဖွယ်ရှိနေသည်။

**ရှော်လ်ကေး-ချယ်လ်ဆီး နံနက် ၂း၁၅ (၂၆-၁၁-၂၀၁၄)**

ရှော်လ်ကေးအသင်း နောက်တစ်ဆင့်တက်ခွင့်ရရေး ယခုအိမ်ကွင်းပွဲက အရေးပါသည့်ပွဲဖြစ်နေသည်။ ညှိသည်ကလည်း အမှတ်လိုနေသေး၍ အားစိုက်ကစားပေလိမ့်မည်။ ချယ်လ်ဆီးနှင့်တွေ့ဆုံသည့်ပွဲတိုင်း အနိုင်မရဖူးသည့် ရှော်လ်ကေးအသင်း ယခုပွဲမှာရလဒ်ကောင်းရအောင် ကြိုးစားမည်ဖြစ်သည်။ ရှော်လ်ကေးတို့ အမှတ်ပြည့်မရခဲ့ရင်တောင် သရေတစ်မှတ်တော့ ရယူနိုင်ပါလိမ့်မည်။

**လေဗာကူဆင်-မိုနာကို နံနက် ၂း၁၅ (၂၇-၁၁-၂၀၁၄)**

မိုနာကိုအသင်းကို အနိုင်ရလျှင် (သို့မဟုတ်) သရေကစားနိုင်ခဲ့လျှင်ပင် လေဗာကူဆင်တို့ နောက်တစ်ဆင့်တက်ခွင့်ရမည်ဖြစ်သဖြင့် ဂရုတစိုက်အားထည့်ရုန်းပါလိမ့်မည်။ စက်တင်ဘာလအတွင်း ကစားခဲ့သည့် ပထမအကျော့ရလဒ်ကို လေဗာကူဆင်အသင်း အိမ်ကွင်းတွင် ပြန်လည်ချေဖျက်ပြနိုင်လိမ့်မည်ဟု သုံးသပ်မိသည်။

**အာဆင်နယ်-ဒေါ့မွန် နံနက် ၂း၁၅ (၂၇-၁၁-၂၀၁၄)**

နောက်တစ်ဆင့်တက်ရောက်ခွင့်ရထားသည့် ဒေါ့မွန်အသင်း အင်္ဂလန်မြေပေါ်မှာ အမှတ်ပြည့်နိုင်ပွဲထက် သရေတစ်မှတ်ရနိုင်ဖို့ကိုသာ ဦးတည်ကစားသွားဖွယ်ရှိနေသည်။ **(ဝင်းထွဋ်ဦး)**

## ဒေါ့မွန်အသင်းနည်းပြ ဂျာဂန်ကလော့ ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေ



ဒေါ့မွန်အသင်းနည်းပြ ဂျာဂန်ကလော့အား ဒေါ့မွန်အသင်းမှ ကစားသမားများကို ဘိုင်ယန်မြူးနစ်အသင်းအတွက် ဖြည့်ဆည်းပေးနေရသည်မှာ မောပန်းနေပြီဟု သရော်မှုများရှိလာခဲ့ခြင်းကြောင့် ဒေါ့မွန်အသင်းကို စွန့်ခွာရန် ဆန္ဒရှိနေပြီဖြစ်ကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။

ထို့ကြောင့် နည်းပြဂျာဂန်ကလော့၏ အေးဂျင့်ဖြစ်သူက ဂျာဂန်ကလော့သည် ဥရောပထိပ်တန်းအဆင့်ရှိ ကလပ်အသင်းများဆီသို့ ပြောင်းရွှေ့ရန် ချိတ်ဆက်မှုများပြုလုပ်နေကြောင်းနှင့် ၎င်း၏ နည်းပြဘဝသည်လည်း ပရီမီယာလိဂ်ဆီသို့ ဦးတည်နေကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ထို့သို့ ဂျာဂန်ကလော့၏ အေဂျင့်က ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် ဂျာဂန်ကလော့အနေဖြင့် "ကျွန်တော်တတ်တဲ့ဘာသာစကားက နည်းပါတယ်၊ ဒါကြောင့် ကျွန်တော့်ကို ကလပ်အသင်းအချို့က ခေါ်ခဲ့ရင်တောင် ကျွန်တော်ပြောနိုင်မယ့် ဘာသာစကားနဲ့ ပတ်သက်ပြီး ဆွေးနွေးရပါဦးမယ်"ဟု ပြောကြားခဲ့သည်။

ဂျာဂန်ကလော့သည် ဒေါ့မွန်အသင်းတွင် ၂၀၀၈ ခုနှစ်ကတည်းက နည်းပြတာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီကုန်တွင် ပယ်လီဂရီနီအီတီဟက်ဒ်ကို စွန့်ခွာခဲ့ပါက မန်စီးတီးအသင်း၏ ပစ်မှတ်ထားခြင်းကို ခံရလိမ့်မည်ဖြစ်ကြောင်း ဂျာဂန်ကလော့က ဆိုသည်။ ဂျာဂန်ကလော့သည် အာဆင်နယ်အသင်းက ခေါ်ယူရန် ပစ်မှတ်ထားခြင်းကိုလည်း ခံထားရပြီး ၎င်းအနေဖြင့်လည်း အာဆင်နယ်အသင်းကို ပြောင်းရွှေ့ရန် ဆန္ဒရှိနေသည်။ ဂျာဂန်ကလော့ကို ခေါ်ယူနိုင်ခဲ့ပါက လက်ရှိနည်းပြ အာစင်ဝင်းဂါးကို လက်လွှတ်တော့မည်ဖြစ်ကြောင်းလည်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။ **(နိုင်လင်းကြည်)**

## ဇန်နဝါရီကာလအတွင်း ဗာမယ်လန်းအား အငှားဖြင့် ပြန်လည်ခေါ်ယူရန် အာဆင်နယ်ပြင်ဆင်

အင်္ဂလန်ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် လာမည့်ဇန်နဝါရီကာလအတွင်း အသင်း၏ ခံစစ်ကို အားဖြည့်ရန်အတွက် ဘာစီလိုနာအသင်း၏ ဘယ်လ်ဂျီယံနောက်ခံကစားသမား သောမတ်စ်ဗာမယ်လန်းအားခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။ အာဆင်နယ်အသင်းမှာ ယခုနှစ်ဘောလုံးရာသီအတွင်း ရလဒ်များ



ဆိုးရွားလျက်ရှိပြီး အသင်း၏ ခံစစ်ပိုင်းမှာလည်း အမှားအယွင်းများပြားနေခြင်းကြောင့် အသင်း၏ ကစားသမားဟောင်းဖြစ်သည့် ဗာမယ်လန်းအား ပြန်လည်ခေါ်ယူသွားရန် စီစဉ်နေခြင်းဖြစ်သည်။ ဗာမယ်လန်းမှာ ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက အာဆင်နယ်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီးအသင်းတွင် ခြေစွမ်းပြသနိုင်ခြင်းမရှိသလို ပုံမှန်နေရာရရှိရန် ရုန်းကန်နေရသည်။ ထို့ကြောင့် အာဆင်နယ်အသင်းက ၎င်းအား ရာသီဝက်အငှားစာချုပ်ဖြင့် ပြန်လည်ခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်ပြီး မကြာမီရက်ပိုင်းအတွင်း ဘာစီလိုနာအသင်းထံ တရားဝင်ကမ်းလှမ်းသွားဖွယ်ရှိကြောင်း သိရသည်။ ထို့ပြင် ဗာမယ်လန်းအား မန်ယူနှင့် ဒေါ့မွန်အသင်းတို့ကပါ အငှားဖြင့်ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး အာဆင်နယ်အသင်းအနေဖြင့် ၎င်းအား ကြိုတင်လက်ဦးမှုရယူကာ ခေါ်ယူသွားရန် ပြင်ဆင်နေခြင်းဖြစ်သည်။ ဗာမယ်လန်းမှာ အာဆင်နယ်အသင်းတွင် ၂၀၀၉ ခုနှစ်မှစတင်ကာ ကစားခဲ့သူဖြစ်ပြီး အသင်းအတွက် ပွဲပေါင်း ၁၁၀ ပါဝင်ကစားပေးခဲ့သူဖြစ်ကြောင်း သိရသည်။ **(ကိုရဲ)**

| ချန်ပီယံလိဂ်ပွဲစဉ်များ | | | နိုဝင်ဘာ-၂၅/၂၆ |
|---|---|---|---|
| CSKAမော်စကို | - | ရိုးမား | ည -၁၁း၃၀ |
| BATE | - | ပေါ်တို | ည -၁၁း၃၀ |
| မန်စီးတီး | - | ဘိုင်ယန်မြူးနစ် | နံနက်-၂း၁၅ |
| အပိုးလ်နီကိုးရှား | - | ဘာစီလိုနာ | နံနက်-၂း၁၅ |
| PSG | - | အေဂျက်စ် | နံနက်-၂း၁၅ |
| ရှော်လ်ကေး | - | ချယ်လ်ဆီး | နံနက်-၂း၁၅ |
| စပို့တင်းလစ္စဘွန်း | - | မာရီဘော | နံနက်-၂း၁၅ |
| ရှက်တာဒိုးနက် | - | ဘီလ်ဘာအို | နံနက်-၂း၁၅ |
| ဇင်းနစ် | - | ဘင်ဖီကာ | နံနက်-၂း၁၅ |



(မောင်မောင်ဇော်)

## ဇီဒန်းကဲ့သို့ ထူးချွန်သည့် ကစားသမားတစ်ဦးဖြစ်လာရန် ပေါ့ဘာဆန္ဒရှိနေ


အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဘာသည် လက်ရှိကစားလျက်ရှိသည့် ဂျူဗင်တပ်အသင်းမှာ စပိန်လာလီဂါ၏ ထိပ်တန်းအဆင့်ရှိ ကလပ်အသင်းတစ်သင်းဖြစ်သည့် ရီးယဲလ်မက်ဒရစ်အသင်းကဲ့သို့ အသင်းကောင်းတစ်သင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် မိမိအနေဖြင့်လည်း ဂန္ထဝင်ကစားသမား ဇီဒန်းကဲ့သို့ ထူးချွန်သောကစားသမားတစ်ဦးဖြစ်လာရန် ဆန္ဒရှိနေကြောင်း ပြောကြားခဲ့သည်။

ပြင်သစ်ကြယ်ပွင့် ပေါလ်ပေါ့ဘာသည် အခြားသောကွင်းလယ်ကစားသမားများဖြစ်သည့် ယာယာတိုရေး၊ ပက်ထရစ်ဗီရိန်ရာတို့နှင့် ယှဉ်ပြိုင်မှုများရှိခဲ့သူဖြစ်သည်။ "ရီးယဲလ်မက်ဒရစ်က အသင်းကြီးတစ်သင်းပါ၊ အဲဒီလိုပါပဲ ဂျူဗင်တပ်အသင်းကလည်း အသင်းကောင်းတစ်သင်းပါ၊ အရင်က မန်ယူမှာ ကစားခဲ့ပေမယ့် ဂျူဗင်တပ်ကစားသမားတစ်ဦးဖြစ်လာဖို့ တိုရီနိုကို ပြောင်းရွှေ့ခဲ့တာပါ"ဟု ကွင်းလယ်ကစားသမား ပေါ့ဘာက ပြောကြားခဲ့သည်။

"အီတလီမြေမှာ ကစားဖို့အရင်ကတည်းက ဆန္ဒရှိခဲ့တာပါ၊ ဂျူဗင်တပ်မှာရှိတဲ့ ကစားသမားတွေကလည်း မိသားစုသဖွယ် ဆက်ဆံရေးတွေရှိပါတယ်၊ ဂျူဗင်တပ်မှာ အောင်မြင်အောင်ကစားပြီး ဇီဒန်းလို ထူးချွန်တဲ့ ကစားသမားမျိုး ဖြစ်လာဖို့လည်း ကျွန်တော့်အနေနဲ့ မျှော်လင့်ထားပါတယ်"ဟု ပေါ့ဘာက ပြောကြားခဲ့သည်။ **(ငွေကြယ်)**

















# ပညာရေးဆိုင်ရာ နည်းဥပဒေများနှင့် ကဏ္ဍခွဲဥပဒေများရေးဆွဲရာတွင် ထိရောက်စွာ ဆွေးနွေးညှိနှိုင်းရန်တိုက်တွန်း


Ms. Edwina Betts
First Secretary, Australia


Mr. Bertrand Bainvel
Country Representative,UNICEF


Mr. James Stevens
Education Specialist, World Bank


Mr. Jonathan Caseley
International Planning Expert, CESR


Mr. Konrad de Bartoli
Head of  Project, GIZ

မကြာသေးမီက အတည်ပြုထုတ်ပြန်ခဲ့သော အမျိုးသားပညာရေးဥပဒေသည် ရှေးဦးအရွယ် ကလေးသူငယ်ပညာရေးမှဘဝတစ်သက်တာ သင်ယူရေးအထိ ပညာရေးအဆင့်အားလုံးကို ခြုံငုံသည့် ဥပဒေဖြစ်ကြောင်းနှင့် လူတိုင်းအတွက် အရည်အသွေးပြည့်မီသော ပညာရေးဖြစ်လာရေးအတွက် အဓိကအလေးပေးသည့်ဥပဒေဖြစ်ကြောင်း၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကျွမ်းကျင်သူပညာရှင်များ ပါဝင်သည့်ဆွေးနွေးပွဲတစ်ရပ်က သဘောတူညီခဲ့ကြကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းရုံး (Comprehensive Education Sector Review-CESR)တွင် နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ပညာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများ၊ ပညာရေးဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများဖြစ်သော အာရှဖွံ့ဖြိုးရေးဘဏ်၊ DFAT (ဩစတြေးလျ)၊ ဗြိတိသျှကောင်စီ၊ ဒိန်းမတ်၊ နော်ဝေ၊ ဆွစ်ဇာလန်၊ ဥရောပသမဂ္ဂ၊ GIZ၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO)၊ ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)၊ Myanmar Education Consortium၊ Open Society Foundation, Save the Children, DFID(UK)၊ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)၊ ကုလသမဂ္ဂကလေးသူငယ်များရန်ပုံငွေအဖွဲ့ (UNICEF)၊ ကမ္ဘာ့ဘဏ်နှင့် CESR လုပ်ငန်းအဖွဲ့ဝင်များက မကြာသေးမီက အတည်ပြုထုတ်ပြန်ခဲ့သည့် အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်၍ သဘောထားများဆွေးနွေးကြရာတွင် တက်ရောက်လာသူအားလုံးက အထက်ပါအတိုင်းသဘောတူညီခဲ့ကြခြင်းဖြစ်သည်ဟု သိရသည်။

အဆိုပါအစည်းအဝေးမှ သဘောတူညီချက်များနှင့် အကြံပြုတိုက်တွန်းချက်များမှာ-

၁။ အစည်းအဝေးတက်ရောက်သူအားလုံးသည် ရှေးဦးအရွယ်ကလေးသူငယ် ပညာရေးမှ ဘဝတစ်သက်တာ သင်ယူရေးအထိ ပညာရေးအဆင့်အားလုံးကို ခြုံငုံသည့် အမျိုးသား ပညာရေးဥပဒေဖြစ်ကြောင်း အတည်ပြုကြသည်။ လူတိုင်းအတွက် အရည်အသွေးပြည့်မီသော ပညာရေးဖြစ်လာရေးအတွက် အဓိကအလေးပေးသည့် အမျိုးသားပညာရေးဥပဒေဖြစ်ကြောင်းကိုလည်း သဘောတူခဲ့ကြပါသည်။

၂။ အမျိုးသားပညာရေးဥပဒေကို အသေးစိတ်ထပ်မံဖွင့်ဆိုနိုင်ရန် ပညာရေးဆိုင်ရာနည်းဥပဒေများ(by-laws) နှင့် ကဏ္ဍခွဲဥပဒေများ (sub-sector laws) ကို ရေးဆွဲရာတွင် ပိုမိုရှင်းလင်းပြီး ထိရောက်စွာ အကောင်အထည်ဖော်မှု သေချာခိုင်မာစေရန် လုပ်ကိုင်ဆောင်ရွက်ရမည့် အခြေခံနည်းဥပဒေများကို ထည့်သွင်းရန်လိုအပ်ကြောင်းကိုလည်း သဘောတူခဲ့ကြပါသည်။

၃။ ပညာရေးဆိုင်ရာ နည်းဥပဒေများ (by-laws)နှင့် ကဏ္ဍခွဲဥပဒေများ (sub-sector laws) သည် တစ်ခုနှင့်တစ်ခုသော်လည်းကောင်း၊ အခြားကဏ္ဍဥပဒေများနှင့်သော်လည်းကောင်း လိုက်လျောညီထွေမှုရှိရပါမည်။

၄။ ပညာရေးအရည်အသွေးမြင့်မားရေးအတွက် မိဘပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုသည် အင်မတန်လိုအပ်ပါသည်။

၅။ ပညာရေးဆိုင်ရာ နည်းဥပဒေများ (by-laws) နှင့် ကဏ္ဍခွဲဥပဒေများ (sub-sector laws) ရေးဆွဲရာတွင် ထိရောက်သော ဆွေးနွေးညှိနှိုင်းခြင်းကို အကြံပြုတိုက်တွန်းထားပါသည်ဟူ၍ ဖြစ်ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

















စက္ကန့်ဖိုးပဲ ပေးပါ။
အခုမြန်မာပြည်တွင်း ဘယ်ဖုန်းကိုပဲ ခေါ်ခေါ် စက္ကန့်ခြောက်ဆယ်ကို ၂၅ကျပ်ပဲ ကျသင့်ပါတယ်။
ooredoo.com.mm
ooredoo
၁စက္ကန့်
=
၄၂ပြား

ဆောင်းပါး

# ရွှေကူတံကဲတော်

**à armifbm(a&,S[mif;okwoe)**

ရောဝတီမြစ်အနောက်ဘက်ကမ်းမြို့တော်ဟု တင်စားခေါ်ဝေါ်ကြသည့် ပခုက္ကူမြို့သည် ပရိယတ္တိ၊ ပဋိပတ္တိ ထွန်းကားရာဒေသတစ်ခုဖြစ်ပြီး ရှေးအစဉ်အဆက် ကတည်းကပင် မြန်မာပြည်တစ်လွှားမှ ရဟန်းသံဃာများသည် ဗုဒ္ဓစာပေများကို သွားရောက်သင်ယူကြရသော သာသနာထင်ရှားခဲ့သည့် နေရာတစ်ခုဖြစ်ပါသည်။ ပခုက္ကူမြို့သည် ပရိယတ္တိစာသင်တိုက်များ များစွာရှိသကဲ့သို့ ဗုဒ္ဓဘာသာ သာသနိကအဆောက်အအုံများလည်း များပြားစွာရှိနေသည့် မြို့တစ်မြို့ပင်ဖြစ်ပေသည်။

ပခုက္ကူမြို့လယ်၊ ရွှေကူမြတ်စွာဘုရားဝင်းအတွင်း၌ တံကဲတော်ကြီး တစ်ခုရှိသည်။ ထိုတံကဲတော်ကြီးသည် ပြည်တွင်းပြည်ပမှ လာရောက်ကြည့်ရှုကြသူတိုင်း တအံ့တသြဖြစ်ရသည့် အနုပညာလက်ရာတစ်ခုအဖြစ် ကမ္ဘာကျော်သည်အထိ ထင်ရှားလှသည်။ ထိုတံကဲကြီးကိုရွှေကူမြတ်စွာဘုရားဝင်းအတွင်း ရှိသောကြောင့် ရွှေကူတံကဲတော်ဟု ခေါ်ကြသည်။ တံကဲဟူသည် မြတ်စွာဘုရားရုပ်ပွားတော်များ၏ နောက်တွင်ထားရှိအပ်သော သစ်သားအဆင်တန်ဆာတစ်ခုဖြစ်ကာ အများအားဖြင့် တံကဲများကို ပန်းကနုတ်များ ထွင်းထုပုံဖော်ပြုလုပ်လေ့ရှိကြသော်လည်း ရွှေကူတံကဲတော်မှာမူ ဗုဒ္ဓဝင်ဇာတ်နိပါတ်လာ ဇာတ်ကွက်များတွင် ကနုတ်ပန်းများကို ထည့်သွင်းပြီး ထွင်းထုထားသောကြောင့် အလွန်ပင်ထူးခြားလှပေသည်။

ဉာဏ်တော် ငါးပေနှစ်လက်မ မြင့်သော ရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်နောက်မှ တံကဲတော်သည် အလျားငါးပေ ၁၀ လက်မနှင့် အမြင့် ၁၂ ပေ ၁၀ လက်မခန့်ရှိကာ ထုခြောက်လက်မခန့်ထူသော ယမနေသား တံကဲကြီးဖြစ်ပါသည်။ ခြောက်လက်မခန့်ထူသော သစ်သားပြားထဲတွင် အရုပ်များနှင့် ကနုတ်များကို ရှစ်ထပ်ထုလုပ်ထားရာ ပန်းပုရုပ် ၁၃၆ ရုပ်နှင့် တိရစ္ဆာန် ၁၈ ရုပ် ပါဝင်အောင် ထုလုပ်ထားသဖြင့် တံကဲကြီးသည် အံ့မခန်းအောင် လက်ရာမြောက်လွန်းလှပေသည်။ ရွှေကူတံကဲတော်ကြီးကို ၁၉၀၄ ခုနှစ်တွင် စတင်ထုလုပ်ခဲ့ရာ ၁၉၀၈ ခုနှစ်တွင် ပြီးစီးခဲ့သည်။

လေးနှစ်ကြာထုလုပ်ရသော တံကဲတော်ကြီးအတွက် ပန်းပုထုလုပ်အားခသည် ငွေကျပ် ၄၀၀၀ ဖြစ်ပြီး ထိုစဉ်အခါက ငွေတန်ဖိုးအရ ရွှေတစ်ကျပ်သားလျှင်ငွေကျပ် ၂၀ မျှသာ ပေးရသောကြောင့် ရွှေနှစ်ပိဿာ တန်ဖိုးနှင့်ညီမျှကြောင်း သိရှိရပေသည်။

ရွှေကူတံကဲတော်အနီးတွင် ကမ္ဗည့်အံ့ဖွယ်ရာ ရွှေကူတံကဲတော်အမည်ဖြင့် တံကဲတော်နှင့်ပတ်သက်၍ ရှင်းလင်းချက်များ ရေးသားထားရာတွင် သက္ကရာဇ် ၁၂၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက်နေ့က လက်ခငွေ ကျပ် ၄၀၀၀ နှင့် လေးနှစ်ကျော်ထုလုပ်ရခြင်း၊ တံကဲ၏ထု ခြောက်လက်မ၊ ပန်းရှစ်ထပ်နှင့် သစ်တုံးငါးတုံးဖြင့် ပန်းရုပ်လုံးများ ဖော်ပြထားခြင်း စသည်ဖြင့် ဖတ်ရှုနိုင်ပေသည်။

တံကဲအလှူရှင်မှာ ပခုက္ကူမြို့ ဈေးဟောင်းကျောင်းတော်ရာလမ်း၊ တိုက်နံပါတ် ၅၇၅ နေ ဦးဟင်းငါးနှင့် ဇနီး ဒေါ်ဇီးဖဲ့သမီး မယ်သစ်၊ မယ်မြစ်တို့ ဖြစ်ကြပြီး ပန်းပုပညာရှင်မှာ မြိုင်မြို့နယ် သစ်ကြီးတောလေးတန်းရွာမှ ဦးကံကြီးနှင့် သားမောင်တေ ဖြစ်သည်။ စလေရုပ်စုံကျောင်းအပြီး ၁၆ နှစ်အကြာတွင် ထုလုပ်ခဲ့သော ရွှေဂူကြီးတံကဲတော်၏ ဘယ်ဖက်ပန်းကနုတ်ပေါ်တွင် ဆြာဦးကံကြီး၊ သားမောင်တေဟူသော စာတန်းကို ထွင်းထုထားခဲ့သဖြင့် နှောင်းလူတို့အတွက် အထောက်အထား မှတ်တမ်းဖြစ်ခဲ့ရပေသည်။

ဦးကံကြီး၏ဖခင် ဦးရှိန်းသည်လည်း ပန်းပုဆရာတစ်ဦးပင်ဖြစ်ပြီး မင်းတုန်းမင်းလက်ထက်က လက်စွဲတော်ပန်းပုဆရာကြီးတစ်ယောက် ဖြစ်ခဲ့သည်။ ဦးကံကြီးနေထိုင်ရာ သစ်ကြီးတောလေးတန်းရွာသည် ပန်းပုအကျော်အမော်

> ဆရာဦးကံကြီးသည် ရွှေကူတံကဲတော်ကြီးကို ထုလုပ်ပြီး စူး၊ ဆောက် တန်ဆာပလာလက်နက်များ အားလုံးကို ရောဝတီမြစ်ထဲကို စွန့်ပစ်ခဲ့သည်ဟု ဆိုကြသည်။ ဆရာဦးကံကြီးသည် မိမိ၏ ပညာ၊ စေတနာ၊ သဒ္ဓါ. .

များပေါ်ထွက်ရာ ရွာငယ်လေးဖြစ်ပြီး ယနေ့တိုင် ပန်းပုဆရာများပေါ်ထွက်လျက်ရှိနေပေသည်။ ဆရာဦးကံကြီးနှင့် သားဖြစ်သူတို့သည် ရွှေဂူကြီးတံကဲကို ထုလုပ်ရန် စူး၊ ဆောက်တန်ဆာပလာများကို ပန်းပဲဖိုတွင် မိမိတို့စိတ်တိုင်းကျပြုလုပ်ခဲ့ကြသည်ဟု ဆိုကြပါသည်။ အချို့သော စူး၊ ဆောက်များကို နှစ်ဆစ်ချိုး သုံးဆစ်ချိုး ပြုလုပ်ကြရာ အမျိုးပေါင်း ၅၀ ကျော်မျှရှိသည်။ သမားရိုးကျထု လုပ်လေ့ရှိသော ပန်းကနုတ်ပုံစံ မဟုတ်ဘဲ ၆ လက်မအထူ ပျဉ်ချပ်တွင် အထပ်ရှစ်ထပ်ပေါ်အောင် ရုပ်လုံးကြွ ပုံဖော်ထုလုပ်ကြမည်ဖြစ်သည့်အတွက် ဆရာဦးကံကြီးတို့သားအဖကိုယ်တိုင် ပန်းပဲဖိုဝင်ခဲ့ရခြင်း ဖြစ်ပေသည်။

ယမနေသားသည် ပန်းပုထုဆစ်ရာတွင် ကျွတ်ဆတ်သောကြောင့် ဆောက်သွားဖြင့်ပုံဖော်ရာတွင် စိတ်ကြိုက်ပုံဖော်နိုင်သဖြင့် တံကဲတော်ကြီးကို ယမနေသားဖြင့်ပြုလုပ်ရန် ဆရာဦးကံကြီးက ဆုံးဖြတ်ခဲ့သည်။ သစ်သားထု ခြောက်လက်မတွင် အလွှာရှစ်လွှာပေါ်အောင်ထွင်းပြီး နိပါတ်တော်လေးခုထဲမှ ဇာတ်ဝင်ခန်း ၁၂ ခန်းကို ထွင်းထုထားသည်မှာ လူသားတစ်ဦးတစ်ယောက် ထွင်းထုထားခြင်းပင် ဟုတ်ပါလေစဟု တွေးတောဖွယ်ရာ ဖြစ်နေတော့သည်။တံကဲတော်ကြီး ပေါ်တွင် ဒေဝါရောဟဏဇာတ်၊ နေမိဇာတ်၊ သာမိနဇာတ်တော်နှင့် ဗိမ္ဗိသာရဇာတ်တို့မှအခန်း ၁၂ ခန်းကို ပုံဖော်ထားသည်။

တံကဲတော်ကြီး၏ အပေါ်ဆုံးအလွှာတွင် ဒေဝါရောဟဏဇာတ်မှ မြတ်စွာဘုရားရှင် တာဝတိံသာမှ လူ့ပြည်သို့ ပြန်လည်ဆင်းသက် ကြွမြန်းလာခန်းကို ထုလုပ်ထားသည်။ မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်တွင် မယ်တော်မိနတ်သားနှင့်တကွသော ပရိသတ်အပေါင်းကို အဘိဓမ္မာတရားတော်များကို ဝါတွင်းသုံးလဟောကြားတော်မူအပြီး လူ့ပြည်သို့ ပြန်လည်ကြွလာရာ၌ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း သုံးခုမှ ဆင်းသက်လာပုံကို ထုလုပ်ထားရာတွင် ရုပ်ထုပေါင်း ၂၁ ခုဖြင့် ပုံဖော်ထားသည်။ အလယ်ပတ္တမြားစောင်းတန်းမှ သင်္ကာသနဂိုရ်ပြည် တောင်တံခါးဆီသို့ ကြွမြန်းဆင်းသက်လာသောဇာတ်ကွက်တွင် မြတ်စွာဘုရားရှင်အား လိုက်ပါပို့ဆောင်ကြသော မာတလိ၊ ဝိသကြုံနတ်သားနှင့် ဗြဟ္မာကြီးများကို လက်ရာမြောက်စွာ ထုလုပ်ထားပြီး ခရုသင်းမှုတ်သူ၊ ထီးတော်မိုးပေးသူ၊ သားမြီးယပ်ခတ်ပေးသူ၊ တူရိယာများတီးခတ်လိုက်ပါလာကြသူများသည် အသက်ဝင်လွန်းလှသဖြင့် ပန်းပုရုပ်များဟုပင် မထင်ရတော့ပါချေ။

တံကဲတော်ကြီး၏ လက်ယာဘက် အထက်ပိုင်းတွင် နေမိဇာတ်တော်၊ လက်ဝဲဘက်အထက်နားတွင် သာမိနဇာတ်တော်မှ ဇာတ်ရုပ်တို့ကို မြင်တွေ့နိုင်သည်။နေမိနတ်သားနှင့် သာမိနမင်းကြီးတို့ကို နတ်ပြည်သို့ မြင်းသုံးကောင်ကသောရထားဖြင့် တောမြိုင်ဂနိုင်တွင်းမှ ခေါ်ဆောင်သွားပုံသည် ပန်းရှစ်ထပ်အတွင်းမှ ရထားထွက်လာတော့မည့်အလားပင် ဖြစ်တော့သည်။ ငှက်ကလေးများ အစာခွံ့နေပုံ၊ မြွေတူးပျော်ပါးနေပုံများသည် တောတောင်အတွင်းရှုခင်းတစ်ခုကို ဓာတ်ပုံရိုက်ထားသည့်နှယ် ဖြစ်ပါသည်။ ဘုရားရှင်နှင့်တကွ နတ်ဗြဟ္မာများ၊ ရှင်ဘုရင်၊ ဝန်ကြီးဝန်လေး၊ ကချေသည်၊ ပြည်သူပြည်သားများအား လေးဘက်ပတ်လည်ကြည့်နိုင်ရန် သစ်ချပ်တစ်ချပ်တည်းပေါ်မှာပင် ထွင်းထုထားသည်မှာ အံ့မခန်းပင်ဖြစ်ပေတော့သည်။

ဗိမ္ဗိသာရဇာတ်ကွက်ကို သရုပ်ဖော်ထားရာတွင်လည်း ထုလုပ်ထားသော ဇာတ်ရုပ်များက အသက်ဝင်လွန်းလှသည့်အတွက် အမယ်ကြီးအိုအောင်စိန်က တံကဲတော်တွင် ပါဝင်သည့် ဇာတ်ခန်းအတိုင်း ကပြရန်ရွှေမန်းဦးတင်မောင်ကို ညွှန်းခဲ့ရာ ရွှေမန်းဦးတင်မောင်က ထိုဇာတ်ခန်းအတိုင်းပင် ကပြခဲ့သည်ဟု ဆိုကြပါသေးသည်။ ဒေဝဒတ်က အဇာတသတ်မင်းသားအား ဖခင်ကိုသတ်ပြီး မင်းပြုရန် အကြံပေးနေပုံ၊ ဖခင်အား နန်းချ၍ အကျဉ်းချထားပုံ၊ အစာရေစာငတ်မွတ်နေသော ဗိမ္ဗိသာရမင်းကြီးအား ဝေဒေဟီမိဘုရားကြီးက စတုမဓုသုတ်လိမ်းထားသော မြတဘက်ကို ဗိမ္ဗိသာရမင်းကြီးအား ဆက်သနေပုံ၊ ပါးကွက်သားများက မင်းကြီး၏ခြေဖဝါးကို ဓားဖြင့်ခွဲနေပုံတို့မှာ အသက်ဝင်လှပေသည်။

ပန်းပုဆရာဦးကံကြီးသည် တံကဲတော်ကြီးကို မပြုလုပ်မီ ပုံစံငယ်ပြုလုပ်ပြီး အလှူ့အစ်မ ဒေါ်ဇီးဖဲ့နှင့် ဆရာတော်၊ သမားတော်ကြီးများကို ပြသပြီး အကြံဉာဏ်ရယူခဲ့ပါသေးသည်။ ပခုက္ကူမြို့မှ သီဟိုဠ်ရှင်ဘုရား၊ ရွှေတန့်တစ်ဘုရားများတွင်လည်း တံကဲတော်ကြီး များရှိခဲ့ကြရာတစ်ချိန်တစ်ခါက တံကဲတော်ကြီးများကို ပခုက္ကူမြို့တွင် အပြိုင်အဆိုင် ထုလုပ်ခဲ့ကြသလောဟုပင် ထင်မှတ်ရပေသည်။ သီဟိုဠ်ရှင်ဘုရားမှ မူလတံကဲတော်ကြီးသည် မီးလောင်ပျက်စီးခဲ့ပြီဖြစ်သော်လည်း မီးမလောင်မီက ရိုက်ကူးထားခဲ့သော အဖြူအမည်းဓာတ်ပုံတစ်ပုံကို ဘုရားကြီး အဝင်မုခ်ဦး မှန်ပုံးထဲတွင် ပြထားရာ အလွန်လှပပြီး အလွန်ခမ်းနားကာ အလွန်လက်ရာမြောက်လှပေသည်။

သို့သော် ရွှေကူတံကဲတော်ကြီးကဲ့သို့ ပန်းရှစ်ထပ်မဟုတ်၊ ရုပ်လုံးမပါသော ကနုတ်ပန်းသက်သက်ထုထားသော တံကဲကြီးတစ်ခုသာ ဖြစ်သည်။

သီဟိုဠ်ရှင်ဘုရားတွင် မီးလောင်ကျွမ်းသွားသော တံကဲအစား တံကဲအသစ်တစ်ခုကို ယနေ့ခေတ်လက်ရာဖြင့် အသစ်ပြန်လုပ်ထားရာ ယင်းတံကဲသည်ပင် ကြီးကျယ်ခမ်းနားလှကြောင်း တွေ့ရှိနိုင်ပေသည်။

ဆရာဦးကံကြီးသည် ရွှေကူတံကဲတော်ကြီးကို ထုလုပ်ပြီး စူး၊ ဆောက် တန်ဆာပလာလက်နက်များအားလုံးကို ရောဝတီမြစ်ထဲကို စွန့်ပစ်ခဲ့သည်ဟု ဆိုကြပါသည်။ ဆရာဦးကံကြီးသည် မိမိ၏ ပညာ၊ စေတနာ၊ သဒ္ဓါ အားလုံးတို့ကို ရွှေဂူကြီးတံကဲတော်တွင် မြှုပ်နှံကာ လက်ကုန် ပညာကုန်ဖွင့်ခဲ့ကြောင်း မှတ်တမ်းပြုခဲ့ကြရပေသည်။

ယခုအခါတွင် ပခုက္ကူမြို့မှ ရွှေကူတံကဲတော်ကြီးသည် သက်တမ်းတစ်ရာကျော်မျှ ရှိပြီဖြစ်ပေသည်။ မူလက အမိုးအကာမရှိဘဲ ဟင်းလင်းပြင်တွင်ထားခဲ့သဖြင့် ပျက်စီးမှုအနည်းငယ်ရှိခဲ့ပေသည်။ ၁၉၄၆ ခုနှစ်တွင် မူလတံကဲအလှူရှင် ဒေါ်ဇီးဖဲ့၏သမီး ဒေါ်မြစ်က တံကဲတော်ကြီးကို ဆေးဖြင့်ခြယ်သ မွမ်းမံခဲ့သည်။ နောက်ပိုင်းတွင် တန်ဆောင်းအတွင်း အမိုးအကာအောက်မှ မှန်ခန်းအတွင်း ထိန်းသိမ်းပြသထားသဖြင့် အများပြည်သူတို့ စိတ်တိုင်းကျ လေ့လာကြည့်ရှုနိုင်ကြပေသည်။နှစ်ပေါင်းတစ်ရာကျော်ကြာတည်တံ့အောင်ထိန်းသိမ်းစောင့်ရှောက်ပေးထားကြသည့် ပုဂ္ဂိုလ်အားလုံး၏ ကျေးဇူးကား ကြီးမားလှပေသည်။ ကမ္ဘာပေါ်တွင် မည်သည့်အရပ်ဒေသတွင်မှ မမြင်တွေ့နိုင်သည့် ပြောင်မြောက်ထူးခြားလှသည့် လက်ရာရှင် မြန်မာသားအဖနှစ်ဦးတို့ လက်ဖြင့် ပြုလုပ်ခဲ့သော ပန်းပုလက်ရာသည် မြန်မာတို့၏ အနုလက်ရာစွမ်းရည်ကို နိုင်ငံတကာသို့ ယနေ့တိုင် ဝင့်ကြွားစွာပြသလျက် ရှိနေပါတော့သည်။



# မြို့အင်္ဂါရပ်နှင့် ညီညွတ်သော အဆင့်မြင့်ယာဉ်ရပ်နား စခန်းရှိရန် မွန်ပြည်နယ် ရေးမြို့နယ်တွင် လိုအပ်



**ရေး၊ နိုဝင်ဘာ ၂၄**

မွန်ပြည်နယ် ရေးမြို့နယ်သည် အရှေ့တောင်အာရှ အာဆီယံကုန်သွယ်ရေးအစိတ်အပိုင်းဖြစ်သည့် အဝေးပြေးကားလမ်းမကြီးပေါ်တွင် တည်ရှိနေပြီး နေ့စဉ်နှင့်အမျှ ဖြတ်သန်းသွားလာနေကြသော ရန်ကုန်-ရေး-ထားဝယ် မြိတ်သို့ပြေးဆွဲနေကြသည့် ယာဉ်များနှင့်အတူ အဆင့်မြင့်မှန်လုံယာဉ်များ ကုန်တင်ယာဉ်ကြီးများ စီမံကိန်းဆောက်လုပ်ရေးကားများ နေ့စဉ်ဖြတ်သန်းသွားလာလျက်ရှိသောကြောင့် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပေါ်စေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ရပ်နားယာဉ်များအတွက် မြို့အင်္ဂါရပ်နှင့်ညီညွတ်သော အဆင့်မြင့်ယာဉ်ရပ်နားစခန်းရှိရန် လိုအပ်နေကြောင်း ဒေသခံများက ပြောသည်။

ရေးမြို့နယ် မြို့တွင်းရှိ အာဆီယံလမ်းမပေါ်ဖြစ်သော အဏ္ဏဝါရပ်ကွက်၌အဝေးပြေးယာဉ် ရပ်နားနိုင်ရန် ယာယီယာဉ်ရပ်နားစခန်း တည်ရှိနေသော်လည်း ယာဉ်ရပ်နားစခန်းမှာ မြို့အင်္ဂါရပ်နှင့်ညီညွတ်ခြင်းမရှိဘဲ ယခင်အဝေးပြေးယာဉ်စခန်းမှာလည်း ပျက်စီးယိုယွင်း နေသောကြောင့် ယာဉ်များ ယာယီရပ်နားရန်အတွက် နေရာအခက်အခဲများနှင့် ကြုံတွေ့နေရသည်။

ယခုအခါ ရပ်နားယာဉ်များမှာ လမ်းမပေါ်တွင်သာ မှီခိုအားထား ရပ်နားနေရသဖြင့် ဖြတ်သန်းသွားလာနေကြသော ယာဉ်များနှင့် ပြည်သူလူထုများမှာ ယာဉ်အန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး ယာဉ်တိုက်မှုများလည်း မကြာခဏဖြစ်ပွားလေ့ရှိသဖြင့် သေဆုံးသည်အထိ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ယင်းအပြင် မြို့တွင်းသို့ ရန်ကုန်-ရေး-မော်လမြိုင်သို့ ပြေးဆွဲနေကြသော အဆင့်မြင့်မှန်လုံယာဉ်များနှင့် အခြားယာဉ်လိုင်းငယ်များ ကုန်တင်ယာဉ်ကြီးများ အိမ်စီးကားများ မော်တော်ဆိုင်ကယ်များ များပြားလာကြသဖြင့် လမ်းမပေါ်တွင်လည်း စည်းကမ်းမဲ့စွာ ရပ်နားထားသော ယာဉ်များကြောင့် လမ်းများမှာ ပိုမိုကျဉ်းမြောင်းသွားကြောင်း ယင်းဒေသခံများက ပြောသည်။

ယင်းကြောင့် ဖြတ်သန်းသွားလာနေကြသော အများပြည်သူများမှာ ယာဉ်အန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ အဆင့်မြင့်မှန်လုံယာဉ်ခရီးစဉ် ဝင်ချိန်ထွက်ချိန်များမှာလည်း မြို့တွင်းဂိတ်များကိုသာ အားကိုးအားထားပြုနေကြရသည့်အတွက် ယာဉ်များကို အဆင်သင့်သလိုရပ်နားနေရပြီး ခရီးသည်များအားအတင်အချပြုလုပ်နေရာ လမ်းကြောပိတ်ဆို့ကာ ယာဉ်အန္တရာယ်များလည်း နေ့စဉ်နှင့်အမျှ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။ ယင်းကြောင့် လမ်းဘေးတွင် ယာဉ်များရပ်နားနေခြင်းကို ဒေသခံပြည်သူများက ကန့်ကွက်နေပြီး သက်ဆိုင်ရာ တာဝန်ရှိသူများထံ တင်ပြထားကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

## မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး လေ့ကျင့်

**ပုလော၊ နိုဝင်ဘာ ၂၄**

ပုလောမြို့နယ် မီးသတ်ဦးစီးဌာနမှ ကြီးမှူး၍ ပုလောမြို့ မြို့မဈေး၌ ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီခွဲက အဆိုပါဈေးတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇာတ်တိုက်လေ့ကျင့်ရာတွင် ဆီမီးလောင်မှုအား DCB မီးသတ်ဆေးဘူးဖြင့် လက်တွေ့ငြိမ်းသတ် သရုပ်ပြခြင်းကို ဆောင်ရွက်ခဲ့ကြပြီး မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေစုပ်စက်များဖြင့် မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးကျော်ဇင်ထိုက် ဦးဆောင်၍သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့၊ ဈေးသူဈေးသားများ ပူးပေါင်း၍ မီးငြိမ်းသတ် ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

လေ့ကျင့်မှုအတွက်ပုလောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရထွန်းလင်းနှင့် တာဝန်ရှိသူတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ပုလော(ပြန်/ဆက်)**

## ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုး တိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန်၊ နိုဝင်ဘာ ၂၄**

ရန်ကုန်အနောက်ပိုင်းခရိုင်၊ မရမ်းကုန်းမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း စန္ဒိမခန်းမတွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံစာရေးဆရာများအသင်း၊ အမှတ် (၃) အခြေခံပညာဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါစာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်ဖွံ့ဖြိုးခြင်းသည် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းစာများသာမက ကျောင်းပြင်ပစာပေဗဟုသုတများ တိုးပွားစေပြီး ထူးချွန်ထက်မြက်သော လူရည်ချွန်လူရည်မွန်များ ဖြစ်လာစေရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို အ. ထ. က (၁) ကျောင်းသား၊ ကျောင်းသူများက ပြည်မြန်မာသီချင်း သီဆိုဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းနာယက သီရိပျံချီဦးအောင်ကြည်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပရခြင်းရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံစာရေးဆရာများအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်း (မနုဿကျော်ဝင်း) က ပွဲတော်အတွင်း စာပေဟောပြောခြင်းနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ မြို့နယ်အဆင့် အထက်တန်း၊ အလယ်တန်း စာစီစာကုံးပြိုင်ပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများကို စာကြည့်တိုက်ဖောင်ဒေးရှင်းနာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးခဲ့ကြသည်။ ဆုရရှိသူများကိုယ်စား ပထမဆုရရှိခဲ့ကြသော ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲဝင်နှစ်ဦးတို့က စွမ်းရည်များ ပြသခဲ့ကြသည်။

ယင်းနောက် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါ်အိကေသွယ်မင်းက စာကြည့်တိုက်ဖောင်ဒေးရှင်းကိုယ်စား သုတရသစာအုပ် ၄၆၆၀ အုပ်အား အ. ထ. က(၁) ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်အေးထံသို့ ကျောင်းငါးကျောင်းရှိ စာကြည့်တိုက်များအတွက် ပေးအပ်လှူဒါန်းခဲ့သည်။ အဆိုပါစာအုပ်တန်ဖိုးမှာ နှစ်ဆယ့်သုံးသိန်းသုံးသောင်းတန်ဖိုးခန့်ရှိသည်။

**အောင်မြင့်(ပြန်/ဆက်)**


# မော်လမြိုင်ကျွန်းမြို့နယ်အတွင်း၌ ပွင့်လင်းရာသီတွင် ကျွဲ၊ နွား ရောဂါ ကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံရေးအား အသိပညာပေးဆွေးနွေး


**မော်လမြိုင်ကျွန်း၊ နိုဝင်ဘာ ၂၄**


မော်လမြိုင်ကျွန်းမြို့နယ်တွင် လယ်ယာလုပ်ငန်းခွင်ဝင် ကျွဲနွားများ ပွင့်လင်းရာသီတွင် ကျန်းမာသန်စွမ်းစေရေးနှင့် ရောဂါဘယကင်းဝေးစေရေးအတွက် ကျွဲ၊ နွားရောဂါကြိုတင်ကာကွယ်ဆေး ထိုးနှံပွဲများကို နိုဝင်ဘာ ၂၃ ရက် နံနက် ၇ နာရီမှစတင်ပြီး တယ်ချောင်းကျေးရွာအုပ်စုအတွင်းရှိ တယ်ချောင်း၊ ကွင်းချောင်း၊ နတ်မင်းကြီး၊ ရေကျော်ကြီးနှင့် ဂျုံးဂျုံးကျကျေးရွာများသို့ ကွင်းဆင်းထိုးနှံပေးခဲ့ကြောင်း သိရသည်။


ယင်းကျွဲနွားရောဂါ ကြိုတင်ကာကွယ်ဆေးများကို အဖွဲ့ခေါင်းဆောင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာထွန်းဇော်ဝင်းနှင့် အခြေခံမွေးမြူရေးသင်တန်းဆင်း အမာခံကျေးလက်လူငယ်သင်တန်းသား ၁၀ ဦးတို့သည် အရန်ကျေးလက်လူငယ်သင်တန်းသား ၃၀ ဦးတို့နှင့်အတူ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၃ ရက်မှ ၂၀၁၅ ခုနှစ် ဇူလိုင်လကုန်အထိ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၀၈ အုပ်စုသို့ ကွင်းဆင်းသွားရောက်ကြပြီး ကျွဲနွားရောဂါများဖြစ်သော လည်ချောင်းကွဲရောဂါ၊ ဒေါင့်သန်းရောဂါ၊ ပေါင်ပုတ်လက်ပုတ်ရောဂါနှင့် ခွာနာလျှာနာ ရောဂါများကို ကာကွယ်ဆေးထိုးနှံပေးရမည်ဖြစ်သည်။

ယင်းအပြင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန နယ်မြေကွင်းဆင်းအဖွဲ့များသည် ကွင်းဆင်းသွားရောက်ရာ ကျေးရွာအုပ်စုများတွင် ဒေသခံတောင်သူများနှင့် တွေ့ဆုံပြီး ကျွဲနွားကျန်းမာရေးအတွက် စနစ်တကျ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးများကို အသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **မော်ကျွန်းမြင့်အောင်**










## မြစ်ကြီးနားမြို့နယ်တွင် မိုးစပါးပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်းပွဲအခမ်းအနားကျင်းပ



**မြစ်ကြီးနား၊ နိုဝင်ဘာ ၂၄**

၂၀၁၄-၂၀၁၅ ခုနှစ်တွင် မြစ်ကြီးနားမြို့နယ်အတွင်း စိုက်ပျိုးထားရှိသော မိုးစပါး တစ်ဧကအထွက်နှုန်းနှင့် စုစုပေါင်းအထွက်နှုန်းမှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မိုးစပါးပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်းပွဲကို ကွင်းအမှတ် (၇၁)၊ ဦးပိုင်အမှတ် (၅၅/၄)၊ တောင်သူဦးချစ်ရွှေ၏ ပုလဲသွယ်စပ်မျိုးစပါးစံပြကွက် ၁၀ ဧကတွင် နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက မျိုးကောင်းမျိုးသန့်သုံးစွဲရေးနှင့် သိပ္ပံနည်းကျ စိုက်နည်းစနစ်များကိုလည်းကောင်း၊ မြို့နယ်မြေစာရင်းဦးစီးမှူးက စံကွက်ရိတ်သိမ်းခြင်း၏ ရည်ရွယ်ချက်နှင့် ရိတ်သိမ်းခြင်းနည်းလမ်းများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသူများက စပါးရိတ်သိမ်းစက်ဖြင့် စံကွက်ရိတ်သိမ်းခြင်းအား ကြည့်ရှုလေ့လာကြပြီး ပုလဲသွယ်စပ်မျိုးစပါးစံပြကွက်အား စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်း ၁၅၃ တင်း ထွက်ရှိကြောင်း သိရသည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲအခမ်းအနားသို့ မြစ်ကြီးနားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ်မြေစာရင်းဦးစီးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ တောင်သူများ တက်ရောက်ခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

# နိုင်ငံခြားသားများ ကလောမြို့နယ် နန်းရပ်ကျေးရွာတွင် မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်း

**ကလေး၊ နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် ငုတ်ကျေးရွာအုပ်စု နန်းရပ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း အလျား ၁၂၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၂ ပေ တစ်ထပ်အုတ်ကျောင်းဆောင်သစ်ကို အမေရိကန်နိုင်ငံမှ ခေတ္တလာရောက်၍ ကလောမြို့ မဟာစည်သာသနာ့ရိပ်သာတရားစခန်းတွင် တရားထိုင် ဘာဝနာကျင့်အားထုတ်နေကြသော ဗုဒ္ဓဘာသာဝင် နိုင်ငံခြားသားများထဲမှ Myanmar Schools Project Foundation Building schools in Myanmar အဖွဲ့ဝင် Mr.Roger Brain, Mr.Stevl Ahstrong, Mr.Rich Stewart, Mis. Shalron Try , Mis. Joy Davey တို့က စုပေါင်းဆောက်လုပ်လှူဒါန်းခဲ့ကြပြီး ယင်းကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၂ ရက်က အဆိုပါကျောင်းဆောင်သစ် စာသင်ခန်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် ကလောအမှတ် (၂) မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်စိုး၊ မြို့နယ်ပညာရေးမှူး ဦးမြင့်စော၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးသိန်းကျော်အေး၊ ငုတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ နန်းရပ်အခြေခံပညာမူလတန်းကျောင်းအုပ်ဆရာမကြီး၊ ကလောမြို့နယ်ပညာရေး၊ ကျန်းမာရေး ဖွံ့ဖြိုးမှုအထောက်အကူများကို စေတနာအလှူရှင်များနှင့် ကူညီဆက်သွယ်အကျိုးဆောင် ဦးအုန်းမြင့်တို့ တက်ရောက်ကြသည်။

ယင်းအပြင် ကျောင်းနှင့် ကျောင်းပညာသင်ထောက်ပံ့ရေးကော်မတီအဖွဲ့ဝင်များ၊ ပအိုဝ်းယဉ်ကျေးမှု အကနည်းပြ၊ ကလောမြို့နယ်ပညာရေးမိသားစု ကျောင်းအုပ်စုအမှတ် (၅) အုပ်စုခေါင်းဆောင် အောင်ပန်းမြို့ အ. မ . က (၈) ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမွန်နှင့် အုပ်စုအဖွဲ့ဝင် ကျောင်းများမှ မူလတန်းကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ လက်ထောက်ဆရာ၊ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပအိုဝ်းတိုင်းရင်းသားများ၊ Myanmar Schools Project Foundation Building Schools in Myanmar မှ ကျောင်းဆောင်သစ်အလှူရှင် နိုင်ငံခြားသားဗုဒ္ဓဘာသာဝင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက စေတနာအလှူရှင်များအတွက် ကျေးဇူးတင်ဝမ်းမြောက်ကြောင်း အထိမ်းအမှတ်အလံများ၊ ဂုဏ်ပြုမှတ်တမ်းများ၊ ဒေသထွက်ရိုးရာဝတ်စုံများ လက်ဆောင်ပေးအပ်ခဲ့သည်။

စေတနာအလှူရှင် နိုင်ငံခြားသားများကလည်း ကြွရောက်အားပေးကာ တက်ရောက်လာကြသော အကြီးအကဲများ၊ ဆရာ၊ ဆရာမများကို လက်ဆောင်များပေးခြင်းနှင့် ကျောင်းသူ၊ ကျောင်းသားလေးများကို စာအုပ်၊ စာရေးကရိယာများ၊ ကျောင်းဝတ်စုံများကို တစ်ဦးချင်းစီသို့ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းခဲ့ကြကြောင်းနန်းရပ်ကျေးရွာ ပအိုဝ်းတိုင်းရင်းသားရိုးရာဖျော်ဖြေရေးအကအဖွဲ့ခေါင်းဆောင် နန်းခမ်းထူးက ပြောသည်။ **ဇော်သိန်းရည်**

## ကျိုက်ထိုမြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာနက တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ကူညီစောင့်ရှောက်ပေး

**ကျိုက်ထို၊ နိုဝင်ဘာ ၂၄**

ကျိုက်ထိုမြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာနက ကျေးရွာနေပြည်သူများ၏ ကျန်းမာရေးကို တိုင်းရင်းဆေးဝါးများဖြင့် ကူညီစောင့်ရှောက်ပေးလျက်ရှိရာ နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီတွင် ကျိုက်ထိုမြို့နယ် ဇီးပြောင်းကျေးရွာအုပ်စု ဇီးပြောင်း (၅) ကျေးရွာဓမ္မာရုံ၌ ကျေးရွာနေပြည်သူများကို တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါဆေးဝါးကုသရာတွင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဆေးခန်းမှူးဒေါ်ခင်သန္တာလွင်က တိုင်းရင်းဆေးဝါးများနှင့်ပတ်သက်၍ လာရောက်ပြသကုသသူများကို ရှင်းလင်းပြောကြားပြီး ဝေဒနာမျိုးစုံ ခံစားနေရသော လူနာ ၃၂ ဦးကို အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။ **ဝင်းမောင်(ပြန်/ဆက်)**

# မွန်ပြည်နယ်တွင် သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း ဖွဲ့စည်း


**မော်လမြိုင်၊ နိုဝင်ဘာ ၂၄**

မွန်ပြည်နယ်အတွင်းရှိ သီးနှံစိုက်ပျိုးထုတ်လုပ်ရောင်းချသူများ၏ လိုအပ်ချက်များကို တိတိကျကျသိရှိနိုင်ရန်နှင့် ကြုံတွေ့ရသော အခက်အခဲများကို စုပေါင်းညှိနှိုင်းအဖြေရှာနိုင်ရန် ရည်ရွယ်၍ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဖွဲ့စည်းခြင်းကို နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက မွန်ပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်း၊ စိုက်ပျိုးရေးလုပ်ငန်းမှ ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦး၊ မွန်ပြည်နယ် ကုန်သည်စက်မှုအသင်း ဥက္ကဋ္ဌ ဦးလှရှိန်နှင့် မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်တို့က အမှာစကားများပြောကြားပြီးနောက် တက်ရောက်လာသော ၁၀ မြို့နယ်မှ အမှုဆောင်များအား ရွေးချယ်ရာ ဥက္ကဋ္ဌအဖြစ် ကျိုက်မရောမြို့နယ်မှ ဦးအေးသန်းနှင့် အမှုဆောင် ၂၇ ဦးပါဝင်သောအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ပြီး ဆက်လက်၍ အသင်းဥက္ကဋ္ဌသစ်မှ ကျေးဇူးတင်ဝမ်းမြောက်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

"မွန်ပြည်နယ်က ရေမြေသဘာဝ အခြေခံကောင်းရှိပြီး၊ သီးနှံလည်း အထွက်နှုန်းကောင်းသလို အရည်အသွေးလည်းကောင်းတယ်။ ကျွဲကော၊ ကြက်မောက်၊ ဒူးရင်းတို့ဆို နာမည်ကြီးပဲ။ ဒါပေမယ့် ဈေးကွက်နေရာကောင်းမရဘဲ နည်းပညာလိုအပ်ချက်တွေတော့ရှိနေတဲ့အတွက် နိုင်ငံတကာကို တင်ပို့နိုင်မှုအားနည်းခဲ့တယ်။ အခုလို မွန်ပြည်နယ်အသင်းကို ဖွဲ့စည်းလိုက်နိုင်ပြီဖြစ်တဲ့အတွက် သီးနှံများစိုက်ပျိုးသည်မှ ရောင်းချနိုင်သည်အထိ နည်းပညာ၊ ဈေးကွက်ရနိုင်မှုအကူအညီများကို အသင်းချုပ်၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်း အဖြေရှာဆောင်ရွက်နိုင်တော့မှာဖြစ်လို့ ဂုဏ်ယူဝမ်းမြောက်စရာပါ" ဟု ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက ပြောသည်။

အဆိုပါ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဖွဲ့စည်းခြင်းကို စစ်ကိုင်း၊ ရောဝတီ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် ဖွဲ့စည်းပြီးဖြစ်ကြောင်းနှင့် မွန်ပြည်နယ်တွင် လုပ်ငန်းဆောင်ရွက်မှု ပိုမိုထိရောက်နိုင်ရန်အတွက် အစုအဖွဲ့ငယ်များ ထပ်မံဖွဲ့စည်းသွားမည်ဖြစ်သည်။ **ဆက်နေမင်းအောင်**




**ဆီနိပန်းဖူးငုံ Travels & Tours**

♦ကျိုက်ထီးရိုး၊ ချောင်းသာ၊ ငွေဆောင် (နေ့စဉ်) ♦တောင်ကြီး၊ အင်းလေး၊ ကလောထန်းစမ်း၊ မွေတော်ကက္ကူ ♦ပုပ္ပါး၊ ပုဂံ (စွယ်တော်လေးဆူ) ♦မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ ♦ပြည်၊ အကောက်တောင်လမ်းဘုရားစုံ (စနေ) ♦မဲလံဆံတော်ရှင်၊ ကျိုက်ပိရဟန္တာ၊ ကျိုက်ထီးဆောင်း၊ ကေလသာ (စနေ) အထူးအစီအစဉ် ♦ဘန်ကောက်၊ ပတ္တယား၊ အယုဒ္ဓယ၊ ဖူးခက် စင်္ကာပူ၊ မလေးရှား၊ ဗီယက်နမ် (ဟနွိုင်း၊ ဟိုချီမင်း)

**S.P.P.N** (အထူးခရီးစဉ်)ချောင်းသာ **(28,11,14) (2N-3D)**


**No-33**၊ သီတာလမ်း၊ ကျောက်မြောင်း၊ တာမွေ

**Ph : 01-205599 Ext : 289, 09-43024358, 09-423745798, 09-73213612**









**စက်ရုံငှားမည်**

- လှိုင်သာယာစက်မှုဇုန်(၄)၊ မြေ(၂)ဧက၊ စက်ရုံ 35000 Sqft, 315 KBA

**Ph: 09-5119921, 09-5503641,09-5011798**

**ကိုသန့်ဇင် CAR RENTAL**

ကားမျိုးစုံကို ဘုရားဖူး၊ အချိန်ပိုင်း၊ လချုပ်ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။

ဖုန်း-၀၉-၄၃၁၁၇၆၈၀
၀၉-၅၀၅၉၈၂၁

# ကလေး–ဂန့်ဂေါ ရထားလမ်း ကြံ့ခိုင်မှုရှိစေရန်အတွက် ရေတိုက်စားမှုကာကွယ်ခြင်း လုပ်ငန်းဆောင်ရွက်

**ကလေး၊ နိုဝင်ဘာ ၂၄**

ကလေး-ဂန့်ဂေါ ရထားလမ်းပိုင်းမှ ကလေးမြို့နယ် ဆည်တောကျေးရွာအနီး မြောင်းချောင်းကိုဖြတ်ကူးသည့် ရထားသံလမ်းတံတား ကမ်းကပ်ခုံအား ချောင်းရေတိုက်စားမှုကြောင့် အလျား ပေ ၉၀ ကျော် ပြိုကျပျက်စီးသွားခဲ့ကြောင်းသိရသည်။

ယင်းတံတားပြိုမှုကြောင့် ကလေး-ဂန့်ဂေါ ရထားပြေးဆွဲရာတွင်အလွန်အန္တရာယ်ကြီးမား၍ ပြုပြင်မှုများ ဆောင်ရွက်နေကြောင်း သိရသည်။

သို့ဖြစ်၍ အဆိုပါ ရထားသံလမ်းတံတား ကမ်းကပ်ခုံအား ချောင်းရေတိုက်စားမှုမှကာကွယ်ရန် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေမှ ကျပ် ၆၄၃ သိန်းကျော် အကုန်ကျခံကာ မိုးမြင့်အာကာကုမ္ပဏီမှ အရှည် ၆၇၀ ပေရှိကျောက်စီရေကာတန်း ရိုက်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၂၂ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာန ပခုက္ကူမြို့မှ ဦးသူရဇော်က အနီးကပ်ကြီးကြပ်လျက်ရှိသည်။



အဆိုပါ ရထားသံလမ်းတံတား ကမ်းကပ်ခုံ ကျောက်စီရေကာတန်း ဆောက်လုပ်မှုလုပ်ငန်းအား အမြန်ဆုံးပြီးစီးနိုင်ရန်နှင့် ရထားသံလမ်းများ ကြံ့ခိုင်မှုရှိစေရန် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်မှုနှင့်အညီ ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထူးက လိုအပ်သလို ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကလေး-ဂန့်ဂေါ ရထားလမ်းသည် ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်တွင် နိုင်ငံတော်အကြီးအကဲများကိုယ်တိုင်ဖွင့်လှစ်ပေးခဲ့ပြီး ရထားလမ်းအရှည် ၈၂ မိုင်၊ ရထားဘူတာပေါင်း ၂၀ ကျော်ရှိပြီး ကလေးမြို့နယ်နှင့် ဂန့်ဂေါမြို့နယ်ရှိ ပြည်သူများအတွက် ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုတွင် များစွာ အထောက်အကူပြုလျက်ရှိသည်။

**ဂျိုးနက်**

## ငါန်းဇွန်မြို့တွင် အခမဲ့ ရောဂါရှာဖွေစမ်းသပ်ကုသ

**ငါန်းဇွန်၊ နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးကု ဆရာဝန်ကြီးများ ပူးပေါင်း၍ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို နိုဝင်ဘာ ၂၂ ရက် နံနက် ၈ နာရီမှစတင်ပြီး ဆောင်ရွက်ကုသပေးခဲ့သည်။

အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအဖြစ် သမားတော်များမှ စမ်းသပ်ခြင်း၊ သားဖွား မီးယပ်ရောဂါရှာဖွေကုသပေးခြင်း၊ အရိုးအကြော အထူးကုဆရာဝန်များက စမ်းသပ်ကုသပေးခြင်း၊ နားနှာခေါင်းလည်ချောင်း အထူးကုဆရာဝန်များက ကုသပေးခြင်း၊ ကလေးအထူးကုဆရာဝန်များက စမ်းသပ်ကုသပေးခြင်း၊ ခွဲစိတ်ဆရာဝန်များက စမ်းသပ်စစ်ဆေးပေးခြင်း၊ သွားနှင့်ခံတွင်း ဆရာဝန်များက သွားရောဂါဝေဒနာရှင်များကို စမ်းသပ်ကုသပေးခြင်း၊ မျက်စိအထူးကု ဆရာဝန်များက စမ်းသပ်ကုသပေး၍ မျက်မှန်များပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

အထူးကုဆရာဝန်များနှင့်အတူ တိုင်းရင်းဆေးကုဌာနကလည်း ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပြီး လာရောက်ပြသသောပြည်သူများကို သွေးပေါင်ချိန်တိုင်းခြင်း၊ ဓာတ်ခွဲခြင်း၊ Ultrasound ဖြင့် ရောဂါရှာဖွေခြင်းတို့ကိုလည်း ပြုလုပ်ပေးခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး နှင့်ဝန်ထမ်းများ၊ မြို့နယ်သူနာပြုတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများက ကြီးကြပ်စောင့်ရှောက်၍ လိုအပ်သည့်အကူအညီများကို ဆောင်ရွက်ပေးခဲ့ကြသည်။ လာရောက်ကုသသော ပြည်သူတစ်ဦးဖြစ်သည့် ငါန်းလွှန့်ကျေးရွာသူ ဒေါ်အေးမော်က "အခုလို ဆရာဝန်ကြီးများ လာရောက်ကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ စီစဉ်ပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ ထို့အတူ ငါန်းဇွန်မြို့ အမှတ်(၅)ရပ်ကွက်နေ ဒေါ်မြဇင်၊ အမှတ် (၂)ရပ်ကွက်နေ ဦးကံချွန်၊ နတ်သားတောကျေးရွာနေ ဒေါ်ကြည်မတို့ကလည်း ကျေးဇူးတင်စကားများ ပြောခဲ့သည်။ ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့သို့ ငါန်းဇွန်မြို့ပေါ်ရှိပြည်သူများ၊ မြို့နယ်အတွင်းရှိ ကျေးရွာများမှ ပြည်သူများလာရောက်ပြသရာ ကုသမှုခံယူသူပေါင်း ၁၀၀၀ ကျော်ရှိကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြော

**ဟသ်ာတ၊ နိုဝင်ဘာ ၂၄**

ဟသ်ာတမြို့ စာပေချစ်သူလူငယ်များနှင့် မှုခင်းရှုထောင့် Media Group တို့ ပူးပေါင်းကျင်းပသည့် စာဆိုတော်နေ့အထိမ်းအမှတ်စာပေဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက် ည ၈ နာရီက ဟသ်ာတမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

စာပေဟောပြောပွဲမကျင်းပမီ တေးသံသာများဖြင့် ဖျော်ဖြေပြီး အခမ်းအနားတွင် ဟသ်ာတခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်ဌေးအောင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံစာရေးဆရာအသင်း ( ဗဟို )မှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်စာရေးဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသန်းကိုဦးက ဖတ်ကြားပြီး မှုခင်းရှုထောင့် Media Group ဥက္ကဋ္ဌ ဦးအေးစိုးက ပံ့ပိုးကူညီသော unilever ကုမ္ပဏီအား ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် စာရေးဆရာ၊ ဆရာမများအား တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး စာရေးဆရာမ နုနုရည်(အင်းဝ) က ကျွန်မသိတဲ့မျိုးချစ်စိတ်၊ ကျွန်မသိတဲ့သူနှစ်ဦး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာနေဝင်းမြင့်က အမေနှင့်ကျွန်တော် ခေါင်းစဉ်ဖြင့်လည်းကောင်း စာပေရေးရာများကို ဟောပြောခဲ့ကြကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်(ဟသ်ာတ)**

## တစ်ပိုင်တစ်နိုင် ဆိတ်မွေးမြူရေးအတွက် ချေးငွေများ ပေးအပ်

**ကျောက်ပန်းတောင်း၊ နိုဝင်ဘာ ၂၄**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျရေးကို အထောက်အကူဖြစ်စေရန်နှင့် ပြည်တွင်းစားသုံးမှုဖူလုံရေးအထောက်အကူဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်သော တစ်ပိုင်တစ်နိုင် ဆိတ်မွေးမြူရေးလုပ်ငန်းအတွက် ပံ့ပိုးချေးငွေပေးအပ်ပွဲကို မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး စပါးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။


အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းက အမှာစကားပြောကြားရာတွင် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများအတွက်ပေးအပ်သောထောက်ပံ့ချေးငွေများကို မွေးမြူရေးလုပ်ငန်းများအတွက်သာ အမှန်တကယ်အသုံးချသွားကြရန်နှင့် လိုအပ်သည့် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း သက်ဆိုင်ရာမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပေါင်းစပ်၍ အကူအညီရယူသွားကြရန်ဆွေးနွေးမှာကြားခဲ့သည်။

ယင်းအပြင် ချေးငွေများကိုလည်း တာဝန်ယူတာဝန်ခံမှုဖြင့် အချိန်နှင့်တစ်ပြေးညီ တာဝန်သိသိ ပြန်လည်ပေးဆပ်သွားကြရန် ဆက်လက်ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်ဝင်းက ဆိတ်များတွင် ရာသီအလိုက်ဖြစ်ပွားတတ်သောရောဂါများနှင့် ကနဦးရောဂါလက္ခဏာများအကြောင်းကိုလည်းကောင်း၊ ရောဂါဖြစ်ပွားလာပါက အလွယ်ကူဆုံးနှင့် အစောတလျင်လုပ်ဆောင်သင့်သည့် အချက်များ၊ ဆက်သွယ်ဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး တောင်သူတစ်ဦးချင်းထံ မွေးမြူရေးထောက်ပံ့ချေးငွေများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ပေးအပ်ကြသည်။

အဆိုပါ ဆိတ်မွေးမြူရေး ထောက်ပံ့ချေးငွေများကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် ထုတ်ချေးပေးခြင်းဖြစ်ပြီး ကြက်ပြစ်ကျေးရွာအုပ်စု ကြက်ပြစ်ကျေးရွာမှ အိမ်ထောင်စု ၈၈ စု အတွက် အိမ်ထောင်စုတစ်စုလျှင် ဆိတ် ၁၀ ကောင်နှုန်းမွေးမြူနိုင်ရန်အတွက် ငွေကျပ်သုံးသိန်းစီထုတ်ချေးပေးခြင်းဖြစ်ကြောင်းနှင့် အတိုးနှုန်းမှာ တစ်ရာလျှင် တစ်ကျပ်ငါးဆယ်ပြားနှုန်းဖြင့် ချေးငွေကာလ ရှစ်လအတွင်း အရင်း၊ အတိုး အပြေအကြေ ပြန်လည်ပေးဆပ်သွားကြရမည်ဖြစ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**



ကြော်ငြာ

## မြန်မာ-ဂျပန်သံတမန်ဆက်ဆံရေး နှစ်(၆၀)ပြည့်အထိမ်းအမှတ် ဖျော်ဖြေပွဲကျင်းပမည်

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ ပညာရှင် Mr.YAMAMOTO YUNOSUKE (Conductor & Composer) ဦးဆောင်သော အနုပညာရှင်အဖွဲ့တို့ပူးပေါင်း၍ မြန်မာ-ဂျပန်သံတမန်ဆက်ဆံရေး နှစ်(၆၀)ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်မည့်ဖျော်ဖြေပွဲကို Classical Music၊ Folk Songs နှင့် Cinema Music တို့ဖြင့် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံတွင် ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာ ၂ရက် ညနေ ၆း၃၀ နာရီ၌ ဖျော်ဖြေတင်ဆက်ပေးမှာဖြစ်ပါသည်။ ယခုလို ထူးခြားသည့်အထိမ်းအမှတ်ပွဲအား မည်သူမဆို အခမဲ့ လာရောက်နားသောတဆင်ကြရန် ဖိတ်ခေါ်အပ်ပါသည်။

အသေးစိတ်ကိုသိရှိလိုပါက ဂျပန်သံရုံး-Tel-01549644.5.6, Fax-01-549643နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Tel-09-5006552, 01-534012, 01-527122? Ex.149 သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၏

### ၂၀၁၃-၂၀၁၄ခုနှစ်၊ နှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေး ကျင်းပမည်

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၏ (၂၀၁၃-၂၀၁၄)ခုနှစ် နှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေးကို ၂၉-၁၁-၂၀၁၄ရက် (စနေနေ့)တွင် ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ သူနာပြုတက္ကသိုလ်၊ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ ဆေးပညာရှင်အဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ ကြွရောက်ပါရန်နှင့် ဆေးပညာရှင်အဖွဲ့ဝင်များအနေဖြင့် နံနက် ၈ နာရီမှ စတင်မှတ်ပုံတင်နိုင်ပါသည်။ အစည်းအဝေးတွင် မြန်မာနိုင်ငံဆေးတက္ကသိုလ်များတွင် သုတေသနဓလေ့ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်း “Strengthening of Research Culture in Myanmar Medical Universities” ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ပါမည်။

## အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့

### (၃-၁၂-၂၀၁၄)ရက် အကြိုအခမ်းအနား


မြန်မာနိုင်ငံ ဉာဏ်ရည်မသန်စွမ်းသူများ မိဘအဖွဲ့မှ ပထမအကြိမ်အဖြစ် ဉာဏ်ရည်မသန်စွမ်းကလေးများလမ်းလျှောက်ပွဲ၊ အားကစားပွဲ၊ ဖျော်ဖြေပွဲ (စွမ်းရည်ပြပွဲ)၊ ဆွေးနွေးပွဲ၊ အနုပညာရှင်များဖျော်ဖြေပွဲနှင့် ဈေးရောင်းပွဲအခမ်းအနားကို ၃၀-၁၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ည ၇ နာရီအထိ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်းရှိ Myanmar Event Park တွင် ကျင်းပမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပါသည်။ ယင်းအခမ်းအနားအတွက် စေတနာထက်သန်စွာ လှူဒါန်းလိုသူများအား ဖိတ်ခေါ်ပါသည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၀၀၁၂၂၀၃၊ ၀၉-၇၃၁၉၁၇၆၃၊ ၀၉-၅၀၇၇၃၉၇**

**မြန်မာနိုင်ငံဉာဏ်ရည်မသန်စွမ်းမိဘအဖွဲ့**

**မွေးသက္ကရာဇ် အမှန်**

ဒလမြို့၊ ခနောင်ချောင်း၀ အထက(ခွဲ)တွင် ပညာသင်ကြားနေသော (အဖ) ဦးအေးမင်းဝင်း [၁၂/တတန(နိုင်)၁၂၂၁၁၆]၏သား မောင်ဟိန်းဇေယျာနိုင်၏ မွေးသက္ကရာဇ်အမှန်သည် ၂၁-၁၁-၂၀၀၄ ဖြစ်ပါကြောင်း။



## ပုလဲရတုမင်္ဂလာဆုတောင်းလွှာ

**ချစ်ဖေဖေ ဦးဝင်းနိုင်**နှင့် **ချစ်မေမေ ဒေါ်ခင်သန္တာသန်း** တို့၏ ၂၅-၁၁-၂၀၁၄ ရက်တွင် ကျရောက်သော **နှစ်(၃၀)ပြည့် ပုလဲရတု**မင်္ဂလာရက်မြတ်မှ နောင်နှစ်ပေါင်းများစွာ ရတုအဆက်ဆက်တိုင်အောင် ဘဝလမ်းခရီးတစ်လျှောက် သာယာဖြောင့်ဖြူး၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ပြည့်စုံစွာဖြင့် ချစ်သောမိသားစုနှင့်အတူ ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ချစ်သား၊ သမီးများ**

**မောင်အောင်စည်သူ-မမေကြာဖြူခိုင်(ပုံ့ပုံ့)**

**Anbry King (Gean Collection)**


**ဗိုလ်ကြီးဖြိုးမောင်မောင်-မစန္ဒီဖုန်းမြတ်(ပို့ပို့)**

**မခိုင်ရတီသင်း(ပန်ပန်)2nd Year Hotel and Tourism management (Mcc.i)**

**ချစ်မြေးများ-စည်သူမင်းမြတ်(G-1)အထက(၃)ပဲခူး၊ မသုဖုန်းမြတ်စံ(သုသု)**
















(Travels & Tours)

New Year

အမြန်ရောင်းမည်

| | | | |
|---|---|---|---|
| (110x70) | 2RC | 18sqft | 2.3L |
| (3050sqft) | 1½RC | | 6950L |
| (40x60) | | | 5450L |
| (40x60) | | | 3650L |
| (40x60) | | | 3500L |
| (40x70) | 2RN | | 3400L |
| (20x90) | | | 1200L |

☎-510 008, 510 958, 09 5040160, 09 5185534, 09 5173690

## ၂၀၁၄-၂၀၁၅ ခုနှစ်၊ ပညာသင်နှစ်အတွင်း ဘွဲ့ယူကြမည့် မောင်မယ်များအတွက် သတင်းကောင်း

မြန်မာ့ကုန်တိုက်၊ ဘွဲ့ဝတ်စုံလုပ်ငန်းမှ ဘွဲ့ဝတ်စုံငှားရမ်းခြင်း၊ ရောင်းချခြင်းလုပ်ငန်းကို မြန်မာနိုင်ငံပညာရေးကော်မတီမှ သတ်မှတ်ထားသည့် သတ်မှတ်ချက်များနှင့်အညီ ချုပ်လုပ်ထားသည့် အချိုးအစားကျသော ဘွဲ့ဝတ်စုံများကို ဈေးနှုန်းချိုသာစွာဖြင့် တက္ကသိုလ်ကျောင်းသူ/ကျောင်းသားများ စိတ်တိုင်းကျရွေးချယ် ငှားရမ်း/ရောင်းချပေးနေပါသည်။ (တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်မှလွဲ၍ ရုံးချိန်အတွင်း)

**မြန်မာ့ကုန်တိုက်၊ ဘွဲ့ဝတ်စုံလုပ်ငန်း**
**အမှတ်-၄၄၊ (ပထမထပ်)၊ ဗိုလ်ရွဲလမ်း(ယခင်မောင်ခိုင်လမ်း)၊ လသာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၂၅၂၈၅၁၊ ၀၁-၃၈၆၉၃၁၊ ၀၁-၂၅၀၄၄၃**

ဦးသန့်ဇော်
PQI
LCCI I ,II ,III & MYOB
28 Nov 2014
I&II
ORION Business School
09 5115997

(Tu Tu - Su Su)
ENGLISH Speaking & Phonetics /Grammar
AS

UEC
OFFICIAL PRIVATE SCHOOL
OUR VALUE = ACADEMIC EXCELLENCE + INSPIRATIONAL TEACHING + ELITE LIVING
Why We Choose UEC ?
Fully-Air Conditioned, Lab Facilities, PA System, Multimedia, Extracurricular Activities, Excursion, Study Tours
GUIDE
MA,MSc
PH: 01 650075, 09 5196 0073, 09 519 7088, 09 50 00478, 09 730 65707

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

### ဗိုလ်မှူးလှဇင်(ငြိမ်း) လေ-၁၄၀၆

**ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**စိန့်ပေါလ်ကျောင်းသားဟောင်း၊ မော်လမြိုင်အသင်းအမှုဆောင်ဟောင်း**
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၇ မိုင်၊ သလ္လာဝတီလမ်း၊ အမှတ်(၉/ခ)နေ ဒေါ်နီနီခိုင်၏ခင်ပွန်း၊ ဦးအောင်ထွန်းထွန်း(Executive Director/Magnate Group Logistics Co.,Ltd)-ဒေါ်ခိုင်ဇင်လှဲ(Director Magnate Group Logistics Co.,Ltd)တို့၏ကျေးဇူးရှင်ဖခင်သည် ၂၀-၁၁-၂၀၁၄ ရက် (ကြာသပတေးနေ့) ည ၇း၄၉ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Magnate Group Logistics Co.,Ltd**
**MGL Express/OCS**
**ပြည်တွင်း၊ ပြည်ပအမြန်ချောပို့လုပ်ငန်း**
**ရန်ကုန်ရုံးချုပ်နှင့်နယ်ရုံးခွဲများမှဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

### ဗိုလ်မှူးလှဇင်(ငြိမ်း) လေ-၁၄၀၆

**ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**စိန့်ပေါလ်ကျောင်းသားဟောင်း၊ မော်လမြိုင်အသင်းအမှုဆောင်ဟောင်း**
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၇ မိုင်၊ သလ္လာဝတီလမ်း၊ အမှတ်(၉/ခ)နေ ဒေါ်နီနီခိုင်၏ခင်ပွန်း၊ ဦးအောင်ထွန်းထွန်း(Executive Director/Magnate Group Logistics Co.,Ltd)-ဒေါ်ခိုင်ဇင်လှဲ(Director/Magnate Group Logistics Co.,Ltd)တို့၏ကျေးဇူးရှင်ဖခင်သည် ၂၀-၁၁-၂၀၁၄ ရက် (ကြာသပတေးနေ့) ည ၇း၄၉ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့**
**Magnate Group Logistics Co.,Ltd**
**MGL Express/OCS**
**ပြည်တွင်း၊ ပြည်ပအမြန်ချောပို့လုပ်ငန်း**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးထွန်းဝင်း(ခ)တိုင်ရန်ချွမ်း

**အသက်(၆၀)**

ဦးစိန်ကြည်(Senior Consultant၊ မြန်မာအရှေ့တိုင်းဘဏ်)နှင့် ဦးသန်းဝင်း(Senior General Manager၊ မြန်မာအရှေ့တိုင်းဘဏ်)တို့၏ညီ၊ ဦးမြင့်သိန်း(Managing Director၊ အိုရီရင်တယ်လ်လီစင်ကုမ္ပဏီ)-ဒေါ်ကြည်ကြည်သန်း(Managing Director၊ မြန်မာအရှေ့တိုင်းဘဏ်)တို့၏အစ်ကို ဦးထွန်းဝင်း(ခ)တိုင်ရန်ချွန်း အသက်(၆၀)သည် ၁၉-၁၁-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့**
**မြန်မာအရှေ့တိုင်းဘဏ်လီမိတက်**

ဖြေညီဒေါ်ငုံသန်းရောင်သည် (098611308)

## (၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်အုံးမြ**

**(၂၅-၁၁-၂၀၁၂) မှ (၂၅-၁၁-၂၀၁၄)**

ကျေးဇူးရှင်မိခင်ကြီးကွယ်လွန်ခဲ့သည်မှာ ဒီနေ့ဆိုရင် (၂)နှစ်ပြည့်ခဲ့ပြီဖြစ်သော်လည်း တစ်နေ့မှ မေ့မရပါ။ ကျန်ရစ်သူမိသားစုက ရည်စူးပြုလုပ်ခဲ့တဲ့ ကောင်းမှုကုသိုလ်အစုစုကို မိခင်ကြီးရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

**သား၊ သမီး၊ မြေးများ(ရွှေပြည်သာမြို့နယ်)**

## ဝမ်းနည်းကြေကွဲခြင်း

### နော်ဒီဘိုးရာ

**အသက်(၆၁)နှစ်**

မြန်မာအရှေ့တိုင်းဘဏ်လီမိတက်မှ အကြီးတန်းမန်နေဂျာ နော်ဒီဘိုးရာ အသက်(၆၁)နှစ်သည် ၁၉-၁၁-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့**
**မြန်မာအရှေ့တိုင်းဘဏ်လီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးဘအုန်း

ဦးဘုန်းမြင့်ဇော် Chief Officer (M.V.Sea Majesty)၊ ဒေါ်ရီရီနွယ်တို့၏ ချစ်လှစွာသော ဖခင်ကြီး ဦးဘအုန်း ကွယ်လွန်သွားကြောင်း သိရှိပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**M.V.Sea Majesty မှ**
**Captain Myint Thu နှင့်သင်္ဘောသားများ**

## ဝမ်းနည်းကြေကွဲခြင်း

### မယွန်းအိန္ဒြေစိုး

**အသက်(၂၀)**

သူငယ်ချင်း မယွန်းအိန္ဒြေစိုးသည် ၂၀-၁၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ . . ။

**သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ကျောင်း ဒါယကာကြီး**

### ဦးစိန်ဝင်း

**အသက်(၇၂)နှစ်**

နှလုံးအထူးကုသမားတော်ကြီး၊ ပါမောက္ခဒေါက်တာသန်းသန်းကြိုင်၏အစ်ကိုကြီး၊ ဦးအောင်စိုးဝင်း၊ ဒေါ်အေးမွန်သွယ်တို့၏ ချစ်လှစွာသော ဖခင် ဦးစိန်ဝင်းသည် ၁၀-၁၁-၂၀၁၄ ရက် နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ခိုင်သဇင်လက်ဖက်ခြောက် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးမျိုးဝင်း(ရွှေကျင်)

**အသက်(၈၆)နှစ်**

ဒေါက်တာကြည်သာမျိုးဝင်း(ကလေးအထူးကုဆရာဝန်ကြီး၊ တောင်ငူပြည်သူ့ဆေးရုံကြီး)၏ဖခင် ဦးမျိုးဝင်း(ရွှေကျင်)သည် ၁၅-၁၁-၂၀၁၄ ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဆေးရုံအုပ်ကြီးနှင့်ဝန်ထမ်းများ**
**လှိုင်ကော်ပြည်သူ့ဆေးရုံကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်စောတင်

**အသက်(၈၇)နှစ်**

**နာယက၊ ရခိုင်သဟာယအသင်း(ရန်ကုန်)**

ရခိုင်သဟာယအသင်း(ရန်ကုန်)၏ဥက္ကဋ္ဌဟောင်း (Dr.ဦးစောမြအောင်)၏ဇနီး ဒေါ်စောတင်(နာယက) အသက်(၈၇)နှစ်သည် ၂၀-၁၁-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရခိုင်သဟာယအသင်း(ရန်ကုန်)**

သင့်သွေးဖြင့် အသက်ကယ်ပါ

ယနေ့ မာတိကာ

ယုံကြည်မှုဖြင့် တည်ဆောက်

စာမျက်နှာ - ၂

မြစ်ဝှမ်းဒေသများ ပြုပြင်ထိန်းသိမ်းရေး အဆင့်မြင့်နည်းပညာများဖြင့် စီမံခန့်ခွဲရန် လိုအပ်နေ

စာမျက်နှာ - ၁၁

ဇန်နဝါရီကာလအတွင်း ဗာမယ်လန်းအား အငှားဖြင့် ပြန်လည်ခေါ်ယူရန် အာဆင်နယ်ပြင်ဆင်

စာမျက်နှာ - ၁၃

# ဒုတိယသမ္မတ ဦးညာဏ်ထွန်း ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ဒုတိယသမ္မတဦးညာဏ်ထွန်းသည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဝိုရာပွန်ဆန်ဂနီတရာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ဗိုလ်မှူးချုပ်အောင်သော်၊ ဦးသန့်ကျော်၊ ဦးဟန်စိန်၊ ဒေါ်ဝင်းမော်ထွန်း တို့တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီး ဆာလာဝင်အက်တာရက်ခ်လည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်၊ ပူးတွဲနယ်နိမိတ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေမှု၊ နှစ်နိုင်ငံတပ်မတော်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအစီအမံများ၊ နှစ်နိုင်ငံနယ်စပ်ဒေသများတွင် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် လူကုန်ကူးမှုတားဆီးရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးစွာဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



# နေပြည်တော်ရေပူစမ်းသို့ အလည်တစ်ခေါက်

နေဇာဇာထွန်း(ကြေးမုံ)



လူတို့နေ့စဉ် လှုပ်ရှားရုန်းကန်ပင်ပန်းသမျှကို အပန်းဖြေရန် ခေတ်မီမြို့ကြီးပြကြီးများသို့ အပန်းဖြေခရီးသွားရောက်ကြသူများ ရှိသကဲ့သို့ သဘာဝအလှအပများကို ခံစားနိုင်သော ထူးခြားဆန်းပြားသည့် နေရာများသို့လည်း အပန်းဖြေရန် ပိုမိုနှစ်သက်ကြသူများလည်းရှိသည်။ တစ်နှစ်တာ ပင်ပန်းထားသမျှကို ပြေပျောက်စေရန် အပန်းဖြေခရီးအဖြစ် ရေတံခွန်၊ ရေပူစမ်းနှင့် ပင်လယ်ကမ်းခြေကဲ့သို့သော အပန်းဖြေရာနေရာများကို သွားရောက်ကာ ဘဝအမောများကို ဖြေဖျောက်ကြသည်။

ထိုကဲ့သို့ အပန်းဖြေနိုင်ရန် မြန်မာနိုင်ငံတွင် သဘာဝအလျောက်ဖြစ်တည်နေသည့် အထင်ကရနေရာ အများအပြားရှိသည့်အနက် နေပြည်တော်

**စာမျက်နှာ ၉ ကော်လံ ၄ သို့ ❖**

# ပညာရေးဝန်ကြီးဌာန ၂၀၁၆-၂၀၁၇ ပညာသင်နှစ် သင်တန်းများ စတင်ဖွင့်လှစ်မည်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီး၏ အထူးပြုဘာသာရပ် အသီးသီးအတွက် ပထမနှစ်သင်တန်းများကို ဒီဇင်ဘာ ၄ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပထမနှစ်သင်တန်းဝင်ခွင့်ရသူများစာရင်းကို သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးတွင် ကြေညာထားကြောင်း သိရသည်။

ဒုတိယနှစ်နှင့်အထက် သင်တန်းများအားလုံးကို ဒီဇင်ဘာ ၁ ရက်မှစ၍ သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးတို့တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**



အုပ်စု(ခ)တွင် ထိုင်းနှင့် စင်ကာပူတို့ ယှဉ်ပြိုင်နေစဉ်။

# အာဆီယံဆုဇူကီးဖလားပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်များ နိုဝင်ဘာ ၂၅၊ ၂၆ ရက်များတွင် ကျင်းပမည်

ရှိုင်းထက်ဇော်

**နေပြည်တော် နိုဝင်ဘာ ၂၄**

အာဆီယံဆုဇူကီးဖလား ဘောလုံးပြိုင်ပွဲ၏ အုပ်စုဒုတိယပွဲစဉ်များကို နိုဝင်ဘာ ၂၅၊ ၂၆ ရက်များတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ နိုဝင်ဘာ ၂၅ ရက်တွင် ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှား၊ လာအိုနှင့် ဗီယက်နမ်၊ နိုဝင်ဘာ ၂၆ ရက်တွင် မလေးရှားနှင့် ထိုင်း၊ မြန်မာနှင့် အိမ်ရှင်စင်ကာပူတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပွဲဦးထွက်ပွဲစဉ်များအပြီးတွင် အုပ်စု(က)၌ ဖိလစ်ပိုင်အသင်းက သုံးမှတ်၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားအသင်းတို့က တစ်မှတ်စီရရှိထားကာ လာအိုအသင်းမှာ အမှတ်မရသေးပေ။ ယနေ့ ယှဉ်ပြိုင်ကစားရမည့်ပွဲတွင် နောက်တစ်ဆင့်တက်ရေး မျှော်လင့်ထားသည့် အိမ်ရှင်ဗီယက်နမ်အသင်းအနေဖြင့် လာအိုအသင်းထံမှ အမှတ်ပြည့်ရရန်ကြိုးပမ်းရမည်ဖြစ်သည်။ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားတို့ပွဲမှာလည်း ဆီမီးတက်ရေး အဆုံးအဖြတ်ပွဲဖြစ်လာနိုင်ပြီး ဖိလစ်ပိုင်အသင်းမှာ နိုင်ပွဲရခဲ့ပါက နောက်တစ်ဆင့်တက်ရေး သေချာသလောက်ရှိသွားမည်ဖြစ်သည်။ အင်ဒိုနီးရှားအသင်းအနေဖြင့်လည်း အနိမ့်ဆုံး သရေတစ်မှတ်ရရှိမှသာ ဆီမီးတက်ရေးမျှော်လင့်ချက်ကို ဆက်လက်ဆုပ်ကိုင်နိုင်မည်ဖြစ်သည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ○**



## ဝန်ထမ်းများအလိုရှိသည်

Manager (HR/Admin) — ကျား (၁)ဦး

Office Staff — ကျား/မ(၂)ဦး

## အမြန်အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

၁။ English Teacher (4- Skills)
B.A, M.A (English) — မ(၂)ဦး
၂။ Summer School Teacher (4 - Skills English) — ကျား/မ (၂)ဦး
၃။ Caregiver — မ (၂)ဦး

## ဝန်ထမ်းအလိုရှိသည်

1. Marketing (Web Design & Development) — F/M(3)post
2. Web Designer(Wordpress) — F/M(2)post

Infodias Computer Center တိုက်(၅)၊ အခန်း(၁၉)၊ ရန်ကုန်-အင်းစိန်လမ်းမ၊ လှိုင်ရထာ အိမ်ရာ၊ လှိုင်မြို့နယ်(သံလမ်းမှတ်တိုင်) ၀၉-၇၃၂၁၉၀၉၀၊ ၀၁-၆၂၆၁၂၅၊ www.infodias.com

## ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

စင်စင်ကုမ္ပဏီလီမိတက်တွင် အောက်ဖော်ပြပါဝန်ထမ်းများ ခန့်ထားလိုပါသဖြင့် ယှဉ်တွဲပါအရည်အချင်းနှင့် ညီညွတ်သူများ လျှောက်ထားနိုင်ပါသည်။

လူတွေ့စစ်ဆေးခြင်းစီစဉ်ရန် ရုံးချိန် နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း စင်စင်ကုမ္ပဏီလီမိတက် ဖုန်း-၆၆၇၆၈၃သို့ ဆက်သွယ် နိုင်ပါသည်။

(၁) စားဖိုမှူး — မ(၁)ဦး
(အစားအစာမျိုးစုံ ချက်တတ်သူကို ဦးစားပေးမည်။

## ဝန်ထမ်းအမြန်အလိုရှိသည်

၁။ ယာဉ်မောင်း(ကျွမ်းကျင်) — ကျား(၁)ဦး
အသက်(၂၅-၄၅)နှစ်အတွင်း၊
လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်
၂။ အရောင်းဝန်ထမ်း — မ(၂)ဦး
အသက်(၁၈-၂၅)နှစ်အတွင်း၊ ဘွဲ့ရ

**ဂျီဒါအရောင်းပြခန်း**
အမှတ်(၉၆၄/၉၆၅)၊ ပြည်လမ်းမကြီး၊ (၁၀)မိုင်နှင့် စော်ဘွားကြီးကုန်းကြား၊ ရန်ကုန်မြို့။

## "YOU" Beauty Saloon တွင်

၁။ ခေါင်းလျှော်ကျွမ်းကျင် — မ (၂) ဦး
၂။ အလုပ်သင်ဝန်ထမ်း — မ (၃) ဦး

နယ်မှလာသူများအတွက်နေ/စားစရိတ်ငြိမ်း။
"YOU" Beauty Saloon
ဖုန်း ၀၁ - ၃၈၄၀၁၃၄ (ရုံးချိန်အတွင်း)

## ဝန်ထမ်းအမြန်အလိုရှိသည် (ဖုန်းနှင့်ဖုန်းအုပိုပစ္စည်းများ)

(၁) အသက် (၂၄)နှစ်အထက်၊ ဘွဲ့ရ — ကျား/မ(၂၀)ဦး
(၂) အခြေခံလစာ+ Bonus+% ကျွမ်းကျင်သူ(ညှိနှိုင်း)
(၃) Marketing ဆိုင်ရာ အတွေ့အကြုံရှိသူဖြစ်ရမည်။
(၄) စာရွက်စာတမ်းအပြည့်အစုံဖြင့် အောက်ပါလိပ်စာအတိုင်း အမြန်လာရောက်လျှောက်ထား နိုင်ပါသည်။

**Firstime Trading Co.,Ltd**
Yangon:09-250558050, 0943179788, 09972303080
No.32, Gandamar (5)st, Mingalar Taung Nyunt Township.
Mandalay: 09402518600, 0943179788, Sky Walk Shopping Mall.

## N-Car Company (Korea Car Sales and Service Center) မှ

**အောက်ပါဝန်ထမ်းများအလိုရှိသည်**

1. Engineer (ကားစက်ပြင် ကျွမ်းကျင်အဆင့်) — ကျား (၂) ဦး
2. Sales and Marketing — မ (၂) ဦး
3. Office Staff — မ (၂) ဦး

အတွေ့အကြုံရှိသူကို ဦးစားပေးမည်။
**ဆက်သွယ်ရန်ဖုန်း- 09-250869601**
**လိပ်စာ- အမှတ်(၈)၊ အောင်မင်္ဂလာအဝေးပြေးဝင်းအနီး၊ မင်္ဂလာဒုံ။**
**လိပ်စာ- အမှတ်(၈)၊ အဝေမ်းလမ်း၊ မင်္ဂလာဒုံစက်မှုဇုန်၊ အောင်မင်္ဂလာအဝေးပြေးဝင်းအနီး၊ မင်္ဂလာဒုံ။**

## GOLDEN TRIP TRAVELS & TOURS CO., LTD

SENIOR SALES MANAGER — (1) POST

Email: ...@goldentripmyanmar.com

## ဝန်ထမ်းအလိုရှိသည်

- လက်ဖက်ရည်ဆိုင်နှင့် စားဖွယ်စုံဆိုင်မန်နေဂျာ — ကျား/မ(၂)ဦး
အတွေ့အကြုံရှိသူ၊ အလုပ်တွင်နေထိုင်နိုင်သူ
- စာရေးမ — မ(၂)ဦး
အလုပ်တွင်နေထိုင်နိုင်သူ
- ယာဉ်မောင်း — ကျား(၃)ဦး
၂တန်ကား (CANTER, DYNA) မောင်းနိုင်သူ
- စာရင်းကိုင် — မ(၂)ဦး
အတွေ့အကြုံရှိသူ၊
(လူကိုယ်တိုင်လာရောက်လျှောက်ထားပါရန်)
အမှတ်(၅၂၈)၊ BOC မှတ်တိုင်နှင့်သမကန်မှတ်တိုင်ကြား၊ လှိုင်သာယာမြို့နယ်။
Ph:09-32187975, 09-795933771, 09-5143771

## ဝန်ထမ်းအလိုရှိသည်

(1) Receptionist /Administrator — မ(၂)ဦး — (ရန်ကုန်ရုံး)
Computer Words, Page Maker, Excel ကျွမ်းကျင်
(2) Hotel Reservation Officer — ကျား/မ(၂)ဦး — (ရန်ကုန်ရုံး)
(3) Supervision Engineers — ကျား(၁)ဦး — (စစ်တွေရုံး)
(ဆောက်လုပ်ရေးကာလအတွင်းသာ)
စစ်တွေမြို့တွင် အထပ်မြင့် Hotel 8½(RC) ဆောက်လုပ်ရာတွင် တာဝန်ထမ်းဆောင်ရန် အတွေ့အကြုံရှိသူ ဖြစ်ရမည်။
(4) Assistant Engineers — ကျား(၂)ဦး — (စစ်တွေရုံး)
(ဆောက်လုပ်ရေးကာလအတွင်းသာ)

အလုပ်လျှောက်ထားသူသည် ကိုယ်ရေးရာဇဝင်ဓာတ်ပုံ(၁)ပုံ၊ သန်းခေါင်စာရင်း၊ မှတ်ပုံတင်မိတ္တူနှင့်ကြော်ငြာပါပြီး တစ်ပတ်အတွင်း အောက်ပါလိပ်စာများသို့ လျှောက်ထားနိုင်ပါသည်။

(1) အင်းပေါက်ဝကုမ္ပဏီလီမိတက်၊ အမှတ်(၂၆)၊ မြေညီထပ်၊ ၄၃-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၀၂၅၄၀၊ ၀၁-၂၉၈၉၄၃
E-mail:innpaukwa@gmail.com
(2) အင်းပေါက်ဝကုမ္ပဏီလီမိတက်၊ ရွှေပြားရပ်ကွက်၊ စစ်တွေမြို့။

## ဝန်ထမ်းအလိုရှိသည်

1. Engineer (Civil) — M/F (2) Post
2. Junior CAD Designer — M/F (2) Post
(Civil) (3D Max ကျွမ်းကျင်)
3. Site Engineer (Civil) — M/F (2) Post
4. Marketing Manager — M/F (1) Post
5. Mechanic — M/F (1) Post
6. Driver — M (1) Post

Ph:09-49683891, 01-522644, 09-799967502

## ဝန်ထမ်းအလိုရှိသည်

## Rich Life Co.,Ltd

## လက်သမားဝန်ထမ်းအလိုရှိသည်

၁။ **လက်သမား** — **(၈) ဦး**
Cabinet ဗီရိုများ ကျွမ်းကျင်စွာ တပ်ဆင်နိုင်ရမည်။
အသက် (၂၀) နှစ်မှ (၄၀) နှစ်အတွင်း၊ ရေရှည်လက်တွဲ လုပ်ကိုင်နိုင်သူဖြစ်ရမည်။
၂။ **Driver** — **(၃) ဦး**
ယာဉ်မောင်းသက်တမ်း (၅) နှစ်ရှိရမည်။
ကားလေး၊ Track ကား ကျွမ်းကျင်စွာမောင်းနိုင်ရမည်။

လျှောက်ထားလိုသူများသည် CV Form၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်း မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ၊ ရဲစခန်းထောက်ခံချက်၊ ဓာတ်ပုံ(၂)ပုံတို့နှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။
အမှတ်(၁၀၀၇/C)၊ ပြည်လမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်။
ဖုန်း ၀၉-၂၅၀၁၉၀၃၇၉၊ ၀၉-၄၂၀၂၄၅၁၁၆၊ ၀၉-၄၂၀၂၅၅၃၃၀

## Astro Nova International Co.,Ltd မှ ဝန်ထမ်းများအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

1. Sale Manager — M (1) Post
2. Product Manager — M (1) Post
3. Advertising & Promotion Manager — M (1) Post

(27. 11. 2014) ... GL Group HR Department

AstroNova INTERNATIONAL CO.,LTD A member of the GL Group

## ဝန်ထမ်းအမြန်အလိုရှိသည်

ဆေးအရောင်း(Computer) — မ-(၂)ဦး
Account — မ-(၂)ဦး
သန့်ရှင်းရေး — (၃)ဦး
ရွှေပွင့်အထူးကုဆေးခန်း၊ ရန်ကင်းစင်တာဘေး၊ ဆရာစံလမ်းမကြီး၊ ရန်ကင်း။ Ph- 09-5133236
(နယ်မှဖြစ်ပါကအဆောင်ရှိသည်။)

## အလိုရှိသည်

၁။ ပရိဘောဂ — (၅)ဦး
ကျွမ်းကျင်
၂။ ပရိဘောဂ — (၅)ဦး
ဆေးသုတ်ကျွမ်းကျင်
၃။ ကြိမ်ထိုး — (၅)ဦး
ကျွမ်းကျင်
Ph: 09-254179351, 09-259908157

## သွေးသည် အသက်

## ယာဉ်မောင်းအလိုရှိသည်

ကျား (သို့) မ

- လစာ ၂၅၀၀၀၀ိ/-
- အခြေခံပညာအလယ်တန်းအဆင့်
- လိုင်စင်သက်တမ်း(၃)နှစ်နှင့်အထက်
- အသက်(၃၅)နှစ်မှ (၅၅)နှစ်ကြား
- မြို့တွင်း ကျွမ်းကျင်စွာသွားလာတတ်ရမည်။

အမှတ်(၃၆၃)၊ ၄-လွှာ၊ ရွှေဘုံသာ အထက်လမ်း၊
ပန်းဘဲတန်းမြို့နယ်။

ကြော်ငြာပါသည့်နေ့မှစ၍ လိုအပ်သောစာရွက်စာတမ်းနှင့်အတူ အမြန်ဆုံး လာရောက်လျှောက်ထားနိုင်ပါသည်။

## ဝန်ထမ်းအလိုရှိသည်

**ဂျပန်စားသောက်ဆိုင်လုပ်ငန်း အတွေ့အကြုံရှိသူဦးစားပေးမည်။**

| | | | |
|---|---|---|---|
| ၁။ | ဆိုင်မန်နေဂျာ | ကျား/မ | (၁) ဦး |
| ၂။ | စားဖိုမှူး (ဂျပန်/တရုတ်အစားအစာ) | ကျား | (၁) ဦး |
| ၃။ | Waiter (N3 အောင်ပြီး(သို့)ဂျပန်ဆိုင်အတွေ့အကြုံရှိသူ) | မ | (၃) ဦး |
| ၄။ | ယာဉ်မောင်း | ကျား | (၃) ဦး |

အမှတ်စဉ်(၁၊ ၂၊ ၄)အတွက် လုပ်ငန်းအတွေ့အကြုံ(၅)နှစ်အထက်ရှိရမည်။ အသောက်အစားကင်းရှင်းရမည်။ အကျင့်စာရိတ္တကောင်း၍ ရိုးသားကြိုးစားသူဖြစ်ပြီး တိကျစွာလုပ်ကိုင်နိုင်ရမည်။ ရောင်းအားပေါ်မူတည်၍ အကျိုးခံစားခွင့်ရှိသည်။

လျှောက်ထားသူများသည် ကိုယ်ရေးအကျဉ်း(CV)၊ ပတ်စပို့ဓာတ်ပုံ(၂)၊ ပညာအရည်အချင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရဲစခန်းထောက်ခံစာမိတ္တူ၊ အခြားလိုအပ်သည်များကိုပူးတွဲတင်ပြ၍ (၂)ပတ်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်သည်။

**အမှတ်(၂၀၇)၊ (၃၂)လမ်းအပေါ်၊ Trader Hotel အနောက်လမ်း၊**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၅၁၆၄၂၈၇၊ ၀၉-၄၃၁၅၁၈၇၆**
**Heiwa (na)Restaurant**

**"Auto Sanup Co.,Ltd."** is currently searching the qualified and dedicated persons for the following positions:

**(1) Sales Manager and Assistant Manager**

- Must be University graduate
- Needs very good English in written & spoken
- Needs Good computer skill (MS Office)
- Needs Minimum 5 years working experience in Sales (Benefit on Lubricants sales experience)

**(2)Driver**

- Needs minimum (5)years driving experience
- Needs spoken English understanding

Please send CV to Email:**myanauto@gmail.com** not later than November 30, 2014.

You can call to (01-662602/09-49317989) for further information.

ဝန်ထမ်းအလိုရှိသည်

Power Cool Engineering Air-Con Service မှ အောက်ပါ ဝန်ထမ်းများ အလိုရှိသည်။

1. Technician - ၅ဦး
2. Helper - ၁၀ဦး

**Phone: 09-254230513**
**09-421045739**
**09-421051411**

**ယာဉ်မောင်း(၅)ဦး အလိုရှိသည်**

CV Form နှင့်တကွ အမှတ်-၁၀၃၊ ၆လမ်းနှင့် ၃လမ်းထိပ်၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပစက်မှုဇုန်၊ ရန်ကုန်မြို့။
**ဖုန်း ၀၁-၅၆၅၃၂၂**

## Rain Forest Co.,Ltd မှ
## ဝန်ထမ်းအလိုရှိသည်

(၁) Site Engineer — ကျား(၅)ဦး၊ မ(၅) ဦး
- B.E(Civil), B.Tech(Civil), AGTI(Civil) ဘွဲ့ရဖြစ်ရမည်။ လုပ်သက်အနည်းဆုံး (၂)နှစ်ဖြစ်ရမည်။ နယ်ခရီးသွားနိုင်သူဖြစ်ရမည်။

(၂) Stock & Store — ကျား (၅) ဦး
- ဘွဲ့ရပြီးသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ နယ်ခရီးသွားနိုင်သူဖြစ်ရမည်။

(၃) စာရင်းကိုင် — မ (၃) ဦး
- B.Com; LCCI Level III အောင်မြင်ပြီးသူဖြစ်ရမည်။ Computer (Excel), Database နှင့် Accounting Software တစ်ခုခုကို ကျွမ်းကျင်သူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၂)နှစ်ရှိရမည်။

(၄) Cashier — မ (၃) ဦး
- ဘွဲ့ရပြီးသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိရမည်။ ရိုးသားကြိုးစားသူဖြစ်ရမည်။

(၅) စိုက်ပျိုးရေး ပညာရှင် — ကျား (၃) ဦး
- စိုက်ပျိုးရေးနှင့်ပတ်သက်သော လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိရမည်။ ရိုးသားကြိုးစားပြီးလုပ်ငန်းတွင် ရေရှည်လုပ်ကိုင်နိုင်သူဖြစ်ရမည်။

(၆) Estimater(B.Q) — ကျား/မ (၃) ဦး
- B.E(Civil)AGTI(Civil)ဘွဲ့ရဖြစ်ရမည်။ လုပ်သက်အနည်းဆုံး(၁)နှစ်နှင့်အထက်ရှိရမည်။ ဆောက်လုပ်ရေးနှင့်ပတ်သက်သော Estimate များ တွက်ချက်နိုင်သူဖြစ်ရမည်။ Microsoft Excel ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။

(၇) Office Staff — ကျား/မ (၄)ဦး
- (၁၀)တန်းအောင်(သို့)ဘွဲ့ရဖြစ်ရမည်။ Computer (DTP)စာစီစာရိုက်ကျွမ်းကျင်သူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိရမည်။

(၈) လုံခြုံရေး — ကျား (၃) ဦး
- အသက်(၃၀)မှ (၅၀)နှစ်အတွင်း ကျန်းမာသန်စွမ်းသူ၊ အသောက်အစားကင်းရှင်းသူဖြစ်ရမည်။ ရိုးသားကြိုးစားသူဖြစ်ရမည်။

(၉) Driver — ကျား (၃) ဦး
ယာဉ်မျိုးစုံ မောင်းနှင်နိုင်သူဖြစ်ရမည်။ အသောက်အစား ကင်းရှင်းသူဖြစ်ရမည်။ လိုအပ်ပါက နယ်ခရီးသွားနိုင်ရမည်။

အထက်ပါရာထူးများအတွက် လျှောက်ထားလိုသူများသည် အလုပ်သမားထောက်ခံစာမိတ္တူ၊ ရဲစခန်းထောက်ခံစာမိတ္တူ၊ CV Form,ဓာတ်ပုံ(၂)ပုံတို့နှင့်အတူ အောက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ်(S-1)၊ ပန်းလှိုင်အဆင့်မြင့်အိမ်ရာ၊ ပန်းလှိုင်လမ်း၊ ဟုမ်းလမ်းရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

**Ph: 01-519140, 01-2304558**

UMG Myanmar Co., Ltd.

UMG

Mechanic Career Development Program M/F (20) Posts

UMG Myanmar Co., Ltd.

UMG

Sales Executive Trainees M/F (20) Posts

**Xenon Company Limited** ဝန်ထမ်းအလိုရှိသည်။

1. Creative Designer
2. Accountant
3. Event Organizer
4. Office Staff
5. HR Staff
6. D.T.P
7. Marketing Executive
8. Office Staff
9. Office Staff
10.
11.
12. Designer
13. Ware House Staff
14. Quality Control (Offset)
15. Quality Control (Inkjet)
16. Vinyl
17. Welding

## ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
## မဟာစည်သာသနာ့ရိပ်သာ

**အမှတ်(၁၆)သာသနာ့ရိပ်သာလမ်း၊**
**ဗဟန်း(ဟာမစ်တစ်) ရန်ကုန်မြို့။**
**ဖုန်း-၅၄၁၉၇၁၊ ၅၄၅၄၆၉၊ ၀၉-၄၂၀၀၄၅၇၄၇**

**ဝန်ထမ်းတစ်ဦးအလိုရှိသည်**

**ကွန်ပျူတာဌာနတွင် တာဝန်ထမ်းဆောင်ရန်-**

(၁) အင်္ဂလိပ်/မြန်မာ နှစ်ဘာသာကို ကျွမ်းကျွမ်းကျင်ကျင်ရိုက်နိုင်ရမည်။

(၂) အခြေခံပညာအထက်တန်းအထိ သင်ကြားဖူးသူ ဖြစ်ရမည်။

(၃) လျှောက်လွှာများကို မဟာစည်သာသနာ့ရိပ်သာပင်မဝင်ပေါက်ရှိ လုံခြုံရေးအဖွဲ့ထံတွင် ရယူနိုင်ပါသည်။

(၄) လျှောက်လွှာနှင့်အတူ CVA(ကိုယ်ရေးရာဇဝင်) အခြေခံပညာအထက်တန်းတက်ရောက်သည့်လက်မှတ်/ကွန်ပျူတာ သင်တန်းဆင်းလက်မှတ်/အမျိုးသားမှတ်ပုံတင်မိတ္တူများ ပူးတွဲတင်ပြရမည်။

(၅) လျှောက်လွှာများကို ဖော်ပြပါလိပ်စာအတိုင်း ၁၀-၁၂-၂၀၁၄ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း နောက်ဆုံးထားပေးပို့ရမည်။

---

## Royal Golden Power Construction Co.,Ltd.

**165 လမ်း၊ အမှတ် (47)၊ တာမွေကြီး(ခ)ရပ်ကွက်၊ ရန်ကုန်မြို့**
**01-543118, 09-420075189, 09-5360644, 09-73241680**

**(1) Senior Accountant** (M/F) (3) Posts
B.Com,CAP,LCCI Level(III)

**(2) Accountant** (M/F) (4) Posts
B.Com,LCCI Level(III) (or)Any Graduate

**(3) Site Engineer** (M/F) (3) Posts
M.E(Civil),B.E(Civil) အောင်မြင်ပြီး Computer ,Auto Cad,3D နှင့် အင်္ဂလိပ်စာပြောဆိုနိုင်ရမည်။

**(4) Assistant Engineer** (M/F) (3) Posts
B.E(Civil),B.Tech(Civil)

**(5) Estimater** (M/F) (2) Posts
B.E(Civil),B.Tech(Civil) အောင်မြင်ပြီး Computer,Auto Cad, 2D, 3D ကျွမ်းကျင်စွာရေးဆွဲနိုင်သူ၊ Animation ဆွဲနိုင်သူ ဦးစားပေးမည်။

**(6) Machine Operator For Railways Machinery** (M) (6) Posts
AGTI, B.Tech (Mechanical of Mechatonic)Company မှအနည်းဆုံး(၈)လ သင်တန်းပေးမည်
(ရထားလမ်းပြုပြင်ထိန်းသိမ်းသည့် စက်ယန္တရားများ မောင်းနှင်ရန်)

(7) Mechanical Engineer For railways machinery (M/F) (2)Posts
B.Tech,B.E,M.E(Mechatronic, Mechanical) လုပ်ငန်းခန့်အပ်ခြင်းခံရသူသည် နည်းပညာလွှဲပြောင်းမှုဆိုင်ရာသင်တန်း အနည်းဆုံး (၈)လကုမ္ပဏီတွင် သင်တန်းပို့ချမည်။ လုပ်ငန်းအတွေ့အကြုံရှိလျှင် ပူးတွဲတင်ပြရန်

(8) Driver (M) (3) Posts
အနည်းဆုံး(၁၀)တန်းအောင်မြင်ပြီး/အင်္ဂလိပ်စကား အသင့်အတင့်ပြောနိုင်သူဖြစ်ပြီး အသောက်အစားကင်းရှင်းသူ ရန်ကုန်မြို့တွင်းနှင့် နယ်ဝေးအားကျွမ်းကျင်စွာမောင်းနိုင်သူ မှတ်ချက်။ ။ စဉ်(၁၊၃)အတွက် အသက်(၃၅)နှစ်အထက်နှင့်သက်ဆိုင်ရာလုပ်ငန်း အတွေ့အကြုံ(၅)နှစ်၊ ကွန်ပျူတာကျွမ်းကျင်ရမည်။
စဉ်(၂၊၄၊၅)အတွက် အသက်(၂၅)နှစ်အထက်နှင့် သက်ဆိုင်ရာလုပ်ငန်း အတွေ့အကြုံ(၃)နှစ်

အမှတ်စဉ်အားလုံးအတွက် လိုအပ်သော အထောက်အထားပြည့်စုံစွာဖြင့် ၃၀-၁၁-၂၀၁၄ ရက်နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။ လုပ်ငန်းအားလုံးအတွက် လိုအပ်ပါက နယ်သို့သွားလာနိုင်ရမည်။ (မျှော်မှန်းလစာ ဖော်ပြရန်)

---

## ကောင်းစွမ်းထက် ကုမ္ပဏီလီမိတက်

**အရောင်းမန်နေဂျာ** (၁ ဦး)

၁။ Distribution and Marketing အတွေ့အကြုံ(၅)နှစ်နှင့်အထက်ရှိရမည်။
၂။ ဈေးကွက်ကို ချဲ့ထွင်နိုင်သူဖြစ်၍ အခက်အခဲများကို ဦးဆောင်ဖြေရှင်းနိုင်သူဖြစ်ရမည်။
၃။ Leadership skill နှင့် စီမံခန့်ခွဲနိုင်သော အရည်အချင်းရှိရမည်။
၄။ ဈေးကွက်ကို စိတ်ပါဝင်စား၍ စိတ်အားထက်သန်သူဖြစ်ရမည်။
၅။ အစိုးရအသိအမှတ်ပြုဘွဲ့တစ်ခုနှင့် Marketing Diploma တစ်ခုရရှိထားသူဖြစ်ရမည်။
၆။ Microsoft Office ကျွမ်းကျင်သူဖြစ်ရမည်။
၇။ အသက်(၃၀)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
၈။ အကျင့်စာရိတ္တကောင်းမွန်ရမည်။

စိတ်ဝင်စားသူသည် Business Proposal ဖြင့် ပူးတွဲ၍လာရောက်လျှောက်ထားနိုင်သည်။

**အရောင်းဝန်ထမ်း** (ကျား/မ) (၅)ဦး

၁။ အရောင်းလုပ်ငန်းတွင်(၂)နှစ်နှင့်အထက် အတွေ့အကြုံရှိသူဖြစ်ရမည်။
၂။ အရောင်းလုပ်ငန်းကို စိတ်ဝင်စားစွာ လုပ်ဆောင်နိုင်သူဖြစ်ရမည်။
၃။ အကျင့်စာရိတ္တကောင်းမွန်၍ အသောက်အစားကင်းရှင်းသူဖြစ်ရမည်။
၄။ အသက် (၂၅)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
၅။ အစိုးရအသိအမှတ်ပြုဘွဲ့တစ်ခုရရှိထားပြီး ကွန်ပျူတာအခြေခံ ကျွမ်းကျင်သူ ဖြစ်ရမည်။
၆။ နယ်ခရီးသွားနိုင်သူဖြစ်ရမည်။
၇။ တာယာလုပ်ငန်းတွင် အတွေ့အကြုံရှိသူအား ဦးစားပေးမည်။
၈။ ယာဉ်မောင်း(ဂ)လိုင်စင်နှင့်အထက်ရှိ၍ ရန်ကုန်မြို့တွင် ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူအား ဦးစားပေးမည်။

အခြေခံလစာအပြင် ကော်မရှင်စနစ်ဖြင့် မိမိအရည်အချင်းနှင့် ကြိုးစားမှုအပေါ် ထိုက်တန်စွာ ခံစားခွင့်ရှိသည်။

စိတ်ဝင်စားသူများ CV Form နှင့်အတူ နှစ်ပတ်အတွင်း အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ် J(21-25)၊ သီရိရတနာလက်လီလက်ကားဈေး၊ (၄)တိုးချဲ့ရပ်ကွက် (အောင်မင်္ဂလာကားကွင်းအနီး)၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**ဆက်သွယ်ရန်ဖုန်း-၀၉၂၅၄၂၆၂၂၆၆၊ ၀၉၇၃၀၆၇၆၈၅**

---

## Labour Contractor (ပုတ်ပြတ်)အဖွဲ့အလိုရှိသည်

**ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင်တည်ဆောက်ရန် အောက်ဖော်ပြပါအတိုင်း**
**ပေ(၅၆ × ၁၉၀ × ၁၁၀) ရှစ်ထပ်ခွဲအထပ်မြင့် အဆောက်အအုံ RC(၁)လုံး**

လုပ်ငန်းအတွက် စိတ်ပါဝင်စားသည့် လုပ်ငန်းပုတ်ပြတ် ဆောင်ရွက်နိုင်မည့် Labour Contractor အဖွဲ့များသည် အောက်ဖော်ပြပါ အချက်အလက်များနှင့်အတူ ၅-၁၂-၂၀၁၄ ရက် နောက်ဆုံးထား၍ ဖော်ပြပါလိပ်စာအတိုင်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

၁။ Labour Contractor ၏ Profile နှင့်လုပ်ငန်းအတွေ့အကြုံများ၊ ဆောက်လုပ်ခဲ့သည့် အဆောက်အအုံ ဒီဇိုင်းပုံစံများရှိပါက ပူးတွဲတင်ပြရန်။

၂။ ပါဝင်မည့်လုပ်ငန်းစဉ်များနှင့် အဆိုပြုဈေးနှုန်းများ၊ အချိန်ကာလ၊ ငွေပေးချေမှုအစီအစဉ်များနှင့်အတူ အသေးစိတ်တင်ပြရန်။

**ဆက်သွယ်ရန် - အင်းပေါက်ဝကုမ္ပဏီလီမိတက်၊ အမှတ်(၂၆)၊ ၄၃-လမ်း၊ ဗိုလ်တထောင်မြို့နယ်။**
**ဖုန်း-၂၀၂၅၄၀၊ ၂၉၈၉၄၃**

---

## သွေးသည်အသက်

---

**UMG Myanmar Co., Ltd**

UMG

Email Website

| | |
|---|---|
| 1. Marketing Manager (1) Post | 10. Business Management Manager (1) Post |
| 2. National Sales Manager (1) Post | 11. Procurement Staff F (1) Post |
| 3. Cashier F (2) Posts | 12. Technical Trainer (3) Posts |
| 4. Sales&Marketing Supervisor M(3)Posts | 13. Accountant F (3) Posts |
| 5. HR Staff M/F (2) Posts | 14. Finance F (2) Posts |
| 6. Behavior Trainer (1) Post | 15. Sales Manager M/F (2) Posts |
| 7. Sales Supervisor M (2) Posts | 16. Marketing Intelligent M (1) Post |
| 8. Admin Staff F (5) Posts | 17. Technical Trainer (3) Posts |
| 9. Sr. Agriculturist (1) Post | 18. Jr. Agriculturist (2) Posts |

Position

---

Excellence Medicare & Pharmaceutical Co.,Ltd

1. Sales Representative

Salary + Commission + Incentive + Transport + Uniform

2. Beauty Consultant

Salary + Commission + Incentive + Transport + Uniform

3. Accountant

LCCI Level II,III Computer

4. Office Staff

Microsoft Office , email, internet

5. Driver

---

ဝန်ထမ်းအလိုရှိသည်

AUTHENTIC GROUP OF COMPANIES

**A1 Group Of Companies**

[illegible]

- [illegible]

## ဝန်ထမ်းအလိုရှိသည်

(၁) ရုံးဝန်ထမ်း — မ (၅) ဦး
တက္ကသိုလ်တစ်ခုခုမှဘွဲ့ရဖြစ်ရမည်။ အသက်(၂၅)နှစ်ထက် မကျော်လွန်ရ
ဘုရင့်နောင်နှင့်နီးသူ ဦးစားပေးမည်။

(၂) စက်မောင်း — ကျား (၁၀) ဦး
စပါးရိတ်သိမ်းခြွေလှေ့စက်အား ကျွမ်းကျင်စွာမောင်းတက်ရမည်။

(၃) စက်မောင်းအကူ — ကျား (၁၀) ဦး
ရိုးသားကြိုးစား၍ လုပ်ငန်းအား စိတ်ပါဝင်စားသူ ဖြစ်ရမည်။

ဆက်သွယ်ရန် - အေးမာယစက်မှုဝန်ဆောင်မှုကုမ္ပဏီ
အမှတ်(၃)၊ စံပယ်လမ်း၊ သီရိမွန်ပလာဇာ၊
ဘုရင့်နောင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁-၆၈၁၁၃၁၊ ၀၁-၆၈၆၆၆၆

[illegible] (ABC) [illegible]

- [illegible]
- Auto Gear နှင့် 4 x 4 [illegible]

[illegible]

## MTSH Myanmar Thilawa SEZ Holdings Public Limited

11th Floor, UMFCCI Office Tower, No. 29, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar. Tel: +95-1-2301772, 2301773

[illegible] **Myanmar Thilawa SEZ Holdings Public Limited** [illegible] **Candidates** [illegible]

1. **Administrative Manager** — ကျား/မ (၁) ဦး
   - [illegible]
   - Master (or) Diploma in Management [illegible]
   - [illegible]
2. **Human Resources Manager** — ကျား/မ (၁) ဦး
   - [illegible]
   - Master (or) Diploma in HR Management [illegible]
   - [illegible]
3. **Human Resources Exectuive** — ကျား/မ (၁) ဦး
   - [illegible]
   - Any Diploma in HR Management [illegible]
   - [illegible]
4. **Sales & Marketing Executive** — ကျား/မ [illegible] ဦး
   - [illegible]
   - Computer [illegible] Presentation [illegible]
   - Sales & Marketing [illegible] Real Estate [illegible]
5. **Sales & Marketing Assistant** — ကျား/မ (၂) ဦး
   - [illegible]
   - Computer [illegible] Presentation [illegible]
   - Sales & Marketing [illegible]
6. **Cashier** — ကျား/မ (၂) ဦး
   - [illegible]
7. **Project Engineer/ Site Engineer** — ကျား [illegible] ဦး
   - [illegible]
   - Analytical Skills, Design Skills, Project Management, Process Improvement, Technical Understanding, Documentation Skills and Safety Management [illegible]
   - [illegible] (AutoCAD, MS Office) [illegible]
   - [illegible] Site Engineer [illegible]
8. **Construction Manager** — ကျား (၂) ဦး
   - [illegible]
   - Technical Drawings/ Specifications [illegible]
   - [illegible]
9. **Site Supervisor** — ကျား [illegible] ဦး
   - [illegible]
   - Technical Drawings/ Specifications [illegible]
   - [illegible]
10. **Quality Surveyor** — ကျား [illegible] ဦး
    - [illegible] QS [illegible]
    - Technical Drawings/ Specifications [illegible]
11. **AutoCAD Designer** — ကျား [illegible] ဦး
    - [illegible] AutoCAD Certificate [illegible]
    - AutoCAD Drafting and Design [illegible] Project Specifications and Drafting Standards [illegible]
12. **Site Storekeeper** — ကျား (၂) ဦး
    - [illegible]
13. **Site Checker** — ကျား [illegible] ဦး
    - [illegible]
14. **Cost Controller** — ကျား/မ [illegible] ဦး
    - [illegible]
15. **Driver** — ကျား (၂) ဦး
    - [illegible]

[illegible]

**E-mail** [illegible] **hrd.mtsh@gmail.com** [illegible]

# မန္တလေးစက်မှုလက်မှုသိပ္ပံ
# ကျောင်းသူ/ကျောင်းသားဟောင်းများအသင်း၏
# အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲဖိတ်ကြားလွှာ

ကျေးဇူးရှင် ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ရန်နှင့် အနေဝေးနေကြသော သူငယ်ချင်းများ ပြန်လည်ဆုံစည်းနိုင်ရန်ရည်ရွယ်၍ မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ မိတ်ဆုံစားပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဤဖိတ်ကြားလွှာ တွေ့ရှိသော ကျောင်းသူ၊ ကျောင်းသားဟောင်းများ နီးစပ်ရာသူငယ်ချင်းများကိုအပါခေါ်၍ မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့ကြပါရန် လေးမြတ်သောစေတနာဖြင့် ဖိတ်ကြားအပ်ပါသည်။

မြတ်ဆရာပူဇော်ပွဲ အလှူငွေထည့်ဝင်လိုသူများအတွက် ငွေစာရင်းအမှတ်-SW-၀၆၀၈၆၂ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၁) မန္တလေးမြို့သို့ ပေးပို့လှူဒါန်းနိုင်ရန် နှိုးဆော်အပ်ပါသည်။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့(ရုံးဖုန်း-၀၂-၆၁၈၄၈)**

| အာစရိယပူဇော်ပွဲ | | မိတ်ဆုံစားပွဲ |
|---|---|---|
| ၃၀-၁၁-၂၀၁၄(တနင်္ဂနွေနေ့) | ≺ နေ့ရက် ≻ | ၃၀-၁၁-၂၀၁၄(တနင်္ဂနွေနေ့) |
| နံနက် ၈း၀၀ နာရီမှ ၁၂း၀၀ နာရီထိ | ≺ အချိန် ≻ | ညနေ ၅း၃၀ နာရီ |
| မဟာဝိဇ္ဇာတာရုံကျောင်းတိုက် ၆၈ လမ်း၊ ၃၀ × ၃၂ လမ်းကြား မန္တလေးမြို့။ | ≺ နေရာ ≻ | ကုက္ကိုလ်ကျွန်းစားသောက်ဆိုင် မန္တလေးကန်တော်ကြီး |

THE RTH LAKE
Chin Traditional Costumes & Food
The First Place for Chin Traditional Restaurant & Chin Fabrics Shop in Yangon

# (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာဆုတောင်း

၂၅-၁၁-၂၀၁၄ ရက်တွင် ကျရောက်သော ချစ်ဖေဖေ **ဦးဘိုဘို**နှင့် ချစ်မေမေ **ဒေါ်ယဉ်ယဉ်ကြည်**(စီးပွားရေးပါမောက္ခ-ငြိမ်း၊ MUDE)တို့၏ (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာနေ့မှသည် နောင်လာမည့် နှစ်ပေါင်းများစွာ သမီးတို့နှင့်အတူ လက်တွဲ၍ ပျော်ရွှင်ကျန်းမာသော ဘဝခရီးကို ဖြတ်သန်းနိုင်ပါစေ။

**သမီးကြီး-မေသော်တာဘို**
**Secretary to Ambassador, Royal Embassy of Cambodia**
**သမီးငယ်-ချစ်စန္ဒီဘို (First Year IR, Dagon University)**

**ပျောက်ဆုံးခြင်း**

ကျွန်တော် ဦးကျော်သူရ၊၉/မထလ(နိုင်)၁၇၅၇၇၇၂၏ နိုင်ငံကူးလက်မှတ်နံပါတ်မမှတ်မိသည် မရမ်းကုန်းမြို့နယ်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရန် အသိပေးအပ်ပါသည်။

**ဦးကျော်သူရ ဖုန်း-၀၉-၅၄၀၀၄၇၄**

"Don't Worry, Just Speak!"
NELC
Nalanda English Language Centre
→ General English...
Intro, Level-1, Level-2, Level-3
Grammar(Basic), Listening & Speaking
→ IELTS (Foundation & Preparation)
Pre-School

ဦးဝင်းကို
LCCI LEVEL 1&2,3
စာရင်းကိုင်သင်တန်းများ
Tel: 09 550 7130, 09 511 8648

မြေတွတ်ဝယ်လိုသည်
09 250644566
09 255781353
09 254046497

538736, 527656
Ocean (North Point)
Junction - 8
Junction - Square
Junction - Maw Tin
City Mart
ရွှေပလ္လင်
TEA. COFFEE. NOODLES.
"ရွှေကော်ပီ"